# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# (၁၃) ရက်မြောက်နေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာအုပ်စုတွင် နယ်မြေရဲကင်း စခန်းငယ်တစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများကို မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီက စစ်ဆေးထားသည့် ၁၉၈၈ ခုနှစ်မတိုင်မီ သိမ်းဆည်းခံရသည့်မြေမှုများမှာ သက်ဆိုင်ရာ ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် သိမ်းဆည်းမြေစစ်ကော်မတီတို့မှစစ်ဆေးပြီး မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန် တိုင်းအဆင့် သိမ်းဆည်းခံမြေပြန်စစ် ကော်မတီသို့ ရောက်ရှိနေသည့်အမှုများနှင့်ပတ်သက်၍ မည်သို့ဆက်လက် ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၇ | ပုဏ္ဏားကျွန်းမြို့နယ် မြို့နယ်ရှိ မြို့သူမြို့သားများပိုင်ဖြစ်ခဲ့သော ဦးရာဇ်မင်္ဂလာပန်းခြံနှင့် ကလေး ကစားကွင်းဟောင်းနေရာတွင် မြို့နယ်ထွေ/အုပ်မှ မြေနေရာငှားထားသောနေရာတို့ကို ချန်လှပ်၍ ကျန်မြေနေရာလွတ်များကို ဦးရာဇ်မင်္ဂလာကလေးကစားကွင်းအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ၂၀၁၃ မှ ၂၀၁၈ အတွင်း အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့်ဖြစ်စေ၊ ငွေကြေးလုပ်ငန်းလိုင်စင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင်ငွေစတော့ရှယ်ယာများ ရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးများ လွှဲပြောင်းခြင်းစသည့် စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍ တိုင်ကြားလာသည့် အမှုပေါင်းမည်မျှရှိပါ သနည်း၊ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူထားသည့်အမှုပေါင်း မည်မျှ | ၁၃ |

| | | |
|---|---|---|
| | ရှိပါသနည်းနှင့် ငွေကြေး ဆိုင်ရာလိမ်လည်မှုများ လျော့နည်းပပျောက်အောင် မည်ကဲ့သို့ ကြိုတင်ကာကွယ်ပြင်ဆင်မှုများ လုပ်ဆောင်နေသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၉ | တန့်ယန်းမြို့၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ရဲဝန်ထမ်းအိမ်ရာ (၅)လုံးအား ပယ်ဖျက်ပြီး RC ကွန်ကရစ်ဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု ရဲတပ်ရင်းအတွက် သိမ်းယူထားသောမြေပေါ်တွင် ကြက်ခြံအတွက် မြေငှားရမ်းခြင်း၊ ကားပျက်များလေလံဆွဲပြီးစုပုံခြင်း၊ ဖြတ်တောက်ခြင်းအတွက် အသုံးပြုနေခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် တိုင်ကြားထားသည်ကို မည်သို့ဖြေရှင်းဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၁၁ | နမ္မတူမြို့နယ်တွင် ချာနန်းရှား၊ စီဘရ်ဂျလားလ်၊ ဂီယန်ဆင်၊ ချူကာကွေး(ဦးပိုင်အမှတ် ၆၄/၁၁၆)၊ ချူကာကွေး(ဦးပိုင်အမှတ် ၆၁)၊ အဖော်၊ ချူကာကွေး(ဦးပိုင်အမှတ် ၉၃)၊ ရှီကမ်ဒါမီးရား၊ ချင်ပတ်စူး စသည့်အမည်ပေါက် အဆောက်အအုံများကို မည်သည့်ခုနှစ်တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၂ | ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း | ၂၃ |
| ၁၃ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း | ၄၁ |
| ၁၄ | ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း | ၄၁ |
| ၁၅ | ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၂ |
| ၁၆ | ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း | ၅၃ |

၁၇ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ၅၄

၁၈ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေ ပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ညီညွတ်မျှတပြီး တည် ငြိမ် အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက် မီးလင်းရေး မူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ခြင်း ၆၃

၁၉ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် ၉၈

၂၀ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၁၀၅

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

# (၁၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၂–၁၂–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **ထီးချိုင့်မြို့နယ်၊ ကြက်တကောင် ကျေးရွာအုပ်စုတွင် နယ်မြေရဲကင်းစခန်းငယ်တစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၏ **သိမ်းဆည်းခံ လယ်ယာမြေနှင့် အခြားမြေများကို မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက စစ်ဆေးထားသည့် ၁၉၈၈ ခုနှစ် မတိုင်မီ သိမ်းဆည်းခံရသည့် မြေမှုများမှာ သက်ဆိုင်ရာ ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် သိမ်းဆည်းမြေစိစစ် ကော်မတီတို့မှ စစ်ဆေးပြီး မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန်**

**တိုင်းအဆင့် သိမ်းဆည်းခံမြေပြန်စစ် ကော်မတီသို့ ရောက်ရှိနေသည့် အမှုများနှင့် ပတ်သက်၍ မည်သို့ ဆက်လက်လုပ်ဆောင်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်းမြို့နယ် မြို့လယ်ရှိ မြို့သူမြို့သားများပိုင် ဖြစ်ခဲ့သော "ဦးရာဇ်မင်္ဂလာပန်းခြံနှင့် ကလေးကစားကွင်း" ဟောင်း နေရာတွင် မြို့နယ်ထွေ/အုပ်မှ မြေနေရာ ငှားထားသော နေရာတို့ကို ချန်လှပ်၍ ကျန်မြေနေရာလွတ်များကို "ဦးရာဇ်မင်္ဂလာ ကလေးကစားကွင်း" အဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၏ **၂၀၁၃ မှ ၂၀၁၈ အတွင်း အင်တာနက် အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့်ဖြစ်စေ၊ ငွေကြေးလုပ်ငန်း လိုင်စင်မှတ်ပုံတင်ထားခြင်း မရှိဘဲ ငွေကြေးရင်းနှီး မြှုပ်နှံမှုများ ခေါ်ယူခြင်း၊ တရားမဝင်ငွေ စတော့ရှယ်ယာများ ရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးများ လွှဲပြောင်းခြင်းစသည့် စီးပွားရေး ဆိုင်ရာ ငွေကြေးလိမ်လည်မှုများနှင့် ပတ်သက်၍ တိုင်ကြားလာသည့် အမှုပေါင်း မည်မျှရှိသနည်း၊ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ထားသည့် အမှုပေါင်း မည်မျှရှိပါသနည်းနှင့် ငွေကြေးဆိုင်ရာ လိမ်လည်မှုများ လျော့နည်းပပျောက်အောင် မည်ကဲ့သို့ ကြိုတင် ကာကွယ် ပြင်ဆင်မှုများ လုပ်ဆောင်နေသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့ မြို့နယ် ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ရဲဝန်ထမ်းအိမ်ရာ(၅)လုံးအား ပယ်ဖျက်ပြီး RC ကွန်ကရစ်ဖြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု ရဲတပ်ရင်းအတွက် သိမ်းယူထားသော မြေပေါ်တွင် ကြက်ခြံအတွက် မြေငှားရမ်းခြင်း၊ ကားပျက်များလေလံဆွဲပြီး စုပုံခြင်း၊ ဖြတ်တောက်ခြင်းအတွက် အသုံးပြုနေခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် တိုင်ကြားထားသည်ကို မည်သို့ဖြေရှင်း ဆောင်ရွက်ထားကြောင်း သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **နမ္မတူမြို့နယ်တွင် ချာနန်းရှား၊ စီဘရ်ဂျလားလ်၊ ဂီယန်ဆင်၊ ချူကာကွေး (ဦးပိုင်အမှတ် ၆၄/၁၁၆)၊ ချူကာကွေး(ဦးပိုင်အမှတ် ၆၁)၊ အဖော်၊ ချူကာကွေး(ဦးပိုင်အမှတ် ၉၃)၊ ရှီကမ်ဒါမီးရား၊ ချင်ပတ်စူး စသည့်အမည်ပေါက် အဆောက်အအုံများကို မည်သည့်ခုနှစ်တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ခ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဂ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(င) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရာ၌ ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက် (NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေး လုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေး မူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း—

(က) ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၊

(ခ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ဂ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၊

(ဃ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(င) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၊

(စ) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(ဆ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၊

(ဇ) ဦးခင်အေး၊ နတ်တလင်း မဲဆန္ဒနယ်၊

(ဈ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ည) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ဋ) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဌ) ဦးကျော်မျိုးမင်း၊ မိုးညို မဲဆန္ဒနယ်၊

(ဍ) ဦးအေးဝင်း၊ အင်္ဂပူ မဲဆန္ဒနယ်၊

(ဎ) ဦးအောင်စိုး၊ ယင်းမာပင် မဲဆန္ဒနယ်၊

(ဏ) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

(တ) ဗိုလ်မှူးစောကျော်အောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ထ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၊

(ဒ) ဦးနေမျိုးထက်၊ ကျောက်တံတား မဲဆန္ဒနယ်၊

၁၃။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၁ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၆၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မှုကြမ်း**

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊
(၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၃) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၁ ရက်၊
(၄) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊
(၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၁ ရက်၊
(၆) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊
(၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၉) ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် ခွင့် ၁ ရက်၊
(၁၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊
(၁၁) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁ ရက်နှင့်
(၁၂) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာအုပ်စုတွင် နယ်မြေရဲကင်းစခန်းငယ်တစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ထီးချိုင့်မဲဆန္ဒနယ်က ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာက စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုမြို့နယ်၊ ကြက်တကောင်ကျေးရွာအုပ်စုမှာ နယ်မြေရဲကင်းတစ်ခုတိုးချဲ့ဖွင့်လှစ်ပေးရေးနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုမြို့နယ်အတွင်းရှိ ကြက်တကောင်ကျေးရွာအုပ်စုရဲ့နယ်မြေရဲကင်းတစ်ခုလိုအပ်ချက်ကို အပိုင်းနှစ်ပိုင်းခွဲပြီးတင်ပြသွားမှာဖြစ်ပါတယ်။ ပထမပိုင်းကတော့ နယ်မြေရဲ့ပညာရေးနှင့် ကျန်းမာရေးလိုအပ်ချက်အရဖြစ်ပြီး၊ ဒုတိယပိုင်းကတော့ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလိုအပ်ချက်တို့ ဖြစ်ပါတယ်။ ပထမပိုင်းကို တင်ပြရရင် ကြက်တကောင်ကျေးရွာအုပ်စုမှာ ပြုစုကုသမှုအောင်မြင်နေတဲ့ တိုက်နယ်ဆေးရုံနှင့် အနီးအနား

ကျေးရွာအုပ်စုများက အားထားရတဲ့ အခြေခံပညာအထက်တန်းကျောင်းတို့ တည်ရှိနေပြီဖြစ်ပါတယ်။ အ.ထ.က ရှိပေမဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို ကုန်းလမ်းအရ ၁၃ မိုင်ကျော်ဝေးတဲ့ ကမ်းနီစာစစ်ဌာနကို စာမေးပွဲအစအဆုံး ညအိမ်ညနေမိဘများနှင့် ဆရာပါမကျန် လိုက်ပါသွားရောက်ဖြေဆိုကြရပါတယ်။ စာစစ်ဌာနဆိုတာ ရဲကင်းလုံခြုံရေးရှိမှသာ ဖွင့်လှစ်နိုင်လို့ အကယ်၍သာ ရဲကင်းဖွင့်လှစ်နိုင်ပါက မေးခွန်းအဖြေလွှာလုံခြုံလို့ ဖြေဆိုသူကျောင်းသူကျောင်းသားပေါင်း ၁၉၀ ခန့်နှင့် မိဘများဟာ မိမိ ကျေးရွာမှာ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။ ဒုတိယပိုင်းဖြစ်တဲ့ နယ်မြေလုံခြုံရေး နှင့် တရားဥပဒေစိုးမိုးရေးဟာ အလွန်အရေးပါပါတယ်။ ကြက်တကောင်ကျေးရွာအုပ်စုဟာ ထီးချိုင့် မြို့နယ်နှင့် ကသာမြို့နယ်တို့ရဲ့ မြို့နယ်ချင်းအဆက်မှာ တည်ရှိနေပါတယ်။ ဒီအခါ တရားမဝင်ကျွဲ၊ နွား မှောင်ခိုသွားရာလမ်းကြောင်း၊ မူးယစ်ဆေးဝါးနှင့် တရားမဝင်တဲ့လုပ်ငန်းတွေ အများအပြားလုပ်ကိုင် ခဲ့တဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ကျောင်းသားမိဘတစ်ဦးဟာ ကျောင်းအနီးက ရာမစိတ်ကြွဆေးရောင်း တဲ့အိမ်ကိုသွားပြီး ငါ့သားလေးများ လာရင်ပြောပါအေ ဆိုတာကို ကိုယ့်သားသမီးကိုယ်ထိန်းကြ။ ကျုပ်တို့ကတော့ လာဝယ်ရင်ရောင်းမှာပဲလို့ ပြန်ပြောပြတဲ့အခါ စာသင်ကျောင်းအနီး မိဘများဟာ ရတက်မအေးဖြစ်နေကြရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်ချက်ကို ပိုမိုရှင်းလင်းမြင်သာစေရန် Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ကြက်တကောင်ကျေးရွာအထက်တန်းကျောင်းဖြစ်ပါတယ်။ ဒါ ကတော့ ကြက်တကောင်တိုက်နယ်ဆေးရုံဖြစ်ပါတယ်။ ဒါ ကြက်တကောင်ကျေးရွာနှင့် အင်းဒေါင်း ကျေးရွာဆက်ထားတဲ့ ကွန်ကရစ်တံတား ဖြစ်ပါတယ်။ ကျေးရွာလူထုနဲ့ အကုန်လုံးဝိုင်းဝန်းပြီး တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ဒါ နောက်ဆုံးဆောက်လက်စ ကွန်ကရစ်လောင်းပြီးတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒီတံတားဟာ တစ်မိုင်ကျော်ရှည်လျားပြီး ကိုယ်ထူကိုယ်ထဆောက်လက်စ ကွန်ကရစ် တံတားဖြစ်ပါတယ်။ ထူးခြားတာကတော့ တိုက်နယ်ဆေးရုံတစ်ခုလုံးရယ်၊ အ.ထ.က ပင်မ ကျောင်းဆောင်နှင့် လက်ရှိဆောက်လက်စကွန်ကရစ်တံတားတို့ဟာ ကြက်တကောင်ကျေးရွာ ဆရာတော် ဦးဇာဂရက် ကိုယ်တိုင်မတည်ဦးစီးဆောက်လုပ်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်။ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဖြည့်စွက်လှူဒါန်းဖို့လည်း ဆက်လက်ပြီးတင်ပြထားတာ ဖြစ်ပါတယ်။ ဒါကတော့ ထီးချိုင့်မြို့နယ်အုပ်ချုပ်ရေးပြမြေပုံဖြစ်ပါတယ်။ အဆိုပါကြက်တကောင်ကျေးရွာအုပ်စုဟာ ကမ်းနီနယ်မြေရဲစခန်းအပိုင် ဖြစ်ပါတယ်။ ကမ်းနီရွာကနေ ဧရာဝတီမြစ်အတိုင်း ဆန်တက်ရင် တစ်နာရီ ခွဲခန့် စက်လှေနဲ့သွားရတာ ဖြစ်ပါတယ်။ အနီရောင်နဲ့ပြထားတာဖြစ်ပါတယ်။ ကုန်းလမ်းကနေ ဆိုင်ကယ်နဲ့သွားရင် ပုံမှာအဝါရောင်နှင့်ပြထားပါတယ်။ ကမ်းနီစခန်းကနေ ချိတ်ပင်ကျေးရွာအထိ နှစ်မိုင်၊ ချိတ်ပင်ကျေးရွာကနေ မန္တလေး-ဗန်းမော်ကားလမ်းဆုံအထိ တစ်မိုင်ကျော်၊ အဲဒီ မန္တလေး-ဗန်းမော်ကားလမ်းဆုံနှင့် ချိတ်ပင်ကျေးရွာလမ်းဆုံဟာ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှု အလွန်ထူပြောတဲ့နေရာ ဖြစ်ပါတယ်။ ဒေသအခေါ်အရတော့ လမ်းဆုံကျွန်းတောလို့ ခေါ်ပါတယ်။ အဲဒီ နေရာကနေ အင်ဒေါင်းလမ်းခွဲအထိ မန္တလေး-ဗန်းမော်ကားလမ်းမကြီးအတိုင်း ၈ မိုင်ဝေးပါတယ်။ အဲဒီ လမ်းခွဲမှ အင်းဒေါင်းကျေးရွာအထိ ၂ မိုင်ခွဲသွားပြီးမှ အင်းဒေါင်းကျေးရွာကနေပြီးမှ ကျွန်တော် Power Point မှာပြထားတဲ့အတိုင်း ကွန်ကရစ်တံတားကိုဖြတ်ပြီး ကြက်တကောင်ကျေးရွာအထိ စုစုပေါင်း ၁၃

**မူကြမ်း**

မိုင်ကျော်ခရီး ဖြစ်ပါတယ်။ ထီးချိုင့်စခန်းမှ သွားလို့ရှိရင် အပြာရောင်က ၁၄ မိုင်ဝေးတဲ့ မဲအင်းကျေးရွာအထိ ဆိုင်ကယ်စီးရပြီး ၎င်းကျေးရွာမှတစ်ဆင့် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းမှာရှိတဲ့ ကြက်တကောင်ကျေးရွာကို စက်လှေနဲ့ နာရီဝက်ခန့် ကူးရတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါကျေးရွာအုပ်စုကို တာဝန်ယူကြရတဲ့ ရဲတပ်ဖွဲ့ဝင်များဟာ သွားရေးလာရေးအလွန်ခက်ခဲတဲ့အတွက် အုပ်ချုပ်ရေးလက်တံအားပျော့တဲ့အခါမှာ ပြည်သူများမှာ လုံခြုံမှုမရှိသလိုခံစားကြရတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြခဲ့တဲ့အခက်အခဲတွေကြောင့် ကျေးလက်နေပြည်သူတို့အတွက် အားထားရတဲ့ နယ်မြေရဲကင်းတစ်ခု ဖွင့်လှစ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်ဟာ မြေဧရိယာ ၆၉၇.၄၇ စတုရန်းမိုင်ကျယ်ဝန်းပြီး မြောက်ဘက်မှာ ကသာမြို့နယ်၊ အရှေ့ဘက်မှာ မဘိမ်းမြို့နယ်၊ တောင်ဘက်မှာ သပိတ်ကျင်းမြို့နယ်၊ အနောက်ဘက်မှာ ကောလင်းမြို့နယ်တို့နှင့်ဆက်စပ်လျက်ရှိပါတယ်။ ထီးချိုင့်မြို့နယ်မှာ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကျေးရွာပေါင်း ၁၁၇ ရွာ၊ အိမ်ခြေ ၂၃၇၄၇ ခု၊ အိမ်ထောင်စု ၂၀၆၉၅ စု၊ စုစုပေါင်းလူဦးရေ ၁၂၀၄၀၄ ဦးနေထိုင်လျက်ရှိပါတယ်။ ထီးချိုင့်မြို့နယ်မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ကမ်းနီရဲကင်းစခန်းတို့ရှိပါတယ်။ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှာ အရာရှိသုံးဦး၊ အခြားအဆင့်လေးဦး စုစုပေါင်း ခုနစ်ဦးဖြင့်လည်းကောင်း၊ မြို့မရဲစခန်းမှာ အရာရှိ ၈ ဦး၊ အခြားအဆင့် ၄၆ ဦး စုစုပေါင်း ၅၄ ဦးဖြင့်လည်းကောင်း၊ ကမ်းနီရဲကင်းစခန်းမှာ အရာရှိတစ်ဦး၊ အခြားအဆင့်လေးဦး စုစုပေါင်းငါးဦးဖြင့်လည်းကောင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ ကမ်းနီရဲကင်းစခန်းပိုင် နယ်မြေအတွင်းရှိ ကြက်တကောင်ကျေးရွာအုပ်စုတွင် ကြက်တကောင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့ပါရှိပါတယ်။ ကြက်တကောင်ကျေးရွာအုပ်စုဟာ မြေဧရိယာ ၈.၀၆ စတုရန်းမိုင်ကျယ်ဝန်းပြီး အိမ်ခြေ ၁၁၇၈ ခု၊ အိမ်ထောင်စု ၁၄၄၄ စု၊ လူဦးရေစုစုပေါင်း ၉၁၄၄ ဦးနေထိုင်လျက်ရှိပါတယ်။ ကြက်တကောင်ကျေးရွာဟာ ထီးချိုင့်မြို့မရဲစခန်းမှ ၁၈ မိုင်ခန့်ကွာဝေးပြီး ကတ္တရာလမ်း/ မြေသားလမ်းအတိုင်း ကား/ဆိုင်ကယ်ဖြင့် တစ်နာရီခန့်အတွင်း ကြက်တကောင်ကျေးရွာသို့ သွားလာနိုင်ပြီး မိုးရာသီမှာ ကားဖြင့် အင်ဒေါင်းကျေးရွာလမ်းခွဲမှတစ်ဆင့် ကြက်တကောင်ကျေးရွာသို့ ဆိုင်ကယ်ဖြင့်

**မူကြမ်း**

တစ်နာရီ မိနစ် ၂၀ ခန့်သွားလာနိုင်ပါတယ်။ ထို့အပြင် ကမ်းနီရဲကင်းစခန်းမှ ကုန်းလမ်းခရီးဖြင့် သွားပါက ၈ မိုင်ခန့်ကွာဝေးပြီး ဆိုင်ကယ်ဖြင့် မိနစ် ၃၀ ခန့်၊ ရေလမ်းခရီးဖြင့်သွားလာပါက ၈ မိုင်ခန့် ကွာဝေးပြီး စက်လှေဖြင့်သွားလာပါက ၄၅ မိနစ်ခန့်သွားလာနိုင်ပါတယ်။ ဆက်သွယ်ရေးအနေဖြင့် MPT၊ Telenor မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ပါတယ်။

ကမ်းနီရဲကင်းစခန်းပိုင်နယ်မြေအတွင်း မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်အထိ အမှုကြီး ခုနစ်မှု၊ အခြားအမှု ၉၄ မှု ဖြစ်ပွားခဲ့ပါတယ်။ ကမ်းနီရဲကင်းစခန်းအပိုင် ကြက်တကောင်ကျေးရွာအုပ်စုအတွင်း မှုခင်းဖြစ်ပွားမှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်အထိ အခြားအမှုရှစ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရဲကင်းစခန်း တစ်ခုဖွင့်လှစ်နိုင်ရေးအတွက် နယ်မြေဒေသလိုအပ်ချက်ရှိခြင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးအား အနီးဆုံးရဲစခန်းမှ ဆောင်ရွက်ရာတွင် အလှမ်းကွာဝေးမှုရှိခြင်း၊ မှုခင်းဖြစ်ပွားမှု များပြားခြင်း စတဲ့အခြေအနေများအပေါ်မူတည်ပြီး သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်ရဲ့ ထောက်ခံတင်ပြချက်ဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်တင်ပြပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ရပါတယ်။ သို့ပါ၍ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာ အုပ်စု မှုခင်းဖြစ်ပွားမှုနည်းပါးခြင်း၊ ထီးချိုင့်မြို့မရဲစခန်းမှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်နင်းစွာဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လတ်တလောအခြေအနေအရ ရဲကင်းစခန်းဖွင့်လှစ်ရန် မလိုအပ်သေးပါကြောင်းနှင့် ကြက်တကောင်ကျေးရွာအုပ်စုတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ဆောင်ရွက်ရန် မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ကမ်းနီးရဲစခန်းမှတပ်ဖွဲ့ဝင်များပူးပေါင်း၍ ၁-၉-၂၀၁၈ ရက်နေ့မှစ၍ တစ်ပတ်လျှင်တစ်ကြိမ် ရွာစင်ကျယ်လှည့်ကင်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ အခု လို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ အဲဒီနေရာဟာ အခုက ကမ်းပါးပြိုသွားပြီဖြစ်တဲ့အတွက် ၄၅ မိနစ်နဲ့ သွားလို့မရပါဘူးခင်ဗျား။ စက်လှေနဲ့ ဆန်တက် သွားမှသာလျှင် တစ်နာရီကျော်ကျော်သွားရတာ ဖြစ်ပါတယ်။ အဲဒါလည်း စက်လှေနဲ့သွားမယ်ဆိုရင် ကုန်ကျစရိတ်က ၂၀၀၀၀၊ ၃၅၀၀၀ လောက် ကုန်ပါတယ်။ ဆိုင်ကယ်နဲ့သွားလို့ရှိရင်လည်း အခုဝန်ကြီး ဖြေထားတဲ့အတိုင်းနဲ့ ကျွန်တော်ပြောထားတာနဲ့က နည်းနည်းကွဲလွဲချက်ရှိပါတယ်။ သွားရတာဟာ အဝါရောင်လမ်းကြောင်းလေးဟာ အဲဒါ ကမ်းနီကနေ ချိတ်ပင်၊ ကမ်းနီ-ချိတ်ပင် ဆိုတာကလည်း အခု အချိန်မှာ မြေလမ်းပဲရှိပါသေးတယ်။ မြေလမ်းကိုမှ ကျောက်ချောလမ်း ဖြစ်ပါတယ်။ ကျောက်ချောလမ်း မှာမှ အခုက အဲဒီနေရာမှာထပ်ဖို့ထားတဲ့အတွက် ကမ်းနီနဲ့ ချိတ်ပင်ကြားမှာကိုမှ မိုးရာသီမှာဆိုလို့ရှိရင် နာရီဝက်လောက် သွားရတာ ဖြစ်ပါတယ်။ ချိတ်ပင်နဲ့ လမ်းဆုံကတော့ ကတ္တရာလမ်း ဖြစ်ပါတယ်။ ဒီအဖြောင့်တိုင်း ချိတ်ပင်-အင်ဒေါင်းအထိကလည်း ကတ္တရာလမ်းဖြစ်ပါတယ်။ အင်ဒေါင်းကနေ လမ်းဆုံအထိကလည်း အခုမှ ဒီနှစ်မှ ကျောက်ချောလမ်းခင်းပေးတာ ဖြစ်ပါတယ်။ အဲဒီ စောစောက

Power Point မှာ ပြခဲ့တဲ့ ကွန်ကရစ်တံတားဟာလည်းပဲ ဆိုင်ကယ်သွားရတာ တော်တော် ခက်တောင့်ခက်ခဲသွားရတဲ့ အခက်အခဲရှိပါတယ်။ အကြောင်းတစ်စုံတစ်ရာဖြစ်ခဲ့လို့ရှိရင်လည်းပဲ နယ်မြေရဲစခန်းကို လှမ်းခေါ်ဖို့အတွက် အခက်အခဲရှိပါတယ်။ နောက်တစ်ခုက ကျွန်တော်စောစောက တင်ပြခဲ့တဲ့ ပညာရေးအရလည်းပဲ ကြက်တကောင်ကျေးရွာဟာ အရှေ့ရောက်ပါတယ်။ တော်တော်လေးအားထားရတဲ့နေရာဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံလည်းရှိတဲ့အတွက် လက်ရှိ လောလောဆယ်မှာ မဖြစ်နိုင်သေးရင်တောင်မှ ကြက်တကောင်ကျေးရွာရဲ့ပညာရေးအတွက် အ.ထ.က ကလည်းပဲ စာစစ်ဌာနရဖို့က ရဲကင်းစခန်းတစ်ခု လိုပါတယ်။ ကျွန်တော်ပြောတာက ရဲကင်းစခန်းကြီးမဟုတ်တောင်မှ ရဲကင်းငယ်လေးတစ်ခု ဖွင့်လှစ်ပေးလို့ရှိရင် စာမေးပွဲလုံခြုံမှုရှိတဲ့ Bar တိုက် ထားလို့ရပါတယ်။ ဒါကြောင့်မို့ ရဲအင်အားအနည်းဆုံးနဲ့ပေးနိုင်တဲ့ စခန်းငယ်လေးတစ်ခုဖွင့်လှစ်ပေးနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့် ထောက်ခံချက်ဖြင့် ကျွန်တော်တို့ဆီ ပြန်လည်တင်ပြပေးပါမယ်။ ကျွန်တော်တို့က ဒီဟာလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ပြီးတော့ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ပြန်လည်စိစစ်ပေးပါမယ်။

**သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများကို မူလပိုင်ရှင်များက ပြန်လည်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီက စစ်ဆေးထားသည့် ၁၉၈၈ ခုနှစ်မတိုင်မီ သိမ်းဆည်းခံရသည့်မြေမှုများမှာ သက်ဆိုင်ရာ ရပ်ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် သိမ်းဆည်းမြေစစ်ကော်မတီတို့မှစစ်ဆေးပြီး မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန် တိုင်းအဆင့် သိမ်းဆည်းခံမြေပြန်စစ်ကော်မတီသို့ရောက်ရှိနေသည့်အမှုများနှင့်ပတ်သက်၍ မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်က ဦးအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး သိမ်းဆည်းခံလယ်ယာမြေအမှုများနှင့်ပတ်သက်လို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် အဌမပုံမှန်အစည်းအဝေးကတည်းက တင်ထားတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယင်းမာပင်မြို့နယ်မှာ မြို့သစ်ကျေးရွာ တောင်သူလယ်သမားများအပိုင် ရွာသာယာကွင်းမှာရှိတဲ့ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံမြေများအဖြစ်အသုံးပြုရန် ယင်းမာပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတို့မှ သိမ်းယူထားတဲ့ သိမ်းဆည်းခံမြေအမှုကတစ်မှု၊ ယင်းမာပင်မြို့နယ်၊ နှော့ရိုးကျေးရွာမှာရှိတဲ့ ဂျုံအထူးအထွက်တိုး

စခန်းအဖြစ် စိုက်ပျိုးရေးဦးစီးဌာနက သိမ်းဆည်းခံမြေအမှုကတစ်မှု။ အဲဒီနှစ်မှုနှင့်ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီသိမ်းဆည်းခံမြေအမှုများကို သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ (၁/၂၀၁၇)ခုနှစ် မူဝါဒလုပ်ငန်းစဉ်(၈)ရပ်နှင့်အညီ ရပ်/ကျေး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှလည်းကောင်း၊ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှလည်းကောင်း၊ ခရိုင်လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီမှလည်းကောင်း အသီးသီးစစ်ဆေးသုံးသပ်ပြီး မူလလက်ငုတ်ပိုင်ရှင်တောင်သူများထံသို့ အချင်းဖြစ် သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ပေးအပ်ရန်အကြံပြုလျက် စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီသို့ ၅-၁-၂၀၁၈ ရက်နေ့မှာ ပေးပို့ရောက်ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြခဲ့တဲ့ သိမ်းဆည်းခံမြေအမှုနှစ်မှုမှာ ရပ်/ကျေးအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်များမှ စစ်ဆေးပြီးစီးခဲ့သည်မှာ ၂၀၁၇ ခုနှစ်ကတည်းကဖြစ်ပြီး အဆင့်ဆင့်သော ဌာနတာဝန်ရှိသူများအနေနဲ့ အမှုတွဲများကို အထက်အောက်အပြန်အလှန်ပို့နေကြတဲ့အခါ အချိန်များကြန့်ကြာသွားတဲ့အတွက် အဆိုပါအမှုတွေဟာ တိုင်းဒေသကြီး သိမ်းဆည်းခံမြေပြန်လည်စိစစ်ရေးကော်မတီသို့ ၅-၁-၂၀၁၈ ရက်နေ့မှ ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်း တိုင်းသိမ်းဆည်းခံမြေပြန်လည်စိစစ်ရေးကော်မတီအနေဖြင့်လည်း ၅-၁-၂၀၁၈ ရက်နေ့ရောက်ရှိတဲ့အမှုများကို ချက်ချင်းကိုင်တွယ်ဆောင်ရွက်ခြင်းမရှိဘဲ ထားခဲ့တဲ့အတွက် ယခုနောက်ဆုံးထုတ်တဲ့ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ လုပ်ငန်းစဉ်များမှာပါရှိတဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမြေသိမ်းဆည်းသည့် အမှုများကိုသာ စိစစ်ဆောင်ရွက်ရန်ဆိုတဲ့ အချက်ပါရှိလာတဲ့အတွက် ကျွန်တော်တို့ ယင်းမာပင်မြို့နယ်က အချင်းဖြစ် သိမ်းဆည်းခံမြေမှုနှစ်မှုမှာ ၁၉၈၈ ခုနှစ်မတိုင်မီက အမှုများဖြစ်လို့ သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ အဆိုပါအမှုတွဲများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရပါတယ်။ အမှန်မှာ သိမ်းဆည်းခံလယ်ယာမြေအမှုများနဲ့ပတ်သက်လို့ ယခုသမ္မတကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကတည်းက မိန့်မှာထားတဲ့အတိုင်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ အမှုများကိုမူဝါဒလုပ်ငန်းစဉ်များနှင့်အညီ ကိုယ်တိုင်ဂရုတစိုက်သေချာစွာစစ်ဆေးခဲ့တဲ့အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် သီးခြားမှတ်ချက်များ ရေးသားပြီးတော့ သုံးသပ်ချက်များလည်းပေးခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်များ ဘယ်လိုပဲကြိုးစားပြီးတော့ ခေတ်အဆက်ဆက်က မတရားသိမ်းဆည်းခဲ့တဲ့ တောင်သူလယ်သမားများဘက်က ရပ်တည်ကြိုးစားခဲ့ကြပေမဲ့လည်း သက်ဆိုင်ရာအဆင့်ဆင့်တာဝန်ရှိသူများနဲ့ တိုင်းအဆင့်တို့မှာ ကြန့်ကြာခဲ့တဲ့အတွက်လည်းကောင်း၊ နောက်ဆုံးထုတ်ပြန်ခဲ့တဲ့ သိမ်းဆည်းခံလယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီရဲ့ မူဝါဒလုပ်ငန်းစဉ်များ

ကြောင့်လည်းကောင်း၊ တောင်သူလယ်သမားများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည်ရှိသော် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကြောင့်မဟုတ်ပါကြောင်းကို ယင်းမာပင်မြို့နယ်မှတောင်သူလယ်သမားများနှင့် အလားတူနစ်နာဆုံးရှုံးရမယ့် တစ်နိုင်ငံလုံးမှာရှိတဲ့ တောင်သူလယ်သမားများ သိရှိစေရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အသိပေးတင်ပြအပ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြခဲ့တဲ့ သိမ်းဆည်းခံလယ်ယာမြေအမှုနှစ်မှုနဲ့ပတ်သက်ပြီးတော့ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကို ဒေသခံတောင်သူလယ်သမားများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမေးမြန်းတဲ့မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအား ၅-၅-၂၀၁၆ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါဗဟိုကော်မတီမှာ ဒုတိယသမ္မတ(၂)မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်တို့မှ အဖွဲ့ဝင်အဖြစ်လည်းကောင်း စုစုပေါင်း ၂၅ ဦးဖြင့်ဖွဲ့စည်းထားရှိခဲ့ပါတယ်။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုအပေါ် စိစစ်ဖြေရှင်းဆောင်ရွက်ခြင်းနှင့် စွန့်လွှတ်မြေများအား သက်ဆိုင်သူများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ လွယ်လင့်တကူစိစစ်ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ ၃၀-၃-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၇)တွင် လမ်းညွှန်ချက်(၈)ရပ် အတည်ပြုခဲ့ပါတယ်။ ထို့အပြင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ ၂၁-၃-၂၀၁၈ ရက်စွဲပါစာဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ ချမှတ်ထားတဲ့ မူဝါဒလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မြေပြင်မှာတွေ့ကြုံနေရတဲ့အခက်အခဲများ ပိုမိုအဆင်ပြေချောမွေ့စေရန် စာသားများ၊ ဥပဒေအသုံးအနှုန်းနှင့်ကိုက်ညီမှု ရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လမ်းညွှန်မှုခံယူကာ ပြင်ဆင်ထားတဲ့မူဝါဒ ၅၂ ချက်ကို နေပြည်တော်

ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေး ကော်မတီများသို့ ဖြန့်ဝေခဲ့ပါတယ်။

ထိုသို့ပြင်ဆင်ထားတဲ့ မူဝါဒ ၅၂ ချက်အရ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် သိမ်းဆည်းမြေတိုင်ကြားစာများနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြေသိမ်းဆည်းမှုကိုသာ စိစစ်ဖြေရှင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့သော် ယခင်မူဝါဒမှာပါဝင်တဲ့ ၁၉၈၈ ခုနှစ်မတိုင်မီ သိမ်းဆည်းမှုများအား သီးခြားကိစ္စတစ်ရပ်အနေဖြင့် ဖြေရှင်းပေးရမည်ဟူသော လမ်းညွှန်ချက်အရ ရပ်ကွက်/ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများမှ ၁၉၈၈ ခုနှစ်မတိုင်မီ အမှုတွဲများအားစိစစ်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီများသို့ တင်ပြပြီးဖြစ်ကြောင်းသိရှိရပါတယ်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီများအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီ အမှုတွဲများအား ပိတ်သိမ်း၍ သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့ကာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြကာ ဆက်လက်ဆောင်ရွက်ရန် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ ၁၇-၇-၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပုဏ္ဏားကျွန်းမြို့နယ် မြို့နယ်ရှိ မြို့သူမြို့သားများပိုင်ဖြစ်ခဲ့သော ဦးရာဇ်မင်္ဂလာပန်းခြံနှင့် ကလေးကစားကွင်းဟောင်းနေရာတွင် မြို့နယ်ထွေ/အုပ်မှ မြေနေရာငှားထားသောနေရာတို့ကို ချန်လှပ်၍ ကျန်မြေနေရာလွတ်များကို ဦးရာဇ်မင်္ဂလာကလေးကစားကွင်းအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပုဏ္ဏားကျွန်းမြို့ရဲ့အလယ်မှာ မြို့အင်္ဂါရပ်နဲ့ ညီညွတ်ဖို့လိုအပ်တဲ့ ကလေးကစားကွင်းနဲ့ဆိုင်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပုဏ္ဏားကျွန်းမြို့မှာ ကလေးကစားကွင်းအဖြစ် ယခုတည်ဆောက်လိုတဲ့ မြေနေရာဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပင် မြို့နယ်ထွေ/အုပ်ရုံးကြီးဟောင်းရှေ့က မြို့ရဲ့အလယ်ဖြစ်တဲ့အတွက် ပွဲလမ်းသဘင်များနဲ့ ဘတ်စ်ကတ်ဘောဘောကွင်း၊ ဘောလီဘောကွင်းများ ကျင်းပပြုလုပ် အသုံးပြုလာခဲ့တဲ့ အများပိုင်နေရာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မြို့လယ်ကွင်းနေရာဟာ အသစ်တောင်းဆိုထားတဲ့နေရာမဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတခေတ်မှာ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးနိုင်လင်းလက်ထက် ဦးရာဇ်

**မူကြမ်း**

မင်္ဂလာပန်းခြံနှင့် ကလေးကစားကွင်းဆိုပြီး ဆိုင်းဘုတ်တင်၍ ကလေးကစားစရာပစ္စည်းများ၊ ပန်းပင်များ၊ အရိပ်ရပင်များနှင့် ဝေဝေဆာဆာ၊ ကလေးများ၊ မြို့သူမြို့သားများ အပန်းဖြေနေရာအဖြစ် ပြောင်းလဲတည်ဆောက်ခဲ့တဲ့နေရာ ဖြစ်ခဲ့ပါတယ်။ ကွင်းရဲ့အနီးမှာလည်း မူကြိုကျောင်း ဆောက်လုပ်ထားရှိတဲ့အတွက် ကလေးငယ်များပျော်ရွှင်စွာ ကစားခဲ့ကြရာနေရာလည်း ဖြစ်ပါတယ်။ နောက်ပိုင်းမှာ မြို့နယ်ထွေ/အုပ်မှ ကစားကွင်းနေရာကို မြေငှားဂရန်ပြုလုပ်ခဲ့ပြီး မြို့နယ်ထွေ/အုပ်ဝန်ထမ်း သက်သာဆိုင်အဖြစ် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်နှင့် ကုန်စုံဆိုင်များ ဆောက်လုပ်ခဲ့ကြတာ ကွင်းရဲ့သုံးပုံတစ်ပုံခန့် ဆိုင်ခန်းများဖြစ်နေပြီး ကျန်သုံးပုံနှစ်ပုံခန့်မှာ လွင်ပြင်ကွက်လပ်အဖြစ် အခုထိရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဒါကတော့ နဝတခေတ်မှာ ပုဏ္ဏားကျွန်းမြို့ရဲ့ ဦးရာဇ်မင်္ဂလာပန်းခြံနဲ့ ကလေးကစားကွင်းပုံဖြစ်ပါတယ်။ ဒါကတော့ ယခု အစိုးရလက်ထက်မှာ ကလေးကစားကွင်းဟောင်းနေရာမှာ မူကြိုကျောင်းဆရာမတွေနဲ့ မူကြိုကလေးတွေ ကစားကွင်းကို တမ်းတနေတဲ့ပုံဖြစ်ပါတယ်။ ဒါလည်းပဲ ကစားကွင်းတည်ဆောက်မယ့် မြေနေရာပုံဖြစ်ပါတယ်။ ဒါလည်းပဲ ကစားကွင်းနဲ့ ရုံးပတ်လမ်းအနေအထားကို ဖော်ပြတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ပုဏ္ဏားကျွန်းမြို့ရဲ့ ယခုတည်ဆောက်လိုတဲ့ ကစားကွင်းအနီးမှာ မူကြိုကျောင်းပုံဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကွင်းဟာ ယခင်က မြို့လူထုပိုင်ကွင်းဖြစ်ခဲ့တဲ့အတွက် လက်ဖက်ရည်ဆိုင်နှစ်ဆိုင်နဲ့ ကုန်စုံဆိုင်တွေကို ချန်လှပ်ထားခဲ့ပြီး ကျန်နေရာတွေမှာ မြို့နယ်ထွေ/အုပ်ခေါင်းစဉ်နဲ့ ကလေးကစားကွင်းအဖြစ် ယခုအစိုးရသစ်လက်ထက်တွင် တည်ဆောက်ပေးရန် မြို့သူမြို့သားများက တင်ပြတောင်းဆိုနေကြပါတယ်။ ပုဏ္ဏားကျွန်းမြို့ဟာ ကလေးကစားကွင်းမရှိတဲ့မြို့ဖြစ်တဲ့အတွက် အခြားမြို့ကြီးတွေလို ကျယ်ကျယ်ဝန်းဝန်းမလိုအပ်ဘဲ ရှိတဲ့နေရာလေးမှာ သင့်တော်တဲ့ ကလေးကစားစရာပစ္စည်းတွေနဲ့ တည်ဆောက်ပေးသင့်တယ်လို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် မြို့လယ်မှာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကပင် မြို့သူမြို့သားများ ပိုင်ဖြစ်ခဲ့သော ဦးရာဇ်မင်္ဂလာပန်းခြံနှင့် ကလေးကစားကွင်းဟောင်းနေရာမှာ မြို့နယ်ထွေ/အုပ်မှ မြေနေရာငှားထားသော လက်ဖက်ရည်ဆိုင်နှစ်ဆိုင်နှင့် ကုန်စုံဆိုင်များကိုချပ်လှပ်၍ ကျန်နေရာလွတ်များကို ဦးရာဇ်မင်္ဂလာကလေးကစားကွင်းအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးပါမည်နည်း၊ မရှိပါက မည်သည့်အတွက်ကြောင့်လဲဆိုတာ သိရှိလိုပါ၍ မဲဆန္ဒရှင်များရဲ့ တောင်းဆိုချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် မေးမြန်းတဲ့ မေးခွန်းအပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

**မူကြမ်း**

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့၊ မြို့မအုပ်စု၊ ကွင်းအမှတ်(၆၂၇)၊ ပြင်ခေါက်ကွင်း၊ ဦးပိုင်အမှတ်(၉၂၆၊ ၉၂၉၊ ၉၆၄) စုစုပေါင်း မြေဧရိယာ ၁.၄၉ ဧကရှိ ဦးရာဇ်မင်္ဂလာပန်းခြံနှင့် ကလေးကစားကွင်းဟောင်းနေရာဟာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအမည်ဖြင့် ၂၅-၉-၁၉၉၈ မှ ၂၄-၉-၂၀၂၈ အထိ နှစ် ၃၀ မြေငှားဂရန်ရရှိထားသော မြေနေရာဖြစ်ပါတယ်။ အဆိုပါ မြေပေါ်မှာ မြို့နယ်အုပ်ချုပ်ရေးမှူးနေအိမ်၊ မြို့နယ်ဒုတိယဦးစီးမှူးနေအိမ်နှစ်လုံး၊ ဦးရာဇ်မင်္ဂလာ အစည်းအဝေးခန်းမ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဟောင်းနှစ်ထပ်ဆောင်နှင့် ရုံးရှေ့မှာ လွတ်လပ်ရေးကျောက်တိုင် တည်ရှိပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဟောင်း အပေါ်မှာ ရွေးကောက်ပွဲကော်မရှင်းရုံး၊ အောက်ထပ်မှာ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)နှင့် အစည်းအဝေးခန်းမတစ်ခုရှိပါတယ်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဟောင်းအရှေ့ လွတ်လပ်ရေးကျောက်တိုင်ပါ မြေကွက်၌ လက်ဖက်ရည်ဆိုင်နှစ်ဆိုင်၊ ကုန်စုံဆိုင်ဟာ ဌာနငွေစာရင်း MD ဖွင့်လှစ်ပြီး ကောက်ခံ ပေးသွင်းရမယ့် ဈေးဆိုင်များမဟုတ်ဘဲ ဌာနဝန်ထမ်းများမှ လူနေထိုင်ပြီး မိသားစုစားဝတ်နေရေး ပြေလည်စေရန်အတွက် ခွင့်ပြုပေးထားသော ဆိုင်ခန်းများဖြစ်ပါတယ်။ ကျန်ရှိတဲ့မြေကွက် ၀.၂၇ ဧက ဟာ ရပ်ဝေးမှလာရောက်တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းများနေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် လျာထားသောနေရာဖြစ်ပါတယ်။ ပုဏ္ဏားကျွန်းမြို့နှင့်ကပ်လျက် မြို့ရေပေးရေး ဂူဝတမံအနီး မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင်မြေ ၁.၅၃ ဧကနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ပိုင်မြေ ၂.၇၅ ဧက စုစုပေါင်း ၄.၂၈ ဧကမှာ မြို့ဖွံ့ဖြိုးတိုးလာတာနဲ့အညီ ပန်းခြံနှင့်ကလေးကစားကွင်း ပြုလုပ်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေ ၂.၇၅ ဧကအား ပန်းခြံနှင့်ကလေးကစားကွင်းပြုလုပ်ရန်အတွက်၊ စွန့်လွှတ်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြား မြေများ သိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးဗဟိုကော်မတီရဲ့ ၁၂-၇-၂၀၁၈ ရက်စွဲပါစာဖြင့် ခွင့်ပြုချက်ရရှိပြီး ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃၀-၈-၂၀၁၈ ရက်စွဲပါစာဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးကော်မတီရဲ့ ခွင့်ပြုရန်ပုံငွေ ၈၅ သိန်းဖြင့် မြေဖို့ခြင်းနှင့် ပေ ၂၁၀ အရှည်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

သို့ပါ၍ ပုဏ္ဏားကျွန်းမြို့၊ မြို့မအုပ်စုကွင်းအမှတ်(၆၂၇)၊ ပြင်ခေါက်ကွင်း၊ ဦးပိုင်အမှတ်(၉၂၆၊ ၉၂၉၊ ၉၆၄)စုစုပေါင်း မြေဧရိယာ ၁.၄၉ ဧကတွင် ကလေးကစားကွင်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် မြို့ရေပေးရေးဂူဝတမံအနီး မြေ ၄.၂၈ ဧကမှာ ပန်းခြံနှင့်ကလေးကစား ကွင်းပြုလုပ်ရန် မြေဖို့ခြင်းလုပ်ငန်းနှင့် ပေ ၂၁၀ အရှည် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက် ထားရှိပြီးဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ အခု ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးဖြေသွားတဲ့နေရာက

တစ်ချိန်တုန်းက မြို့သူမြို့သားများပိုင် ကွင်းဖြစ်ခဲ့တဲ့အတွက် အဲဒီနေရာမှာ ဝန်ထမ်းအိမ်ရာဆောက်မယ်ဆိုလို့ရှိရင် ကျွန်တော်မြို့တစ်မြို့လုံးက အဲဒီနေရာကို ကန့်ကွက်ဆန္ဒပြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ အခု ဒုတိယဝန်ကြီးပြောခဲ့တဲ့ ဂူဝတောင်တန်းမြေနေရာဟာ မြို့ရဲ့အစွန်အဖျားမှာရှိနေတဲ့အတွက် အဲဒီကစားကွင်းကို မြို့ပြင်မှာထားရင် သွားလာရေးခက်ခဲမှာဖြစ်တဲ့အတွက် အဲဒီကစားကွင်းကို မြို့ပြင်မှာမထားဘဲ ယခင်လုပ်ခဲ့တဲ့ကစားကွင်းဟောင်းနေရာမှာပဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခေါင်းစဉ်တပ်ပြီးတော့ ကလေးကစားကွင်းလို့ လုပ်လို့မရနိုင်ဘူးလား။ ကွင်းရဲ့အနားမှာလည်း မူကြိုကျောင်းရှိနေတဲ့အတွက် မြို့သူမြို့သားများက ကိုယ့်အားကိုယ်ကိုတည်ဆောက်မယ်ဆိုလို့ရှိရင် ခွင့်ပြုနိုင်ခြင်းရှိ/မရှိ ဖြေကြားပေးဖို့ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြတဲ့အတွက် ရခိုင်ပြည်နယ်အစိုးရကို ကျွန်တော်မေးမြန်း၍ ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**၂၀၁၃ မှ ၂၀၁၈ အတွင်း အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့်ဖြစ်စေ၊ ငွေကြေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင်ငွေစတော့ရှယ်ယာများ ရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးများ လွှဲပြောင်းခြင်းစသည့်စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍ တိုင်ကြားလာသည့် အမှုပေါင်းမည်မျှရှိပါသနည်း၊ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူထားသည့်အမှုပေါင်း မည်မျှရှိပါသနည်းနှင့် ငွေကြေးဆိုင်ရာလိမ်လည်မှုများ လျော့နည်းပပျောက်အောင် မည်ကဲ့သို့ ကြိုတင်ကာကွယ်ပြင်ဆင်မှုများလုပ်ဆောင်နေသည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမိုး(မန်တုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါ။ ယနေ့ကျင်းပတဲ့ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းမိုးကနေပြီးတော့ ၂၀၁၃ မှ ၂၀၁၈ အတွင်း အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့်ဖြစ်စေ၊ ငွေကြေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင်ငွေစတော့ရှယ်ယာများ ရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင် ငွေကြေးများလွှဲပြောင်းခြင်းစသည့်စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍ တိုင်ကြားလာသည့် အမှုပေါင်းမည်မျှရှိပါသနည်း၊ ၎င်းတိုင်ကြားလာသည့်အမှုများထဲမှ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူထားသည့် အမှုပေါင်း မည်မျှရှိပါသနည်း၊ ထိုကဲ့သို့ ငွေကြေးဆိုင်ရာလိမ်လည်မှုများ လျော့နည်းပပျောက်အောင် မည်ကဲ့သို့ ကြိုတင်ကာကွယ်ပြင်ဆင်မှုများ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး မေးမြန်းရခြင်းအကြောင်းအရင်းကို တင်ပြပါရစေ။ ၂၀၁၆ ခုနှစ်တွင် S.Doilar Success Resource ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထား ပြီး ၎င်းကုမ္ပဏီဒါရိုက်တာလေးဦးသည် တရုတ်နိုင်ငံသားတစ်ဦးနှင့်အတူ ပူးပေါင်းပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့ တိုက်-C အခန်း(၂) ပထမထပ် ရွှေဂုံတိုင်တာဝါ၊ ဗဟန်းမြို့နယ်မှာ ရုံးခန်းဖွင့်လှစ်ထားပြီး SME လုပ်ငန်းများပေါ်ထွန်းလာရေး၊ အလုပ်လက်မဲ့လူတန်းစားများအား အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေး စသည့်အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဟု ဆိုပြီး မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် စသည့် မြို့နယ်အသီးသီးတွင် လိုက်လံစည်းရုံးဟောပြောပြီး လူပေါင်း ၁၀၀၀၀ ကျော် ထံမှ ငွေကြေး အမေရိကန်ဒေါ်လာ ၁၇၅ သိန်းခန့်ကို လိမ်လည်ရယူခဲ့ပါသည်။ လိမ်လည်နည်းပုံစံ ကတော့ အခုနကတင်ပြသွားတဲ့ ကုမ္ပဏီဆောင်ပုဒ်နှင့်အတူ မိမိတို့သည် မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားပြီဖြစ်ကြောင်း ငွေကြေးများကိုလည်း ပြည်တွင်းတွင်သာရင်းနှီးမြှုပ်နှံပြီး အကျိုးအမြတ် များအား နှစ်လတစ်ကြိမ်ရှင်းထုတ်ပေးမည်ဟုပြောကြားပြီး စာချုပ်စာတမ်းများနှင့်အတူ ချုပ်ဆိုစေခဲ့ပါ သည်။ တစ်နှစ်လောက်တွင် ငွေကြေးအကျိုးအမြတ်များထုတ်ပေးခြင်းမရှိဘဲ ၎င်းအက်ဒ်ဲလား Success ကုမ္ပဏီသည် ထည့်ဝင်ငွေများအချို့အား တရုတ်နိုင်ငံသို့လွှဲပြောင်းခဲ့ကြောင်း သတင်း အတိအကျရရှိထားပါသည်။ ကချင်ပြည်နယ်တွင် လူဦးရေ ၅၀၀၀ ကျော်သည် အိမ်များပေါင်နှံခြင်း၊ ငွေတိုးများယူပြီး ထည့်ဝင်ခြင်းကြောင့် ဒုက္ခများရင်ဆိုင်ရပြီးအမှုဖွင့်ထားကြောင်းနှင့် တခြားမြို့နယ်များ တွင်လည်း ၎င်းနည်းတူအမှုဖွင့်ထားကြောင်း သိရပါသည်။ သို့ပါသောကြောင့် ၎င်းကဲ့သို့သော နိုင်ငံနှင့်ပြည်သူများ၏အကျိုးစီးပွားများ မထိခိုက်စေရန်နှင့် ၎င်းကဲ့သို့ကုမ္ပဏီမှတ်ပုံတင်ထားခြင်းကို အလွဲသုံးစားပြုလုပ်ပြီး စတော့ရှယ်ယာများခေါ်ယူခြင်း၊ ငွေကြေးလုပ်ငန်းများပြုလုပ်ခြင်း၊ သတ်မှတ် ထားသည့် စည်းကမ်းနှင့်မကိုက်ညီသောကုမ္ပဏီများအား တည်ဆဲဥပဒေနှင့်အညီ ပြင်းထန်စွာ အရေး ယူသင့်ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် ပြည်သူများမထိခိုက်စေရန်အတွက် အက်ဒ်ဲလား Success ကဲ့သို့သောကုမ္ပဏီများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူပြီး နောင်တွင် မည်ကဲ့သို့ မပေါ်ပေါက် စေရန်အတွက် စံနမူနာအဖြစ် အပြစ်ပေးသင့်ပါကြောင်းနှင့် ၎င်းမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မန်တုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမေးမြန်းတဲ့မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ငွေကြေး လုပ်ငန်းလိုင်စင် မှတ်ပုံတင်ခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင် စတော့ ရှယ်ယာများရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း စတဲ့ စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများအား အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်ကျူးလွန်ပါက

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်သွယ်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ငွေကြေးဆိုင်ရာလိမ်လည်မှုများ လျော့နည်းကျဆင်းရေးအတွက် ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီ ထိရောက်ဟန့်တားလောက်သောပြစ်ဒဏ်ရရှိရေး စနစ်တကျဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများအား အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြု၍ ကျူးလွန်မှုများနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလအထိ အမှုပေါင်း ၁၅၄ မှုအား အမှုဖွင့်ဆောင်ရွက်နိုင်ခဲ့ပြီး တရားခံစုစုပေါင်း ၁၇၂ ဦးအား အရေးယူဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဆိုပါ အမှုပေါင်း ၁၅၄ မှုအနက် တရားရုံးစစ်ဆေးဆဲအမှုမှာ ၃၆ မှု၊ စုံစမ်းစစ်ဆေးဆဲအမှုမှာ ၉၂ မှုနှင့် ပြီးပြတ်သောအမှုမှာ ၂၆ မှုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမြင့်ဆုံးချမှတ်ခဲ့တဲ့ ထောင်ဒဏ်မှာ ထောင်ဒဏ် ၃ နှစ် ဖြစ်ပြီး အနိမ့်ဆုံးချမှတ်ခဲ့သောထောင်ဒဏ်မှာ ထောင်ဒဏ် ၆ လ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှုခင်းအသိပညာပေးဟောပြောမှုများတွင် ငွေကြေးလိုင်စင်မှတ်ပုံတင်မရှိဘဲ ငွေကြေးရင်းနှီးမှုများခေါ်ယူခြင်း၊ တရားမဝင်စတော့ရှယ်ယာများ ရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း စတဲ့ စီးပွားရေးဆိုင်ရာငွေကြေးလိမ်လည်မှုများကို အွန်လိုင်းမှတစ်ဆင့် သို့မဟုတ် အခြားနည်းလမ်းဖြင့်အသုံးပြု၍ ကျူးလွန်မှုမခံရစေရေး၊ ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် ဖြစ်စဉ်သာဓကများချပြ၍ အသိပညာပေးဟောပြောခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ကျူးလွန်ခံရကြောင်း အမှုဖွင့်တိုင်တန်းလျှင် တရားခံအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ပြစ်မှုကျူးလွန်သူများရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံ၊ မက်လုံးပေးလိမ်လည်ပုံနည်းလမ်းများကို ပြည်သူများသိရှိကာ ကြိုတင်ကာကွယ်ထားနိုင်ရန်အတွက် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ သတင်းနှင့် နည်းပညာဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပညာပေးဆောင်းပါးများ ထည့်သွင်းဖော်ပြခြင်း၊ အင်တာနက်ကွန်ရက်များမှတစ်ဆင့် ပြည်သူများသိရှိစေရန် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

တရားမဝင် စတော့ရှယ်ယာများ ရောင်းချခြင်းကဲ့သို့ ငွေကြေးဆိုင်ရာလိမ်လည်မှုများ လျော့နည်းပပျောက်စေရန် ကြိုတင်ကာကွယ်ပြင်ဆင်မှုအနေဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသာ အစုရှယ်ယာရောင်းချခွင့်ရှိကြောင်း အများပြည်သူများသိရှိစေရန် အများနှင့် သက်ဆိုင်သော ကုမ္ပဏီများ စာရင်းအား နိုင်ငံတော်ပိုင်သတင်းစာမှာ ကြော်ငြာထုတ်ပြန်ခြင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများအတွက် သတ်မှတ်ချက်အမိန့်ကြော်ငြာစာအမှတ်(၅၉/၂၀၁၈)ကို အများပြည်သူသိရှိစေရန် www.dica.gov.mm မှာ ကြော်ငြာခြင်းစသည်တို့ကို ဆောင်ရွက်ထားရှိကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

**မူကြမ်း**

အင်တာနက်အွန်လိုင်းပေါ်မှာ ငွေကြေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုများခေါ်ယူခြင်း၊ တရားမဝင် ငွေစတော့ရှယ်ယာများရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင် ငွေကြေးလွှဲပြောင်းခြင်းစတဲ့ စီးပွားရေးဆိုင်ရာငွေကြေးလိမ်လည်မှုများ လျော့နည်းပပျောက်စေ ရန် မိုဘိုင်းတယ်လီဖုန်းသုံးစွဲမှုဆိုင်ရာနည်းပညာကို အသိပညာပေးခြင်း၊ လူမှုကွန်ရက်များအသုံးပြု ရာမှာ လိုက်နာဆောင်ရွက်သင့်တဲ့ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယင်းကဲ့သို့ ငွေကြေးလိမ်လည်မှု၊ ရာဇဝတ်မှုကျူးလွန်မှုများအား ကာကွယ်တားဆီးနိုင်ရန်အတွက် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနရဲ့ Post and Telecommunications Department(PTD) Facebook Page နှင့် www.ptd.gov.mm တို့မှာ မေးမြန်းစုံစမ်းနိုင်ရန် စီစဉ်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီ စိစစ်ပြန်ကြားပေးလျက်ရှိကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ ငွေကြေးလုပ်ငန်းလိုင်စင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ငွေကြေးရင်းနှီးမြှုပ်နှံမှုခေါ်ယူခြင်း၊ တရားမဝင်စတော့ရှယ်ယာများရောင်းချခြင်း၊ ပြည်ပသို့ တရားမဝင်ငွေကြေးလွှဲပြောင်းခြင်း စတဲ့ စီးပွားရေးဆိုင်ရာ ငွေကြေးလိမ်လည်မှုများအား အင်တာနက်အွန်လိုင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ကျူးလွန်သဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ၁၅၄ မှု တရားခံ ၁၇၂ ဦးအား တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ပါတယ်။ ငွေကြေးဆိုင်ရာလိမ်လည်မှု လျော့နည်းကျဆင်းစေရန် အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မှုခင်း အသိပညာပေးဟောပြောပွဲများတွင် ထည့်သွင်းအသိပညာပေးခြင်း၊ အင်တာနက်၊ Website များ၊ လူမှုကွန်ရက်များအသုံးပြု၍ ပြည်သူလူထုသို့ အသိပညာပေးခြင်းနှင့် ပြစ်မှုကျူးလွန်သူအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။

**တနင်္ယန်းမြို့၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်းအတွင်းရှိ ရဲဝန်ထမ်းအိမ်ရာ(၅)လုံးအား ပယ်ဖျက်ပြီး RC ကွန်ကရစ်ဖြင့် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့သို့ တက်ရောက်လာသူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့် ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ တန့်ယန်းမြို့နယ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းဝင်းအတွင်းမှာရှိတဲ့ ရဲဝန်ထမ်းအိမ်ရာများကိစ္စနှင့်ပတ်သက်တဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ယန်းမြို့နယ် ရဲတပ်ဖွဲ့စခန်းဝင်းထဲမှာ ရဲဝန်ထမ်းမိသားစု ၄၄ စုနေထိုင်လျက်ရှိပြီး ရဲဝန်ထမ်းအိမ်ရာများရဲ့ အခြေအနေမှန်ကို သိရှိနိုင်ရန် Power Point အသုံးပြုမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။ ဒါကတော့ လုံးဝအသုံးပြုလို့မရတော့တဲ့ ရဲဝန်ထမ်းအိမ်ရာဖြစ်ပါတယ်။ ဒါကတော့ ရပ်ရွာ ပစ္စည်းများဖြင့် ဖြစ်သလိုဖာထေးနေထိုင်ရသော အိမ်ရာများဖြစ်ပါတယ်။ ပုံတွင်မြင်ရသည့်အတိုင်း

ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခဲ့ရာ နှစ်ပေါင်းများစွာကြာမြင့်လာသည်နှင့်အမျှ ဟောင်းနွမ်းယိုင်နဲ့ပြီး ရဲဝန်ထမ်းများမှာ ရှမ်းပြည်နယ်ရဲ့ ဆောင်းတွင်းအအေးဒဏ်ကိုအံတုဖို့ ဖြစ်သလိုဖာထေးပြုပြင်နေထိုင်ရတာ မြင်လို့မကောင်းပါဘူးခင်ဗျား။ မြို့နယ်ရဲ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို အားကြိုးမာန်တက်ဆောင်ရွက်ရမယ့် ရဲဝန်ထမ်းများမှာလည်း စိတ်ဓာတ်အားဖြင့် သိမ်ငယ်စရာဖြစ်နေပါတယ်ခင်ဗျား။ ဒီအဆောက်အဦတွေကို အဆင့်မြင့်တည်ဆောက်ပေးဖို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရဲ့ ၂၉-၆-၂၀၁၇ နေ့စွဲပါ စာအမှတ်၁၈၅(၂၀၇/၉၀၇) ၁၀၀၃ ဖြင့် သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြလျှောက်ထားပြီးကြောင်းလည်း သိရှိခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့ရဲတပ်ဖွဲ့ဝင်းစခန်းအတွင်းရှိ ရဲဝန်ထမ်းအိမ်ရာငါးလုံးအား ပယ်ဖျက်ပြီး RC ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ပေးရန် လျာထားဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်မေးမြန်းတဲ့ မေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ယခုလို မေးခွန်းမေးမြန်းပေးတဲ့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့မှာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ရှိ တပ်ဖွဲ့ဝင်များဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့ဟာ တန့်ယန်းမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ မြေ ၂.၅၄၄ ဧက ပေါ်မှာ တည်ရှိပါတယ်။ မြို့မရဲစခန်းဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး တစ်ရုံး၊ မြို့မရဲစခန်း(အချုပ်ပါ)တစ်လုံး၊ ဧည့်ရိပ်သာတစ်လုံး၊ လုံးချင်းနေအိမ်တစ်ထပ် သုံးလုံး၊ နှစ်ခန်းတွဲတစ်ထပ်လေးလုံး၊ လေးခန်းတွဲတစ်ထပ်သုံးလုံး၊ ငါးခန်းတွဲတစ်ထပ်နှစ်လုံး၊ ၁၀ ခန်းတွဲတစ်ထပ်တစ်လုံး စုစုပေါင်း အဆောက်အဦ ၁၆ လုံး၊ လူနေအခန်းပေါင်း ၄၃ ခန်းရှိပါတယ်။ တန့်ယန်းမြို့မရဲစခန်းဝင်းအတွင်းရှိ အဆောက်အဦများအနက် နှစ်ခန်းတွဲတစ်ထပ်တစ်လုံးနှင့် လေးခန်းတွဲတစ်ထပ်နှစ်လုံးတို့မှာ ဟောင်းနွမ်းနေသဖြင့် လူနေထိုင်၍မရသော အဆောက်အဦများဖြစ်ပါတယ်။ ကျန်အဆောက်အဦများမှာ ပြုပြင်ရန်မလိုအပ်တဲ့ အဆောက်အဦများဖြစ်ပြီး လူနေထိုင်နိုင်တဲ့ အခန်း ၃၃ ခန်းရှိပါတယ်။ လူနေအခန်း ၃၁ ခန်းမှာ အိမ်ထောင်သည် ၃၀ ဦးနှင့် အပျိုတစ်ဦးနေထိုင်ပြီး ကျန်နှစ်ခန်းမှာ လူပျို ၁၁ ဦးနေထိုင်လျက်ရှိပါတယ်။ အိမ်ထောင်သည်နှစ်ဦးနှင့် လူပျိုခြောက်ဦးမှာ ဒေသခံများဖြစ်လို့ ပြင်ပမှာ မိဘဆွေမျိုးများနှင့်အတူ နေထိုင်လျက်ရှိပါတယ်။ တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့တွင် လက်ရှိတပ်ဖွဲ့ဝင်အင်အားနှင့် နေအိမ်လိုင်းခန်းလုံလောက်မှုရှိသော်လည်း အင်အားထပ်မံဖြည့်တင်းပါက တပ်ဖွဲ့ဝင်များနေထိုင်ရန်အတွက် လေးခန်းတွဲနှစ်ထပ်နှစ်လုံးဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍

တန့်ယန်းမြို့နယ်ရဲတပ်ဖွဲ့အတွက် လိုအပ်တဲ့ လေးခန်းတွဲနှစ်ထပ် နှစ်လုံးအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ)အသုံးစရိတ်မှာ လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု ရဲတပ်ရင်းအတွက် သိမ်းယူထားသောမြေပေါ်တွင် ကြက်ခြံအတွက် မြေငှားရမ်းခြင်း၊ ကားပျက်များလေလံဆွဲပြီးစုပုံခြင်း၊ ဖြတ်တောက်ခြင်းအတွက် အသုံးပြုနေခြင်းကြောင့် ထိခိုက်နစ်နာမှုအတွက် တိုင်ကြားထားသည်ကို မည်သို့ဖြေရှင်းဆောင်ရွက်ထားကြောင်း သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်က ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ ဒီနေ့မေးမယ့်မေးခွန်းကို Power Point အသုံးပြုတင်ပြမေးမြန်းခွင့်ပြုပါရှင်။ ကျွန်မတို့ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စုမှ ရဲတပ်ရင်းအတွက် သိမ်းယူထားတဲ့မြေပေါ်မှာ ကြက်ခြံများအတွက် မြေငှားရမ်းခြင်း၊ ကားပျက်များ လေလံဆွဲပြီး စုပုံခြင်း၊ ဖြတ်တောက်ခြင်းအတွက် အသုံးပြုနေခြင်းကြောင့် ထိခိုက်နစ်နာမှုများရှိတဲ့ အတွက် တိုင်ကြားထားသည်ကို မည်သို့ဖြေရှင်းဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့အတွက် မေးမြန်း သွားမှာဖြစ်ပါတယ်ရှင်။ သိမ်းယူခဲ့စဉ်က ရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲနဲ့ အခကြေးငွေယူပြီးတော့မှ လုပ်ငန်းရှင်များကို ငှားရမ်းနေသည့်အတွက် မူလလက်လုပ်တောင်သူများမှာ စီမံကိန်းအကောင် အထည်ဖော်ခြင်းမရှိတဲ့အတွက် ပြန်လည်စွန့်လွှတ်ပေးပါရန်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်ပေးပါရန် လျှောက်ထားတင်ပြထားတဲ့မြေဖြစ်ပါတယ်ရှင်။ အများပြည်သူအသုံးပြုနေတဲ့လမ်းများ ပျက်စီးစေမယ့် တန်ပိုတင်ဆောင်ခြင်း၊ ကုန်ကားကြီးများဖြတ်သန်းသွားလာနေတဲ့အတွက်ကြောင့်မို့ အများပြည်သူပိုင် လမ်းကြီးလည်း ပျက်စီးရပါတယ်။ လေလံဆွဲထားတဲ့ကားပျက်များဟာ လမ်းဘေးတစ်လျှောက် မြင်မကောင်းအောင်စုပုံထားပြီး အသံ၊ အနံ့တို့ကြောင့် အနီးအနားနေတဲ့ပြည်သူတွေ ထိခိုက်နစ်နာရတဲ့ အတွက် တိုင်ကြားလာသောကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါ တယ်ရှင်။ အဆိုပါမြေပေါ်မှာ မြေတူးရောင်းတာတွေ၊ ကြက်ခြံတွေတည်ဆောက်ဖို့ မြေငှားတာတွေ၊ လေလံဆွဲထားတဲ့စက်ပစ္စည်းများ၊ ကားပျက်များ စုပုံငှားရမ်းထားတဲ့အတွက် အသုံးပြုနေတဲ့မြေကတော့ ၁၉၉၀ ခုနှစ်ပတ်ဝန်းကျင်လောက်က ရဲတပ်ရင်းတည်ဆောက်ဖို့အတွက်ဆိုပြီးတော့မှ သိမ်းယူထားတဲ့ မြေဖြစ်ပါတယ်။ အများပြည်သူအသုံးပြုနေတဲ့လမ်းတွေလည်း ပျက်စီးပါတယ်။ အဲဒီမြေတွေက လိုအပ် တဲ့ပမာဏထက် များစွာပိုမိုသိမ်းယူထားတဲ့အတွက်ကြောင့်မို့လို့ နှစ်ပေါင်း ၂၀ နီးပါး ကြာမြင့်နေသည့် တိုင် အကောင်အထည်မဖော်ရသေးဘဲနဲ့ မြေလွတ်များစွာကျန်ရှိနေတဲ့ မြေဖြစ်တဲ့အတွက် ဒေသခံ ပြည်သူများ ဥယျာဉ်ခြံမြေများ၊ လက်လုပ်တောင်သူများ စိုက်ပျိုးလုပ်ကိုင်ခွင့်မရဘဲနဲ့ ဌာနမှ စီးပွားရှာ ဖို့အတွက် အသုံးပြုလျက်ရှိပါတယ်။ ဒီနေရာကဆိုလို့ရှိရင် ကျွန်မမေးခွန်းမေးပြီးတဲ့နောက်မှာ ရဲတပ်ရင်းထဲကမြေကို ရွှေ့ပြောင်းထားပြီးကျန်ခဲ့တဲ့ပုံ ဖြစ်ပါတယ်။ ဒါမနေ့ကမှ ရိုက်ထားတဲ့ပုံ ဖြစ်ပါ တယ်။ လျော်ကြေးအဖြစ် မြေခွန် ၁၈ ဆနဲ့ သီးပင်စားပင်အတွက် တစ်ပင်ကို ၁၀ ပြားနှုန်းနဲ့ပေးခဲ့တဲ့

မြေဖြစ်ပါတယ်။ ကာလပေါက်ဈေးနဲ့ သိန်းပေါင်းများစွာတန်ဖိုးရှိနေတဲ့အဆိုပါမြေကို သိမ်းယူခဲ့စဉ်က တောင်သူတွေက ဒီဥယျာဉ်ခြံမြေအတွက် တစ်ဧကကို ပိုက်ဆံကျပ် ၈၀ ခန့်သာ ရခဲ့တာ ဖြစ်ပါတယ်။ သိမ်းဆည်းတဲ့မြေများနဲ့စပ်လျဉ်းပြီးတော့မှ စိစစ်ဖို့အချက်အလက်များမှာဆိုလို့ရှိရင် သိမ်းဆည်းမြေများပေါ်တွင် မူလတင်ပြထားသည့် စီမံကိန်းအမျိုးအစားအတိုင်း လက်ရှိဆောင်ရွက်နေခြင်းရှိ/မရှိ စိစစ်ဖို့အတွက်ဆိုပြီးတော့မှ ညွှန်ကြားထားတာရှိပါတယ်။ ဒီလက်ရှိအစိုးရရဲ့ ချမှတ်ထားတဲ့မူဝါဒနဲ့ အညီမဟုတ်ဘဲနဲ့ မြေပြင်ပေါ်မှာဖြစ်ပျက်နေတဲ့ အနေအထားတွေအတွက်ကြောင့်မို့ ဒေသခံတောင်သူများ ထိခိုက်နစ်နာနေတဲ့အတွက်ကြောင့်မို့ ကူညီတည့်မတ်ပေးပါရန်အတွက် မေးခွန်းကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် နစ်နာတဲ့ပြည်သူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး မေးမြန်းတဲ့မေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွှေပျောက်ကျေးရွာအုပ်စု၊ အဒ္ဒတွော့ကျေးရွာအနီး အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲကို ၁၂-၂-၁၉၈၇ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး မြေဧရိယာ ၁၈၃.၇၉ ဧကပေါ်မှာ တည်ရှိပါတယ်။ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲဝင်းအတွင်းမှာ စားကျက်မြေဧရိယာ ၁၁၀.၃၅ ဧက၊ ခြံမြေ ၂၆ ဧက၊ လယ်မြေ ၄၆.၀၁ ဧက၊ ရွာမြေ ၁.၄၃ ဧကပါဝင်ပြီး အဆိုပါမြေများအနက် မြေဧရိယာ ၁၈၂.၃၆ ဧကမှာ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၅-၁-၁၉၉၁ ရက်စွဲပါစာဖြင့် လန-၃၉ ကျပြီး ဖြစ်ပါတယ်။ တပ်ဖွဲ့ခွဲပိုင်မြေဧရိယာ ၁၈၃.၇၉ ဧကအနက် ခြံမြေ ၂၆ ဧက၊ လယ်မြေ ၄၆.၀၁ ဧက စုစုပေါင်း မြေဧရိယာ ၇၂.၀၁ ဧကအား လျော်ကြေးပေးချေနိုင်ရေးအတွက် သိမ်းဆည်းခံရတဲ့ခြံပိုင်ရှင်/လယ်ပိုင်ရှင် ၁၉ ဦးတို့အနက် ၁၇ ဦးအား ၇-၅-၁၉၉၆ ရက်တွင်လည်းကောင်း၊ ကျန်နှစ်ဦးအား ၂၁-၅-၁၉၉၆ ရက်တွင်လည်းကောင်း မြေသိမ်းဆည်းမှုအတွက် ကာလပေါက်ဈေးနှင့်အညီ ပေးချေခဲ့ပြီးဖြစ်ပါတယ်။ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲဝင်းအတွင်း ကြက်မွေးမြူရေးလုပ်ငန်းအား ယခင်က ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ အကျိုးတူလုပ်ကိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ တပ်ဖွဲ့ဝင်များရဲ့လုပ်အားဖြင့် ကြက်ခြံနှစ်ခြံအား ဆောက်လုပ်ခဲ့ပြီး ကြက်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ သံထည်ပစ္စည်းဟောင်းအရောင်းအဝယ်လုပ်သူ ဦးရွှေပုအား သံထည်ပစ္စည်းဟောင်းများထားရှိရန်အတွက် သီလဝါ-ပါဒကြီးသွားကားလမ်း အဒ္ဒတွော့ကျေးရွာရှိ ရွှေမင်းသမီးခြံအားငှားရမ်းပြီး သံထည်ပစ္စည်းများထားရှိရာမှ မြေနေရာမလုံလောက်ပါသဖြင့် သံထည်ပစ္စည်းများအား ခေတ္တထားခွင့်ပြုပါရန် အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲသို့ အကူအညီတောင်းခံခဲ့သဖြင့် ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ အဆိုပါသံထည်ပစ္စည်းများ ထားရှိ

သောနေရာမှာ ရဲအရာရှိရိပ်သာတည်ဆောက်ရန်လျာထားသဖြင့် သံထည်ပစ္စည်းများအား ဆက်လက်ထားရှိခြင်းမပြုရန် ပြောကြားခဲ့မှုအပေါ် ၁၅-၈-၂၀၁၈ ရက်နေ့မှာ ဦးရွှေပုသည် ရွှေမင်းသမီးခြံသို့ ရွှေ့ပြောင်းသယ်ဆောင်ခဲ့ပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ရွှေမင်းသမီးခြံဟာ မြေဧရိယာ ၄.၀၃ ဧကကျယ်ဝန်းပြီး ဦးထွန်းလှဦးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားပြီး ဥယျာဉ်ခြံမြေဖြစ်ပါတယ်။ ဥယျာဉ်ခြံမြေပေါ်မှာ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ သံထည်ပစ္စည်းအဟောင်းများ စုပုံထားရှိသဖြင့် ရွှေပျောက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တားမြစ်စာသုံးကြိမ် ထုတ်ပြန်ခဲ့ပါတယ်။ ထို့အပြင် ကျောက်တန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ခြံပိုင်ရှင်အား ခေါ်ယူတွေ့ဆုံပြီး စုပုံထားတဲ့သံထည်ပစ္စည်းများအား သုံးလအတွင်း အပြီးဖယ်ရှားပေးရန်၊ လိုက်နာခြင်းမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၁၉ နှင့်အညီ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်းသိရှိကြောင်းကို ၄-၁၂-၂၀၁၈ ရက်နေ့မှာ ဝန်ခံကတိပြုလက်မှတ်ရေးထိုးစေခဲ့ပါတယ်။ ထိုအချိန်မှစ၍ ထပ်မံစုပုံခြင်းမရှိဘဲ ယခင်စုပုံထားရှိသော ပစ္စည်းများကို သယ်ထုတ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ ပြင်ပစီးပွားရေးလုပ်ငန်းရှင်များအား ကြက်မွေးမြူရေးဆောင်ရွက်ရန်အတွက် မြေငှားရမ်းခြင်း၊ အကျိုးတူလုပ်ကိုင်ခြင်းမရှိဘဲ တပ်ဖွဲ့ဝင်များရဲ့လုပ်အားဖြင့် ကြက်ခြံနှစ်ခြံ ဆောက်လုပ်၍ ကြက်မွေးမြူရေးလုပ်ငန်းအား လုပ်ကိုင်လျက်ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ခွဲပိုင်မြေအတွင်း စုပုံထားရှိတဲ့ သံထည်ပစ္စည်း အဟောင်းများအား ဖယ်ရှားရှင်းလင်းပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။ မိုက်ပေးပါ။

**ဗိုလ်မှူးချုပ်မောင်မောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်အေးမြမြမျိုး တင်ပြသွားတာမှာ တပ်သိမ်းမြေရဲ့စည်းကမ်းချက်တွေ တင်ပြသွားတာ ဖြစ်ပါတယ်။ အခုကတော့ ကျွန်တော်တို့ တပ်မတော်က သိမ်းတဲ့မြေမဟုတ်ပါဘူး။ ဒါက ရဲတပ်ရင်း၊ ရဲလုံခြုံရေးအတွက်၊ ပြည်ထဲရေးကွပ်ကဲမှုအောက်မှာရှိတဲ့ ရဲတပ်ရင်းအတွက် သိမ်းတဲ့မြေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းမှာပါတဲ့ ဒီဆွေးနွေးချက်မှာတော့ တပ်သိမ်းမြေဆိုတဲ့ ဆွေးနွေးချက်ကတော့ အကျုံးမဝင်ပါဘူးခင်ဗျား။ အဲဒါကြောင့်မို့လို့ ဒါကိုတော့ မဆိုင်တဲ့အတွက် ပယ်ဖျက်ပေးဖို့ တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထဲရေးဝန်ကြီးဌာနကလည်း ဒါကို ဖြေကြားသွားပြီးဖြစ်ပါတယ်။ အဲဒါကို ပြန်လည်စိစစ်သုံးသပ်ပြီး ဆောင်ရွက်သွားပါမယ်။

**ဗိုလ်မှူးချုပ်မောင်မောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကျွန်တော်ပြောတာက ဒေါ်အေးမြမြမျိုး တင်ပြသွားတဲ့ Power Point မှာ တပ်သိမ်းမြေဆိုပြီးတော့ ဖော်ပြချက်ကို။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကောင်းပါပြီ။ အဲဒါကို ပြန်ကြည့်ပြီးမှ စိစစ်ဆောင်ရွက်ပေးပါမယ်။

**နမ့်တူမြို့နယ်တွင် ချာနန်းရှား၊ စီဘရ်ဂျလားလ်၊ ဂီယန်ဆင်၊ ချူကာကွေး(ဦးပိုင်အမှတ် ၆၄/၁၁၆)၊ ချူကာကွေး(ဦးပိုင်အမှတ် ၆၁)၊ အဖော်၊ ချူကာကွေး(ဦးပိုင်အမှတ် ၉၃)၊ ရှီကမ်ဒါမီးရား၊ ချင်ပတ်စူး စသည့်အမည်ပေါက် အဆောက်အအုံများကို မည်သည့်ခုနှစ်တွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒေါ်နန်းခမ်းအေး(နမ့်တူမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါရှင်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့မှာ နမ့်တူမြို့ရဲ့ အချက်အချာကျတဲ့နေရာမှာရှိပြီးတော့ အိမ်ခြေမဲ့နေတဲ့ဝန်ထမ်းတချို့နှင့် ပြည်သူတချို့ ငှားရမ်းနေထိုင်ရတဲ့ အဆောက်အဦ ၉ လုံးနှင့်ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက် ပိုင်ဆိုင်သူ ချာနန်းရှား မြေချိန်အမှတ် ၀.၁၁၄ ဧကရှိတဲ့ အဆောက်အဦနှင့်တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက် ပိုင်ဆိုင်သူ စီဘရ်ဂျလားလ်ရဲ့ မြေကွက်တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက်ပိုင်ဆိုင်သူ ဂီယန်ဆင်ရဲ့ ၀.၁၁ ဧကရှိတဲ့ အဆောက်အဦနှင့် တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက် ပိုင်ဆိုင်သူ ချူကာကွေးရဲ့ ၀.၁၅၈ ဧကရှိတဲ့ အဆောက်အဦနှင့်တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက် ပိုင်ဆိုင်သူ ချူကာကွေးရဲ့ ၀.၁၂၉ ဧကရှိတဲ့ အဆောက်အဦနှင့် တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက် ပိုင်ဆိုင်သူအဖော်ရဲ့ ၀.၁၀၃ ဧကရှိတဲ့ အဆောက်အဦနှင့် တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက်ပိုင်ဆိုင်သူ ချူကာကွေးရဲ့ ၀.၁၄၃ ဧကရှိတဲ့အဆောက်အဦနှင့် တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရှီကမ်ဒါမီးရားရဲ့ ၀.၁၂၁ ဧကရှိတဲ့ အဆောက်အဦနှင့် တည်နေရာပြပုံဖြစ်ပါတယ်။ မူလဦးပိုင်အမည်ပေါက်ပိုင်ဆိုင်သူ ချင်ပတ်စူးရဲ့ ၀.၀၆၅ ဧကရှိတဲ့ အဆောက်အဦနှင့် တည်နေရာပြမြေပုံဖြစ်ပါတယ်။ အဲဒါကြောင့် အဲဒီအဆောက်အဦတွေကို ဘယ်ခုနှစ်မှာ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီးတော့ ဘယ်လိုစီမံဆောင်ရွက်ထားတယ်ဆိုတာကို သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ နမ့်တူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကျောက်မဲ ခရိုင်၊ နမ့်တူမြို့နယ်၊ ပန်ဟိုက် ၃ ရပ်ကွက်မှာ တရုတ်နိုင်ငံသား ၃ ဦး ပိုင်ဆိုင်တဲ့ အဆောက်အဦ ၅ လုံး၊ အိန္ဒိယနိုင်ငံသား ၄ ဦးပိုင်ဆိုင်တဲ့ အဆောက်အဦ ၄ လုံးရှိပါတယ်။ အဆိုပါ နိုင်ငံခြားသား ၇ ဦးအနက် ၄ ဦးမှာ အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ၂ ဦးမှာ တရုတ်နိုင်ငံသို့လည်းကောင်း၊ ၁ ဦးမှာ အမေရိကန်နိုင်ငံသို့လည်းကောင်း အသီးသီးအပြီးအပိုင် ထွက်ခွာသွားကြကြောင်း စိစစ်သိရှိရပါတယ်။ နိုင်ငံခြားသားအမည်ပေါက် အဆောက်အဦများကို ပြည်ထဲရေးဝန်ကြီး

ဌာနရဲ့ ၃၁-၁၀-၂၀၁၈ ရက်စွဲပါစာဖြင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ) အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ပြီး အဆိုပါ အဆောက်အဦ ၉ လုံးအား မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၇ အရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါ အဆောက်အဦ ၉ လုံးနှင့်ပတ်သက်၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းကြောင်း အမိန့်မထုတ်ပြန်မီ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့ရဲ့ ၂၈-၁-၂၀၁၁ ရက်စွဲပါစာဖြင့် ခုခံချေပလွှာ တင်သွင်းလိုပါက မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ ရက်ပေါင်း ၃၀ အတွင်း စိစစ်ရေးအဖွဲ့သို့ တင်ပြနိုင်ကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဈေး၊ သိမ်းဆည်းမည့်မြေနေရာနှင့် အများပြည်သူမြင်သာသည့်နေရာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ထို့အပြင် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းကြောင်း အမိန့်ထုတ်ပြန်ပြီး လွှဲပြောင်းပေးခဲ့မှုအပေါ် ကျေနပ်မှုမရှိပါက ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ အယူခံဝင်နိုင်ကြောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဈေး၊ သိမ်းဆည်းမည့်မြေနေရာနှင့် အများပြည်သူမြင်သာသည့်နေရာများတွင် အသိပေးကြေညာထားရှိသည့်အပြင် မြန်မာနိုင်ငံပြန်တမ်းတွင်လည်း အမိန့်ကြေညာစာ ထုတ်ပြန်ထားရှိခဲ့ပါတယ်။

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့တဲ့ မြေနှင့်အဆောက်အဦ ၉ လုံးတို့အား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် မြေနှင့်အဆောက်အဦစာရင်းတွင် ပါရှိပြီးဖြစ်ပါတယ်။ အဆိုပါ အဆောက်အဦ ၉ လုံးအား ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှစ၍ နမ္မတူမြို့ ဌာနဆိုင်ရာဝန်ထမ်းအချို့တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခရရှိငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်း MD-020590 သို့ နှစ်စဉ်ပေးသွင်းလျက်ရှိပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ်၊ ကျောက်မဲခရိုင်၊ နမ္မတူမြို့နယ်၊ ပန်ဟိုက်ရပ်ကွက်ရှိ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် မြေနှင့်အဆောက်အဦ ၉ လုံးတို့အား ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေအရ သိမ်းဆည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လွှဲပြောင်းထားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါ အဆောက်အဦများ ငှားရမ်းခရရှိငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ နှစ်စဉ်ပေးသွင်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နန်းခမ်းအေး(နမ္မတူမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ ကျွန်မဒီမေးခွန်းကိုမေးရတာက ကျွန်မ နမ္မတူမြို့မှာဆိုလို့ရှိရင် မြေနေရာအပိုင်မရှိတဲ့ရုံးတွေ အများကြီးရှိပါတယ်။ အဲဒီသက်ဆိုင်ရာရုံးတွေအတွက် ကျွန်မ ဦးတည်ပြီးမေးမြန်းခြင်းဖြစ်ပါတယ်။ အခု ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းပြီးတဲ့နောက်ပိုင်းမှာ မြေစာရင်းဦးစီးဌာနမှာ မူလပိုင်ရှင်

အမည်ပေါက်တွေနဲ့ပဲ ထားရှိပြီးတော့ ဒီလိုစီမံခန့်ခွဲနေတယ်ဆိုတာ ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိ သိရှိလိုပါတယ်။ ပြီးတော့ ဒီငှားရမ်းထားတယ်ဆိုတဲ့နေရာမှာ ဘယ်လိုဘယ်နည်းနှင့် ဘယ်လိုစာချုပ်သက်တမ်း ဘယ်လောက်နှင့်ငှားရမ်းထားတယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရှမ်းပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီးတော့မှ ဒီဌာနအမည်ပေါက် ကိုးလုံးကို ကျွန်တော်တို့ ထွေအုပ်ပိုင်အဖြစ် သိမ်းဆည်းထားရှိပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ ဆက်ပြီးတော့မှ ဒီဟာကို ဘယ်လိုငှားရမ်းမယ် ဘယ်လိုဆိုတာတော့ ကျွန်တော်ဆက်ပြီးတော့မှမေးပြီး ပြန်လည်ဖြေကြားပေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များကို ပြောကြားစရာတစ်ခုရှိပါတယ်။ အဲဒါဟာ ဘာလဲဆိုရင် မေးခွန်းများမေးမြန်းတဲ့အချိန်မှာ၊ မေးခွန်းများပေးပို့တဲ့အချိန်မှာ ကျိုးကြောင်းဖော်ပြချက်နှင့် စုံလင်အောင်ဖော်ပြမှသာလျှင် သက်ဆိုင်ရာဝန်ကြီးဌာနကလည်း တိတိကျကျမှန်မှန်ကန်ကန် ကျယ်ကျယ်ပြန့်ပြန့် စုံစုံလင်လင်နဲ့ဖြေကြားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့မေးမြန်းတဲ့ မေးခွန်းတစ်ခုမှာ နမ္မတူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့မေးခွန်းဟာ အင်မတန်မေးမြန်းသင့်တဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျိုးကြောင်းဖော်ပြချက်မှာတော့ အကုန်မပါတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဒါဘယ်ဥပဒေနှင့်ငြိတယ်ဆိုတဲ့ အနေအထားမျိုးကို ယေဘုယျသဘောမျိုးနဲ့ပဲ ဖြေကြားနိုင်တဲ့အနေအထားမျိုး ဖြစ်ပါတယ်။ နောင်ကျရင် မေးခွန်းမေးမြန်းတဲ့အချိန်မှာ တိတိကျကျ ပြည်သူတွေကို ပြန်ချပြနိုင်အောင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ကျိုးကြောင်းဖော်ပြချက်နှင့်တကွ မေးမြန်းဖို့ ပန်ကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက အစီရင်ခံစာတင်ပြဖို့ ဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလှိုင်မြင့်ဟန်(အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်း ရေးဖော်ဆောင်မှုကော်မတီ

ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ ကော်မတီ၏ ၁၇-၂-၂၀၁၇ မှ ၂၀-၆-၂၀၁၈ အထိ ဆောင်ရွက်ခဲ့သော အစီရင်ခံစာကို ကန့်ဘလူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာလှိုင်မြင့်ဟန်က ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။ အစီရင်ခံစာကို ကိုယ်စားလှယ်ကြီးများ ထံ ဖြန့်ဝေထားပြီးဖြစ်၍ အနှစ်ချုပ်ကိုသာ တင်ပြခွင့်ပြုပါခင်ဗျား။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

## နိဒါန်း

၁။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ၀ ဒီမိုကရက်တစ်ပါတီ၊ တအာင်းအမျိုးသားပါတီ၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် စသည့်ပါတီအသီးသီး၊ ဒေသအသီးသီးတို့မှ လွှတ်တော် ကိုယ်စားလှယ်များနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ဖြင့်ပါဝင်ဖွဲ့စည်းထားပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ သက်၊ ရှမ်း၊ ပအိုဝ်း၊ နာဂ၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားလူမျိုးများ ပါဝင်ပါတယ်။

## ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် ရည်ရွယ်၍ ပြုစုတင်ပြရခြင်းဖြစ်ပါတယ်။

## ဖွဲ့စည်းခြင်း

၃။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၁၇-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၆)ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၅)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၈)ဖြင့် သက်တမ်းတိုးဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၈ ဦးနှင့် လေ့လာသူတပ်မတော်သားကိုယ်စားလှယ် နှစ်ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

## ငြိမ်းချမ်းရေးဆောင်ရွက်ချက်များ

ယခုအချိန်ကာလဟာ နိုင်ငံတော်သည် အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစု ပင်လုံအစည်းအဝေးများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီ၏တာဝန်ပေးချက်အရ ကော်မတီဥက္ကဋ္ဌသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သော ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပါတယ်။ ၁၃-၂-၂၀၁၈ ရက်နေ့၌ကျင်းပပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တွင် ပါဝင်သင့် ပါဝင်ထိုက်သူများပါဝင်လာရေး၊ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီတွင်လည်းကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်-(NCA)လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ကော်မတီအတွင်းရေးမှူးသည် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ လုံခြုံရေးကိစ္စရပ်များ ဆွေးနွေးမှုလုပ်ငန်းကော်မတီတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

## ကော်မတီမှ ကွင်းဆင်းလေ့လာရေးခရီးသွားရောက်ခြင်း

ကော်မတီဥက္ကဋ္ဌဦးဆောင်သောအဖွဲ့ဝင်(၆)ဦးတို့သည် ၂၅-၁၁-၂၀၁၇ ရက်နေ့မှ ၂၉-၁၁-၂၀၁၇ ရက်နေ့အထိ ကယားပြည်နယ်၊ လွိုင်ကော်၊ ဒီမော့ဆို၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်နှင့် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသများရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ

နှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များ၊ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်မှုအခြေအနေများကို လေ့လာခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါအကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းနှင့် ဥပဒေစာအုပ်များကို ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းရင်းသားတို့၏ အောက်ဖော်ပြပါတင်ပြချက်များအနက် အချို့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ၂၁-၃-၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ၅-၆-၂၀၁၈ ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

ကော်မတီဝင်များသည် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲအပါအဝင် စုစုပေါင်း ၇၆ ကြိမ် တက်ရောက်ခဲ့ပါသည်။

**ကော်မတီဝင်များ၏ပြည်ပခရီးစဉ်များ**

ကော်မတီဝင်များသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၇-၂-၂၀၁၇ ရက်နေ့မှ ၂၀-၆-၂၀၁၈ ရက်နေ့အထိ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီအတွင်းရေးမှူးသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဆောင်သော ဂျပန်နိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်ကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစောဇစ်တာခလိုက်သည် ၃၁-၇-၂၀၁၇ ရက်နေ့မှ ၁၀-၈-၂၀၁၇ ရက်နေ့အထိ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖွင့်လှစ်ပေးသည့် အိန္ဒိယသမ္မတနိုင်ငံ Bureau of Parliamentary Studies & Training သင်တန်းများနှင့် ၃-၁၂-၂၀၁၇ ရက်နေ့မှ ၈-၁၂-၂၀၁၇ ရက်နေ့ထိ ဗီယက်နမ်နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် Study Tour Program on Robusta Coffee Development သို့ လေ့လာရေးခရီးစဉ်ကိုလည်းကောင်းသွားရောက်ခဲ့ပါသည်။

**ပြင်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများ**

ကော်မတီသည် ထွယ်(ဝင်းလက်)ဂျဲန်ဒါနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ BRAVEHEART FOUNDATION တို့နှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် မြေပြင်၌တိုင်းရင်းသားများ ပကတိကြုံတွေ့နေရသော စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့အရ ပွဲတော်များကျင်းပနိုင်ရေးအခက်အခဲများကို လွတ်လပ်စွာဆောင်ရွက်နိုင်မည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၏ နည်းဥပဒေအမြန်ဆုံးအတည်ပြုနိုင်ရေးအတွက် ကော်မတီမှပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများနှင့် ၎င်းတို့၏အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

ကော်မတီသည် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တာဝန်ရှိသူများ၏ဖိတ်ကြား၍ ဆောင်ရွက်ချက်များကို

ရှင်းလင်းတင်ပြပေးရန် ညှိနှိုင်းအစည်းအဝေးနှစ်ကြိမ်နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့်တစ်ကြိမ် ပြုလုပ်ခဲ့ပါသည်။

ကော်မတီမှစစ်ဆေးရမည့်ဥပဒေများမှာ ကိုးခုရှိပါသည်။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအပြင် ကော်မတီသည် ဘတ်ဂျက်စိစစ်ရေးပူးပေါင်းကော်မတီအဖွဲ့(၅)တွင်ပါဝင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ရသုံးမှန်းခြေငွေစာရင်းကို စိစစ်သည့်လုပ်ငန်းကိုလည်း ဆောင်ရွက်ရပါသည်။

## သုံးသပ်အကြံပြုချက်

ယနေ့အချိန်ကာလသည် ဒေသတိုင်းတွင် ပြည်သူလူထုများက ငြိမ်းချမ်းရေးရယူလိုသော ဆန္ဒပြင်းပြ၍ တိုင်းရင်းသားဒေသများတွင်ဖြစ်ပွားလျက်ရှိသောပဋိပက္ခများအားဖြေရှင်းရာတွင် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်များက တာဝန်နှင့်ဆောင်ရွက်ခွင့်မူဘောင်အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းတို့ဖြင့် တိုးတက်မှုများရရှိစေနိုင်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားလူမျိုးများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ ဒေသတစ်ခုချင်းနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို ကော်မတီဝင်များက ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖက်ဒရယ်အခြေခံမူများကို ပိုမိုရရှိစေနိုင်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလည်း ဆောင်ရွက်ရန် UPDJC မှချထားပေးသော အချက်အလက်များကို လွှတ်တော်အစုအဖွဲ့မှ ကြိုတင်ဆွေးနွေးသည့်အစည်းအဝေးတိုင်းတွင် ကော်မတီမှ ပူးပေါင်းပါဝင်ခွင့်ရရှိခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များပါဝင်ဆောင်ရွက်စေခြင်းဖြင့် ယုံကြည်မှုရရှိပြီး ငြိမ်းချမ်းရေးကိုပို၍ ခရီးရောက်စေနိုင်ပါသည်။ တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းကြာရှည်စွာစဉ်ဆက်မပြတ်ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ပြီး နိုင်ငံ့ရင်သွေးငယ်များ လက်နက်ကိုင်ဆောင်မည့်အစား ကလောင်ကိုင်သောလက်များဖြင့်သာ မြင်တွေ့လိုပါသဖြင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသင့်ကြောင်း ဆန္ဒအမှန်ဖြင့်ဖော်ပြအပ်ပါသည်။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်းပြီးသည့်အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖွဲ့စည်းပြီးဖြစ်၍ ဥပဒေနှင့်အညီ ဒေသအသီးသီးနှင့် တိုင်းရင်းသားများအတွက် အကျိုးသက်ရောက်မှုရှိစေမည့် နည်းဥပဒေအမြန်ဆုံးအတည်ပြုပေါ်ထွက်လာရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

**မူကြမ်း**

**နိဂုံး**

တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအနေဖြင့် တိုင်းရင်းသားများမျှော်လင့်လျက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်စောင့်ရှောက် ဖော်ထုတ်မြှင့်တင်ခြင်းလုပ်ငန်းရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် များစွာလိုအပ်နေသေးကြောင်း တွေ့မြင်ရပါသည်။ ထိုသို့ရှင်သန်ခွင့်ဖော်ဆောင်ပေးနိုင်မှသာလျှင် ကိုလိုနီစနစ်ဟောင်းနှင့် ခေတ်အဆက်ဆက်ကထားရစ်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေသောအမွေဆိုးကို ဖယ်ရှားနိုင်ပြီး နိုင်ငံသားအားလုံး၏ဆန္ဒဖြစ်သော တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိနိုင်မည်ဟု ယုံကြည်ပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်**

**တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏**
**လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

**နိဒါန်း**

၁။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၊ “ဝ” ဒီမိုကရက်တစ်ပါတီ၊ တအာင်း (ပလောင်) အမျိုးသားပါတီ၊ ကချင်ပြည်နယ် ဒီမိုကရေစီပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ရခိုင်အမျိုးသားပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် စသည့်ပါတီအသီးသီး၊ ဒေသအသီးသီးတို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ သက်၊ ရှမ်း၊ ပအိုဝ်း၊ နာဂ၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားလူမျိုးများပါဝင် ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၂၀ ရက်နေ့အထိ လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပလုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ပါရန် ရည်ရွယ်၍ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

## ဖွဲ့စည်းခြင်း

၃။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ (၁၇.၂.၂၀၁၆) ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၆ ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ကော်မတီအဖွဲ့ဝင် ဒေါ်မြခွာညိုဦး (ရွှေတောင်မဲဆန္ဒနယ်) အစား ဦးကျော်မင်း (လက်ပံတန်းမဲဆန္ဒနယ်) အား (၇.၃.၂၀၁၆) ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၉/ ၂၀၁၆) ဖြင့်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစိုးဌေး (ကော့ကရိတ်မဲဆန္ဒနယ်) အစား ဦးစောဗစ်တာခလိုက် (သံတောင်ကြီးမဲဆန္ဒနယ်) အား (၃.၅.၂၀၁၆) ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၆) ဖြင့်လည်းကောင်း အစားထိုးဖွဲ့စည်းခဲ့ပါသည်။

၅။ ထို့ပြင် ကော်မတီလုပ်ငန်းများ ဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန် ထပ်မံ၍ (၁၆.၂.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) ဖြင့် ကော်မတီအဖွဲ့ဝင်များအဖြစ် ဦးအောင်ကျော်ဦး (ခ) ဦးကျော်ဦး (မိုင်းတုံမဲဆန္ဒနယ်)၊ ဦးဝမ်းလှ (နန်းယွန်းမဲဆန္ဒနယ်)နှင့် ဦးစံခင်(ကန်ပက်လက်မဲဆန္ဒနယ်) တို့ကိုလည်းကောင်း (၁၆.၂.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏အမိန့်အမှတ် (၁/၂၀၁၇) ဖြင့် လေ့လာသူများအဖြစ် ဗိုလ်မှူးကြီးသန်းအောင် နှင့် ဗိုလ်မှူးမြတ်သူရတို့ကိုလည်းကောင်း ထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၆။ ကော်မတီတွင် လေ့လာသူတပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင်အစား ဒုတိယဗိုလ်မှူးကြီးရန်နိုင်ကျော်အား (၂၉.၅.၂၀၁၇) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ် (၂/၂၀၁၇) ဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးရန်နိုင်ကျော်အစား ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး အား (၂၃.၅.၂၀၁၈) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်အမှတ် (၁/၂၀၁၈) ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် လစ်လပ်လျက်ရှိသည့် အဖွဲ့ဝင်တစ်ဦး၏နေရာတွင် ဦးလူတယ်ဟုန် (ခ) ဦးအောင်ရွှေ (လောက်ကိုင်မဲဆန္ဒနယ်) အား (၁၁.၆.၂၀၁၈) ရက်စွဲပါ ပြည်သူ့လွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈) ဖြင့် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၇။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို (၂၀.၂.၂၀၁၈) ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၈) ဖြင့် သက်တမ်းတိုးဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၈) ဦးနှင့် လေ့လာသူတပ်မတော်သားကိုယ်စားလှယ် (၂) ဦး တို့ဖြင့် ဖွဲ့စည်းခဲ့ပါသည် -

| | အမည် | မဲဆန္ဒနယ် | ရာထူး |
|---|---|---|---|
| (က) | ဦးခွန်မောင်သောင်း | ပင်လောင်း | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာစိုင်းလှသိန်း | ချမ်းမြသာစည် | အဖွဲ့ဝင် |

**မူကြမ်း**

| | အမည် | မဲဆန္ဒနယ် | ရာထူး |
|---|---|---|---|
| (ဂ) | ဦးပဲ့ဒူ | ဖရူဆို | အဖွဲ့ဝင် |
| (ဃ) | ဦးစောဇစ်တာခလိုက် | သံတောင်ကြီး | အဖွဲ့ဝင် |
| (င) | ဦးစိန်အောင် | ပလက်ဝ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာလှိုင်မြင့်ဟန် | ကန့်ဘလူ | အဖွဲ့ဝင် |
| (ဆ) | ဦးကျင်ဝမ်း | ဟိုပန် | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်မင်း | လက်ပံတန်း | အဖွဲ့ဝင် |
| (ဈ) | ဦးထွန်းကျော် | နမ့်ခမ်း | အဖွဲ့ဝင် |
| (ည) | ဦးလမာနော်အောင် | အင်ဂျန်းယန် | အဖွဲ့ဝင် |
| (ဋ) | ဦးထွန်းမြအောင် (ခ) ဦးစောထွန်းမြအောင် | ဖာပွန် | အဖွဲ့ဝင် |
| (ဌ) | ဦးလှထွန်းကျော် | မောင်တော | အဖွဲ့ဝင် |
| (ဍ) | ဒေါ်နန်းခမ်းအေး | နမ္မတူ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ချုပ်သန်းထွတ်သိန်း | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးအောင်ကျော်ဦး (ခ) ဦးကျော်ဦး | မိုင်းတုံ | အဖွဲ့ဝင် |
| (တ) | ဦးဝမ်းလှ | နန်းယွန်း | အဖွဲ့ဝင် |
| (ထ) | ဦးလူတယ်ဟုန် (ခ) ဦးအောင်ရွှေ | လောက်ကိုင် | အဖွဲ့ဝင် |
| (ဒ) | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနား | အတွင်းရေးမှူး |
| (ဓ) | ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး | တပ်မတော်သား | လေ့လာသူ |
| (န) | ဗိုလ်မှူးမြတ်သူရ | တပ်မတော်သား | လေ့လာသူ |

တို့ဖြစ်ပြီး အမျိုးသားကိုယ်စားလှယ် (၁၉) ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် (၁) ဦးတို့ပါဝင်ပါသည်။

**မူကြမ်း**

**ကော်မတီ၏ သက်တမ်း**

၈။ ကော်မတီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါကသက်တမ်းတိုးနိုင်သည်။

၉။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလိုလဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်များ**

၁၀။ ကော်မတီသည် -

(က) တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

( ခ ) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်ရမည်။

( ဂ ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို အလေးထားဆောင်ရွက်ရမည်။

(ဃ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမည်။

( င ) ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့်လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

( စ ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဆ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဇ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၁။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ် ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကိုဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်း ရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

**ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်ချက်များ**

၁၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ရေရှည်တည်တံ့ သော ငြိမ်းချမ်းရေးရှိမှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏အနာဂတ်တွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလ ဖြစ်ပါသည်။ ယခုအချိန်တွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမှသာ အောင်မြင်မှုရရှိနိုင်မည်ဟု ယုံကြည်သည်နှင့်အညီ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံအစည်းအဝေးများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်နိုင်ရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဘက်ဘက်မှ ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

၁၃။ ကော်မတီဥက္ကဋ္ဌသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်

ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေး ၆ ကြိမ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို စဉ်ဆက်မပြတ်တက်ရောက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သော ဒေသအလိုက်အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ ၁၃.၂.၂၀၁၈ ရက်နေ့၌ ကျင်းပပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့မှ ပါဝင်လက်မှတ်ရေးထိုးပွဲအခမ်းအနား၌ အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။

၁၄။ ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံတွင် ပါဝင်သင့် ပါဝင်ထိုက်သူ များ ပါဝင်လာရေး၊ ညီလာခံအောင်မြင်စွာကျင်းပနိုင်ရေးအတွက်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှု များ လုပ်ဆောင်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီ"တွင်လည်းကောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (Nationwide Ceasefire Agreement - NCA) လက်မှတ်ရေးထိုးပြီးသည့်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ဖွဲ့စည်းထားသည့် "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်း အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)"တွင်လည်းကောင်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့နည်းတူ ကော်မတီအတွင်းရေးမှူးသည် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ၏ လုံခြုံရေးကိစ္စရပ်များဆွေးနွေးမှုလုပ်ငန်းကော်မတီတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပဆောင်ရွက်ချက်များ**

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၇ - ၂ - ၂၀၁၇ ရက်နေ့မှ ၂၀ - ၆ - ၂၀၁၈ ရက်နေ့အထိ ကော်မတီဝင်များသည် အဆို (၁) ခု၊ ကြယ်ပွင့်ပြမေးခွန်း (၁၇) ခု၊ ကြယ်ပွင့်မပြမေးခွန်း (၄၀) ခု နှင့်ထောက်ခံဆွေးနွေးခြင်း (၃၁) ကြိမ်တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

၁၆။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်(၆) ဦးတို့သည် ၂၀၁၇ - ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေး ပူးပေါင်းအဖွဲ့ (၅) တွင်ပါဝင်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၏ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများကို စိစစ်ခဲ့ပါသည်။

၁၇။ ကော်မတီအဖွဲ့ဝင်များသည် လွှတ်တော်ရပ်နားချိန်အတွင်း သက်ဆိုင်ရာပြည်နယ် အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ မိမိတို့၏မဲဆန္ဒနယ်များရှိ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးခြင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားခြင်း၊ လူထုတွေ့ဆုံပွဲများကျင်းပခြင်း၊ တိုင်းရင်းသားရိုးရာပွဲတော်များကျင်းပရာဒေသများသို့သွားရောက်၍ အားပေးအသိအမှတ်ပြုခြင်း၊ သိမ်းဆည်းခံမြေများအားမူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ရန် တင်ပြပေးခြင်း၊ ပြည်နယ်/တိုင်း သိမ်းဆည်းမြေများပြန်လည်စိစစ်ရေးအဖွဲ့နှင့် မြို့နယ်အတွင်းလိုက်လံစိစစ်ခြင်း၊ ရေကြီးရေလျှံကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်လူထုများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ တီကျစ်ကျောက်မီးသွေးဓာတ်အားပေး စက်ရုံပြန်လည်လည်ပတ်နိုင်ရေးအတွက် ဝန်ကြီးဌာနနှင့်ဒေသခံပြည်သူများ တွေ့ဆုံညှိနှိုင်းသည့်အစည်းအဝေးသို့ တက်ရောက်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်နယ်နမိတ် အငြင်းပွားမှုကိစ္စအားသက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ ဒေသခံပြည်သူများနှင့်အတူ ညှိနှိုင်းဖြေရှင်းပေးခြင်း၊ စစ်ဘေးရှောင်ဒုက္ခသည်များအတွက် ပြည်နယ်အစိုးရနှင့်ညှိနှိုင်း၍လည်းကောင်း၊ ကြက်ခြေနီအသင်း၏အကူအညီဖြင့်လည်းကောင်း အားပေးကူညီထောက်ပံ့ခြင်း၊ ၎င်းတို့၏ဆန္ဒသဘောထားများကို သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ ကျေးရွာများတွင် လမ်း/ တံတား၊ သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် ပြည်သူလူထုအမှန်တကယ်လိုအပ်လျက်ရှိသည့် အခြားလုပ်ငန်းများကိုပြည်ထောင်စုလွှတ်တော် သိန်း (၁၀၀၀) ရန်ပုံငွေဖြင့် ကြီးကြပ်ဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ ကော်မတီဝင်များသည် မိမိတို့နှင့်သက်ဆိုင်သော မဲဆန္ဒနယ်မြေများတွင် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်း (၁၆၅) ခု၊ ရေရရှိရေးလုပ်ငန်း (၅၄) ခုနှင့်ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သည့် အခြားလုပ်ငန်းများ (၄၁) ခုတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေနှင့်ပတ်သက်၍ ပြည်သူများသိရှိစေရန် အသိပေးရှင်းလင်းတင်ပြခဲ့ပါသည်။

## ကော်မတီမှ ကွင်းဆင်းလေ့လာရေးခရီးသွားရောက်ခြင်း

၁၈။ ကော်မတီဥက္ကဋ္ဌဦးဆောင်သောအဖွဲ့ဝင် (၆) ဦးတို့သည် ၂၅.၁၁.၂၀၁၇ ရက်နေ့မှ ၂၉.၁၁.၂၀၁၇ ရက်နေ့အထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်နှင့် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ များရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ ၍ ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စရပ်များ၊ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်မှုအခြေအနေများကိုလေ့လာခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပါအကြောင်းအရာများကို ရှင်းလင်းတင်ပြခြင်းနှင့် ဥပဒေများကို ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်ခဲ့ပါသည်။ တိုင်းရင်းသားတို့၏

အောက်ဖော်ပြပါ တင်ပြချက်များအနက်အချို့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် (၂၁.၃.၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် (၅.၆.၂၀၁၈) ရက်နေ့တွင်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည် -

(က) တိုင်းရင်းသားလူမျိုးစုတစ်မျိုးတွင် အမည် (၂) မျိုးဖြစ်နေခြင်း၊ စာပေမှတ်တမ်းတင်သည့်အမည်နှင့် မိမိလူမျိုး၏အမည်ကွဲလွဲနေခြင်း၊ (ဥပမာ- ကယန်း (ခ) ပဒေါင်၊ ပရဲ (ခ) ကယောနှင့် မနုမနော (ခ) ကော်ယော်) အမည်ဖြင့် ခေါ်ဝေါ်မှုများရှိနေပါသဖြင့် လက်ရှိတိုင်းရင်းသား လူမျိုး(၁၃၅)မျိုးတို့၏ အမည်မှန်နှင့် အမည်စာရင်းအမှန်ရရှိရေးတို့ကို ဝန်ကြီးဌာနက ပြန်လည်ဆန်းစစ်ဆောင်ရွက် ပေးသင့်ကြောင်း တင်ပြခြင်း၊

(ခ) လူဦးရေစုစုပေါင်း (၁၀၀၀) ခန့်သာရှိနေသော ယင်းတလဲလူမျိုးသည် ပျောက်ကွယ်လု တိုင်းရင်းသားဖြစ်နေကြောင်း၊ ထိုနည်းတူ မြန်မာနိုင်ငံတွင် ပျောက်ကွယ်လု တိုင်းရင်းသားများစွာရှိနေခြင်းကို မှတ်တမ်းတင်သုတေသနပြု ၍ ကူညီစောင့်ရှောက်ပေးရန်တင်ပြခြင်း၊

(ဂ) ကယားပြည်နယ်ရှိ ဂေဘားတိုင်းရင်းသား၏ တင်ပြချက်အရ ကရင်ပြည်နယ်တွင် ဂေဘားတိုင်းရင်းသားများ သိန်းကျော်ရှိနေသော်လည်း တိုင်းရင်းသားရေးရာဝန်ကြီး မရသည့်အတွက် အခွင့်အရေးဆုံးရှုံးနေကြောင်းနှင့် ထိုနည်းတူ တောင်ရိုးတိုင်းရင်းသားများမှလည်း တိုင်းရင်းသားရေးရာဝန်ကြီးရရှိရေးတင်ပြခြင်း၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်တွင် လူမျိုးအမည်အမှန်ဖြင့် မှတ်ပုံတင်နိုင်ရေးပြန်လည်စိစစ်ဆောင်ရွက်ပေးရန်တင်ပြခြင်း၊

(င) တိုင်းရင်းသားတိုင်း၏ စကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဖွံ့ဖြိုးတိုးတက်ရှင်သန်စေရန် နိုင်ငံတော်မှနှစ်စဉ်ဘတ်ဂျက်ရေးဆွဲ၍ ကူညီဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေနိုင်ခြင်း၊

(စ) တိုင်းရင်းသားစာပေ သင်ကြားရေးတွင် တိကျခိုင်မာသော ပြဌာန်းစာအုပ်၊ သင်ကြားမှု ထောက်ပံ့မှုမျိုး ဖြစ်လာစေရေး စီမံဆောင်ရွက်ပေးရန်၊

(ဆ) နှစ်စဉ်ကျင်းပမြဲဖြစ်သော တိုင်းရင်းသားတို့၏ အမျိုးသားနှင့် သက်ဆိုင်သည့် နေ့ထူးနေ့မြတ်များကျင်းပခြင်းကို နိုင်ငံတော်က ကူညီပံ့ပိုးဖော်ဆောင်ပေးခြင်းဖြင့် တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အပေါ်ထားရှိသော သံယောဇဉ်ပိုမိုခိုင်မာ အမြစ်တွယ်စေမှုကို ဖြစ်ထွန်းစေခြင်း၊

(ဇ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအတွက် ကျောင်းသားရွေးချယ်ရာတွင်လည်းကောင်း၊ ကျောင်းဆင်းပွဲများ တက်ရောက်

ရာတွင်လည်းကောင်း တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်ဆောင်ရွက်ပေးစေလိုခြင်း၊

(ဈ) မဖွံ့ဖြိုးမတိုးတက်သေးသော တိုင်းရင်းသား ဒေသများစွာရှိနေခြင်းကြောင့် လိုအပ်နေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး များဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်မှ ပိုမိုချမှတ်ပေး ရန်နှင့် ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ် ထိစပ်သော နယ်မြေ များတွင် လမ်းပန်းဆက်သွယ်မှုများစွာ ညံ့ဖျင်းနေခြင်း၊

(ည) ပြည်နယ်ကျယ်ပြန့်ပြီး တိုင်းရင်းသားများစွာနေထိုင်သော ရှမ်းပြည်နယ်တွင် တိုင်းရင်းသားဖွံ့ဖြိုးရေးသိပ္ပံ/ကောလိပ် ဖွင့်လှစ်ပေးရန်လိုအပ်ခြင်း၊

( ဋ ) တိုင်းရင်းသားဒေသများတွင် သဘာဝအလှတရားနှင့် ပြည့်စုံသဖြင့် သဘာဝ အရင်းအမြစ်များကိုဖော်ထုတ်၍ လူထုအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင် ပေးခြင်းဖြင့် တိုင်းရင်းသားတို့၏လူနေမှုဘဝကိုမြှင့်တင်စေသည့်အပြင် အလုပ် အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊

( ဌ ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေပြဋ္ဌာန်း ပြီးဖြစ်သည်ကို တိုင်းရင်းသားများသိရှိစေရန်နှင့် တိုင်းရင်းသားတို့၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့်တာဝန်များကို ကျယ်ကျယ်ပြန့်ပြန့်၊ နက်နက်ရှိုင်းရှိုင်း သိရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်ခြင်း၊

( ဍ ) တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပေါ်ပေါက်ပြီးဖြစ်သဖြင့် တိုင်းရင်းသား လူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၏ နည်းဥပဒေ အမြန်ပေါ်ထွက်လာရေး ဆောင်ရွက်ပေးရန်တို့ဖြစ်ပါသည်။

**အလုပ်ရုံဆွေးနွေးပွဲများ**

၁၉။ ကော်မတီဝင်များသည် -

- ❖ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၊
- ❖ တိုင်းရင်းသားလူမျိုးများစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ၊
- ❖ တိုင်းရင်းသားစာပေဆိုင်ရာဆွေးနွေးပွဲ၊
- ❖ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး လုပ်ငန်းစဉ်များ၏ တွေ့ရှိချက် ရလဒ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြန်လည်သုံးသပ်ဆွေးနွေးပွဲ၊
- ❖ ဥပဒေပြုပြီးနောက်စိစစ်ခြင်း နှိုင်းယှဉ်လေ့လာမှု အစီရင်ခံစာတင်ပြခြင်း အလုပ်ရုံ ဆွေးနွေးပွဲ၊

**မူကြမ်း**

- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အခြေခံမူဝါဒများ - ဗဟိုချုပ်ကိုင်မှုလျော့ချထားသော အစိုးရစနစ်များတည်ဆောက်ခြင်း ဆွေးနွေးပွဲ၊
- ❖ ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့်ဆွေးနွေးပွဲ၊
- ❖ ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် အလုပ်ရုံဆွေးနွေးပွဲ၊
- ❖ ဖက်ဒရယ်အခြေခံမူဆိုင်ရာနှင့် စားပွဲဝိုင်းအလုပ်ရုံဆွေးနွေးပွဲ၊
- ❖ လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် လွှတ်တော်၏အခန်းကဏ္ဍဆွေးနွေးပွဲ၊
- ❖ အုပ်ချုပ်ရေးလုပ်ငန်းများ၏ အဓိကတာဝန်များ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့် ကော်မတီများ၏ အခန်းကဏ္ဍဆိုင်ရာဆွေးနွေးပွဲ၊
- ❖ လွှတ်တော်ကော်မတီလုပ်ငန်းစဉ်ရေးဆွဲခြင်းဆွေးနွေးပွဲ၊
- ❖ လွတ်လပ်စွာရေးသား ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊
- ❖ မီဒီယာချိတ်ဆက်မှုဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲ၊
- ❖ လူမှုကွန်ယက်မီဒီယာ အသုံးပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲ၊
- ❖ အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် အပြန်အလှန်ဆွေးနွေးပွဲ၊
- ❖ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့ကမွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များ ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲ၊
- ❖ အိမ်အကူအလုပ်သမားများအတွက် ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှုဆွေးနွေးပွဲ၊
- ❖ ပြည်သူကိုတိုက်ရိုက် အကျိုးခံစားရရှိစေမည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ၊
- ❖ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကြက်ခြေနီလုပ်ရှားမှုဆွေးနွေးပွဲ၊
- ❖ အလုပ်ရှင်အလုပ်သမား စုပေါင်းတောင်းဆိုဆွေးနွေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊
- ❖ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲခြင်းနှင့် တွင်းထွက်တူးဖော်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဆွေးနွေးပွဲ၊
- ❖ သဘာဝဘေးအန္တရာယ်ဆိုင်ရာစာတမ်း (၂၀၁၆) တွေ့ရှိချက်များအား အသိပေးဆွေးနွေးပွဲ၊
- ❖ အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေးစီမံကိန်းအလုပ်ရုံဆွေးနွေးပွဲ၊
- ❖ ဒုတိယအကြိမ် ပြည်သူလူထုနှင့် ခရီးသွားဆိုင်ရာတွေ့ဆုံဆွေးနွေးပွဲ၊
- ❖ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သော အသိပညာပေးဆွေးနွေးပွဲ၊

**မူကြမ်း**

❖ မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး (Coffee Forum) နှင့် ကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ကော်ဖီအရည်အသွေးမီ နေရာရရှိရေးဆွေးနွေးပွဲများသို့ စုစုပေါင်း - ၇၆ ကြိမ် တက်ရောက်ခဲ့ပါသည်။

**ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များ**

၂၀။ ကော်မတီဝင်များသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၁၇ - ၂ - ၂၀၁၇ ရက်နေ့မှ ၂၀ - ၆ - ၂၀၁၈ ရက်နေ့အထိ ပြည်ပခရီးစဉ်များ သွားရောက်ခဲ့ရာ ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် ဂျပန်နိုင်ငံသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစောဇစ်တာခလိုက်သည် ၃၁.၇.၂၀၁၇ ရက်နေ့ မှ ၁၀.၈.၂၀၁၇ ရက်နေ့ထိ မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖွင့်လှစ်ပေးသည့် အိန္ဒိယသမ္မတနိုင်ငံ Bureau of Parliamentary Studies & Training သင်တန်းနှင့် ၃.၁၂.၂၀၁၇ ရက်နေ့ မှ ၈.၁၂.၂၀၁၇ ရက်နေ့ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် Study Tour Program on Robusta Coffee Development သို့ လေ့လာရေးခရီးစဉ်ကို လည်းကောင်း သွားရောက်ခဲ့ပါသည်။

**ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၂၁။ ကော်မတီသည် ထွယ် (ဝင်းလက်) ဂျဲန်ဒါနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ BRAVEHEART FOUNDATION တို့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားအရေးအရာကိစ္စရပ်များတွင် မြေပြင်၌တိုင်းရင်းသားများ ပကတိကြုံတွေ့နေရသော စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့အရ ပွဲတော်များ ကျင်းပနိုင်ရေး အခက်အခဲများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်မည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၏ နည်းဥပဒေအမြန်ဆုံးအတည်ပြုနိုင်ရေးအတွက် ကော်မတီမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခန်းကဏ္ဍများနှင့် ၎င်းတို့၏အကြံပြုချက်များကို ဆွေးနွေးခဲ့ကြပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၂၂။ ကော်မတီသည် ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တာဝန်ရှိသူများအားဖိတ်ကြား၍ ဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြပေးရန် ညှိနှိုင်းအစည်းအဝေး ၂ ကြိမ်နှင့် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ၁ ကြိမ် ပြုလုပ်ခဲ့ပါသည်။

**ကော်မတီမှ စိစစ်ရမည့်ဥပဒေများ**

၂၃။ ကော်မတီက စိစစ်ရမည့် ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) The Yangon Water Works Act (India Act 19,1884,Vol.VI)

မူကြမ်း

(ခ) The Yangon Hackney Carriages Act (Myanmar Act 4,1917,Vol.VII)

(ဂ) The Yangon Development Trust Act (India Act 5,1920,Vol.IV)

(ဃ) The City of Yangon Municipal Act (Myanmar Act 6,1922,Vol.VI)

(င) ကွဲနွားတိရစ္ဆာန်ကျော်နင်းမှု ဥပဒေ (ဥပဒေအမှတ် ၁၁/၁၉၈၅ ခုနှစ်)

(စ) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (န၀တ ဥပဒေအမှတ် ၁၁/၁၉၉၃ ခုနှစ်)

(ဆ) နေပြည်တော်စည်ပင်သာယာရေးဥပဒေ (နယက ဥပဒေအမှတ် ၄/၂၀၀၉)

(ဇ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ (ပထစ ဥပဒေ အမှတ် ၈/၂၀၁၅)

(ဈ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ (န၀တ ဥပဒေ အမှတ် ၉/၁၉၉၁) တို့ဖြစ်ပါသည်။

**သုံးသပ်အကြံပြုချက်**

၂၄။ (က) ယခုအချိန်ကာလသည် ဒေသတိုင်းတွင် ပြည်သူလူထုများက ငြိမ်းချမ်းရေးရယူလိုသော ဆန္ဒပြင်းပြသည့်အချိန်ဖြစ်၍ တိုင်းရင်းသားဒေသများ၌ ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများအားဖြေရှင်းရာတွင် လွှတ်တော်ဆောင်ပုဒ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီဝင်များက တာဝန်နှင့် ဆောင်ရွက်ခွင့်မူဘောင် အတွင်း စည်းရုံးရေးစွမ်းရည်၊ စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် တွန်းအားပေး၍ တစ်ဖက်တစ်လမ်းမှပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုးတက်မှုများရရှိစေနိုင်ပါသည်။

(ခ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင်တိုင်းရင်းသားလူမျိုးများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ ဒေသတစ်ခုခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊ နိုင်ငံသားအများစုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ကော်မတီဝင်များက ကျရာအခန်းကဏ္ဍမှ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖက်ဒရယ်အခြေခံမူများကို ပိုမိုရရှိစေနိုင်ပါသည်။

(ဂ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ဆွေးနွေးရန် UPDJC မှ ချမှတ်ပေးသော အချက်အလက်များကို လွှတ်တော်အစုအဖွဲ့မှ ကြိုတင်ဆွေးနွေးသည့် အစည်းအဝေးတိုင်းတွင် ကော်မတီမှပူးပေါင်းပါဝင်ခွင့်ရရှိခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မျက်ခြေမပြတ်စေဘဲ အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

**မူကြမ်း**

(ဃ) ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်လက်တွဲဆောင်ရွက်စေခြင်းဖြင့် ယုံကြည်မှုရရှိပြီး ငြိမ်းချမ်းရေးကို ပို၍ခရီးရောက်စေနိုင်ပါသည်။

( င ) တိုင်းရင်းသားဒေသများတွင် နှစ်ပေါင်းကြာရှည်စွာ စဥ်ဆက်မပြတ် ဖြစ်ပွားလျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ပြီး နိုင်ငံ့ရင်သွေးငယ်များ လက်နက်ကိုင်ဆောင်မည့်အစား ကလောင်ကိုင်သောလက်များအဖြစ်သာ မြင်တွေ့လိုပါသဖြင့် ငြိမ်းချမ်းရေးရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသင့်ကြောင်း ဆန္ဒအမှန် ဖြင့် ဖော်ပြအပ်ပါသည်။

( စ ) ကော်မတီအနေဖြင့် လွှတ်တော်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်မှုရရှိစေရန် တိုးမြှင့်ဖော်ဆောင်ပေးခြင်းဖြင့် လွှတ်တော်အရေးအရာ လွှတ်တော်အခန်းကဏ္ဍများကို ပိုမိုအားကောင်းမြှင့်တင်စေနိုင်ပါသည်။

(ဆ) တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီးသည့်အပြင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖွဲ့စည်းပြီးဖြစ်၍ ဥပဒေနှင့်အညီ ဒေသအသီးသီးနှင့် တိုင်းရင်းသားများအတွက် အကျိုးသက်ရောက်မှုရှိစေမည့် နည်းဥပဒေအမြန်ဆုံး အတည်ပြုပေါ်ထွက်လာရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၂၅။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဝင်များသည် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အားလျော်စွာ လွှတ်တော်အတွင်းနှင့် လွှတ်တော်ပြင်ပတွင် မိမိတို့၏တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေဖြင့် တိုင်းရင်းသားများ မျှော်လင့်လျက်ရှိသော စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများအား ကာကွယ်စောင့်ရှောက် ဖော်ထုတ်မြှင့်တင်ခြင်းလုပ်ငန်းရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ပေးရန် များစွာလိုအပ်နေသေးကြောင်း တွေ့မြင်ရပါသည်။ ထိုသို့ ရှင်သန်ခွင့်ဖော်ဆောင်ပေးနိုင်မှသာလျှင် ကိုလိုနီစနစ်ဟောင်းနှင့် ခေတ်အဆက်ဆက်ကထားရစ်ခဲ့သည့် “တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားစေသောအမွေဆိုး” ကိုဖယ်ရှားနိုင်ပြီး နိုင်ငံသားအားလုံး၏ဆန္ဒဖြစ်သော တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိနိုင်မည်ဟု ယုံကြည်ပါသည်။

၂၆။ သို့ဖြစ်၍ ကော်မတီဝင်များသည် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အထူးအလေးပေးကာ ပေးအပ်သော တာဝန်များကို ကျေပွန်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**မှုကြမ်း**

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၃-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး တင်သွင်းတဲ့ Slide အပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် က ကန့်ကွက်တဲ့အတွက် Slide အမှတ်စဉ် ၁၀၈ မှ နောက်ဆုံး Slide အား မှတ်တမ်းမှပယ်ဖျက် ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့(၅-၁၂-၂၀၁၈ )ရက်နေ့က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က

သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(အဖွဲ့ဝင်၊ ပြည်သူ့ရေးရာစိမံခန့်ခွဲမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော် ဖြစ်ပြီးတော့ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို လွှတ်တော်ကြီးမှ သဘောတူလက်ခံသွားရန် အဆိုတင်သွင်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကြီးက သဘောတူလက်ခံရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၉၁ အရ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့(၇-၁၂-၂၀၁၈ )ရက်နေ့က တင်သွင်းခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးဝေဖန်အကြံပြုသွားပါမယ်။ ဒီအစီရင်ခံစာ စာမျက်နှာ ၈ အပိုဒ်ရေ ၁၈ မှာ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနအသီးသီး၏ လုပ်ဆောင်ချက်များကို ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီသို့ အသိပေးထားမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ယခုထက် ပိုမို၍ လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်လို့ ရေးသားတင်ပြထားတာကို တွေ့ရပါတယ်။ ဒီအပြင် အပိုဒ်ရေ ၁၉ မှာ ပညာရေးမြှင့်တင်မှုကော်မတီသို့ ပေးပို့လာသော တင်ပြစာများကို ပညာရေးဝန်ကြီးဌာနသို့

ပေးပို့ရာတွင် ဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်းပေးခဲ့သည်ကို ကော်မတီသို့ ပြည့်ပြည့်စုံစုံ ပြန်ကြား သင့်ပါသည်လို့ ဖော်ပြထားပါတယ်။ ဒီဝါကျနှစ်ကြောင်းထဲနဲ့ပဲ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနနှစ်ခုအကြား အချိတ်အဆက်မရှိဘဲ အားနည်းနေတာကို သိမြင်လိုက်ရပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ ပညာရေးမြှင့်တင်မှုကော်မတီတို့ ပိုမိုပြီးပူးပေါင်းဆောင်ရွက်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာ အပိုဒ် ၂၀ နိဂုံးမှာ ပြည်သူများနဲ့အဓိကထိတွေ့နေသော လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများ၏ ပညာရေးလိုအပ်ချက်များကို ဖော်ထုတ်ပြီလို့ ဆိုထားပါတယ်။ မှန်ပါတယ်။ ဒါ့ကြောင့် ပညာရေး လိုအပ်ချက်များကို အဲဒီကလိုအပ်ချက်များစွာထဲက အချို့ကို ကျွန်တော် ထောက်ပြဝေဖန်ချင်ပါတယ်။ သေနတ်ရှိပြီးတော့ ကျည်ဆံမရှိရင် ကျည်ဆန်ရှိပြီးတော့ မလုံလောက်ရင် ဘာမှမထိရောက်ပါဘူး။ ဒီလိုပါပဲ မြန်မာပြည်တစ်နံတစ်လျား အခြေခံပညာကျောင်းပေါင်းများစွာ တိုးချဲ့ဖွင့်လိုက်တာ ပြည်သူ တွေရဲ့လက်ခုတ်သံတွေ၊ အားရသံတွေ ကျွန်တော်တို့ လျှံထွက်ခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းတွေ ဖွင့်လာသလို ကျောင်းတွေအဆင့်တိုးလာလို့ ပျော်ရပေမဲ့ ဆရာဆရာမမလုံလောက်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။ ဒီလိုမလုံလောက်တဲ့ကျောင်းတွေ မြန်မာပြည်တစ်နံတစ်လျားမှာ အများကြီးပါ။ ဒီကြားထဲက ဆရာတွေက ရာထူးတိုးပါသွားလို့၊ အပြောင်းအရွှေ့ပါသွားလို့၊ မီးဖွားခွင့်ယူသွားလို့ ဟောင်းလောင်းကျန်နေခဲ့တဲ့ ကျောင်းတစ်ကျောင်းကို ကျွန်တော့်မဲဆန္ဒနယ်မြေမှာ ကျွန်တော်ဥပမာ ပြပါမယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေ တောင်တွင်းကြီးက အုန်းတောရပ်ကွက်၊ အ.လ.က(၃) အထက်တန်းကျောင်း(ခွဲ)ဖြစ်ပါတယ်။ အထက်တန်းပြဆရာဆရာမများဟာ ပြီးခဲ့တဲ့ စက်တင်ဘာလ ကုန်မှာ အလယ်တန်းကျောင်းအုပ်ကြီးများအဖြစ်နဲ့ ရာထူးတိုးပါသွားပါတယ်။ နဝတန်းနဲ့ တက္ကသိုလ် ဝင်တန်းမှာ အထက်တန်းပြဆရာသုံးဦးပဲကျန်ပါတယ်။ ဒီကြားထဲကတစ်ဦးက သားဖွားခွင့်ယူသွားတဲ့ အတွက်ကြောင့် အခု ဒီဇင်ဘာလထဲမှာ အထက်တန်းကျောင်းကြီးတစ်ကျောင်းလုံးမှာ အထက်တန်းပြ ဆရာနှစ်ဦးပဲ ကျန်ရစ်ခဲ့ပါတယ်။ ဒီလိုကျောင်းသားကျောင်းသူလေးတွေက အခုလို စာမေးပွဲနားနီးမှ ဆရာမရှိတဲ့အဖြစ်ဆိုးတွေ ကြုံနေရပါတယ်။ တကယ်ဆိုရင် ရာထူးတိုးကိစ္စ၊ အပြောင်းအရွှေ့ကိစ္စတွေ ဟာ နွေရာသီကတည်းက ပြီးစီးအောင်ဆောင်ရွက်ပေးထားမယ်ဆို ပိုကောင်းပါတယ်။ မူလတန်း ကျောင်းတွေရဲ့ ဆရာလိုအပ်ချက်တွေကလည်း များပြားလွန်းလှပါတယ်။ ၂၀၁၈ ခုနှစ် စက်တင်ဘာ လထဲမှာ အထက်တန်းပြဆရာဆရာမ လိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့အနေနဲ့ MSc, MA ဘွဲ့ရများကို အထက်တန်းပြရာထူး ယာယီအဖြစ်နဲ့ တိုးမြှင့်ပေးခဲ့ပါတယ်။ အဲဒီလစ်လပ်သွားတဲ့ နေရာတွေကို ယခုအချိန်အထိ မူလတန်းပြများအစားထိုး ဝင်ရောက်နိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ မူလတန်းကျောင်းအချို့မှာ ဆရာသုံးဦးထဲသင်ရတဲ့ကျောင်းတွေ အများကြီးရှိပါတယ်။ ဒါ့ကြောင့် ဒီလိုကျောင်းတွေ မြန်မာပြည်တစ်နံတစ်လျားမှာ အများအပြားရှိနေတာကိုလည်း ကျွန်တော်တို့ တွေ့မြင်နေရပါတယ်။ တကယ်တော့ ပညာရေးဝန်ကြီးဌာနနဲ့ ပညာရေးမြှင့်တင်မှု ကော်မတီတို့ဟာ ဘုတ်ကျီးရိုသေ၊ ကျီးဘုတ်ရိုသေ ဖြစ်ရမှာပါ။ မနေ့က ဒီလွှတ်တော်ခန်းမကြီးထဲမှာပဲ ဆေးတက္ကသိုလ်ဝင်ခွင့်မရတဲ့ ကျောင်းသားတွေရဲ့ကိစ္စကို ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌကြီးရယ်၊ ပညာရေးဒုတိယဝန်ကြီးရယ်၊ ကျန်းမာရေးဝန်ကြီးရယ် မေးခွန်းတွေးမေးလိုက်၊ ဖြေလိုက်၊

ဆက်စပ်မေးခွန်းတွေမေးလိုက်၊ ဖြေလိုက်နဲ့ ကျွန်တော်တို့အတွက်ကတော့ ဥပမာပေးရရင် ဘောလီဘောပုတ်နေတာကို မြင်လိုက်ရသလိုပါပဲ။ ဒီကိစ္စဟာ ဝန်ကြီးဌာနနှစ်ခုနဲ့ ပညာရေးမြှင့်တင်မှု ကော်မတီတို့ရဲ့ ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခဲ့တာကို သက်သေပြတာပါပဲ။ လွှတ်တော်ထဲရောက်လာတဲ့ အထိဖြစ်သွားရတာပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာရေးကဏ္ဍမှာရော၊ တက္ကသိုလ်အဆင့်မြင့်ကဏ္ဍမှာရော လိုအပ်ချက်တွေအများကြီးရှိပါသေးတယ်။ ဒါကို ပညာရေး မြှင့်တင်မှုကော်မတီက ထောက်ပြနိုင်ရပါမယ်။ ဒီလိုထောက်ပြနိုင်ဖို့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့အသံကို နားထောင်ရပါလိမ့်မယ်။ ဗဟိုချုပ်ကိုင်မှုတွေများပြားလွန်းနေတယ်လို့ ကျွန်တော်တို့ တိုင်းဒေသကြီးတွေ၊ ပညာရေးမှူးတွေ၊ အခြေခံပညာရေးမှူးတွေ၊ ခရိုင်ပညာရေးမှူးတွေ ရဲ့ ညည်းညူသံတွေကိုလည်း ကျွန်တော်တို့ ကြားနေရပါတယ်။ နိဂုံးချုပ်တင်ပြရရင် ပညာရေးဟာ နိုင်ငံရဲ့ပုံရိပ်ပါ။ ပညာရေးဟာ အစိုးရတစ်ရပ်ရဲ့ပုံရိပ်ပါ။ နိုင်ငံရဲ့ပုံရိပ်ကောင်းဖို့၊ အစိုးရတစ်ရပ်ရဲ့ ပုံရိပ်ကောင်းဖို့ လွှတ်တော်နဲ့အစိုးရ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါပြီဆိုတဲ့အကြောင်းနဲ့ ဒီလိုပုံနဲ့ မိုးကြီးချုပ်မှာစိုးရိမ်မိပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးမြှင့်တင် မှုကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၅ အပိုဒ်ခွဲ(င)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(စ)နှင့် အပိုဒ် ၁၉ များကို ကျွန်တော် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အပိုဒ် ၅ အပိုဒ်ခွဲ(င)တွင် ကော်မတီသည် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို တည်ဆဲဥပဒေနှင့် ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမယ်လို့ ရေးထားတာတွေ့ရှိရပါတယ်။ ညီညွတ်မှု ရှိ/မရှိကိုသိဖို့ ကော်မတီမှာလည်းပဲ ဆိုခဲ့တဲ့နည်းဥပဒေကနေ လုပ်ထုံးလုပ်နည်းအထိကို မိတ္တူရှိသင့် တယ်လို့ ကျွန်တော်အကြံပြုလိုပါတယ်။ နောက်တစ်ချက် ညီညွတ်မှုမရှိဘူးဆိုရင် ဘယ်လိုလုပ်မယ် ဆိုတာကိုလည်းပဲ သိရှိလိုပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၄၄၇ အရ ထိုကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးတော့ ပြင်ဆင်ဖြည့်စွက်မှုကို ပြည်ထောင်စုအစိုးရကိုသာ လုပ်ပိုင်ခွင့်ပေးထားကြောင်း တွေ့ရှိရလို့ဖြစ်ပါတယ်။ ကော်မတီတိုင်းရဲ့အစီရင်ခံစာမှာလည်းပဲ ဒီအချက်က ပါနေတာကို တွေ့ရှိရပါ တယ်။ ဒီအချက်က ကျွန်တော်တို့ ဒီမိုကရေစီစနစ်သို့ ပြုပြင်ပြောင်းလဲရေးမှာ အလွန်အရေးပါတဲ့ အချက်ဖြစ်နေပါတယ်။

ဒါကြောင့် အကြံပြုလိုတာက အထက်ဖော်ပြပါနည်းဥပဒေအပါအဝင် အချက်အလက်များကို ဝန်ကြီးဌာနနည်းတူ လွှတ်တော်ကော်မတီများမှလည်း မိတ္တူတစ်စုံရှိသင့်ကြောင်း ဖြစ်ပါတယ်။ ယခင် အုပ်ချုပ်ရေးခေတ်ကယန္တရားနဲ့ ယခုမတူသင့်ပါ။ မတူနိုင်ပါဘူး။ အခု ဒီမိုကရေစီစနစ်ကို တကယ်

သွားကြမည်ဆိုပါက လူထုကို မျက်နှာမူတဲ့ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၁၀ အပိုဒ်ခွဲ(စ)ဖော်ပြချက်ဖြစ်တဲ့ ဆရာဆရာမလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုတာကို ဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနက လွှတ်တော်တွင်းဖြေကြားချက်အရဆိုရင် ကျောင်းသား ၄၀ ဦးလျှင် ဆရာတစ်ဦးနှုန်း ခန့်ထားနိုင်တယ်လို့ သိရပါတယ်။ သို့သော်လည်း မြေပြင်ကျောင်းတွေကို ဆင်းပြီးတော့လေ့လာကြည့်မယ်ဆိုရင် ကျောင်းတစ်ကျောင်းလျှင် ဆရာဆရာမ (၄+၁)မူနဲ့ခန့်ထားတာရှိသလို အခုဆိုလျှင်(၅+၁)နဲ့ခန့်ပါတယ်။ အဲဒီတော့ ဘာပြလဲဆိုလျှင် တာဝန်ပေးဖို့အတွက်ကို ဝန်ထမ်းခန့်စဉ်ကာလက ကျွန်တော်တို့က ၄၀ ဦးလျှင် ဆရာတစ်ဦးနှုန်းနဲ့ ကျွန်တော်တို့ ထားခဲ့တယ်။ တာဝန်ချတော့ ကျောင်းတိုင်းက ကျောင်းသားဦးရေမတူပါဘူး။ တချို့ ၂၀၊ ၃၀ လောက်နဲ့ ဆရာဆရာမ ငါးဦးခန့်ထားတာရှိပါတယ်။ အဲဒီတော့ ကျောင်းသားနည်းတဲ့ကျောင်းကခွင့်ယူသွားရင် ပြဿနာမရှိသော်လည်းပဲ ကျောင်းသား ၂၀၀ လောက်မှာမှ ငါးဦးနှုန်းခန့်ထားတဲ့ကျောင်းတွေဖို့ လူထုမှာဝန်ထုပ်ဝန်ပိုးဖြစ်ရပါတယ်။ စေတနာ ဆရာဆရာမတွေကိုလည်းပဲငှားနေကြရတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒါကိုကော်မတီအနေနဲ့ ဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပြန်လည်စဉ်းစားပေးဖို့အတွက် တင်ပြလိုပါတယ်။

နောက်ကျွန်တော်တို့ အပိုဒ် ၁၉ ဖြစ်တဲ့တင်ပြစာများကို ဝန်ကြီးဌာနအနေဖြင့် မည်သို့ဖြေရှင်းပေးခဲ့သည်ကို ကော်မတီသို့ပြည့်ပြည့်စုံစုံပြန်ကြားသင့်ပါသည်လို့ တွေ့ရှိရပါတယ်။ ဒီအချက်ကကော်မတီများ၏အရေးပါမှုကို မှေးမှိန်စရာဖြစ်စေပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ အခန်း(၇) ပုဒ်မ ၄၈ အရ ကျွန်တော်တို့ကော်မတီများသည်ဝန်ကြီးဌာနတာဝန်ရှိသူများကို ကော်မတီရုံးသို့ဖိတ်ကြားပြီးတော့ ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနဲ့လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်တာမို့ ထိုသို့လုပ်ဖို့တိုက်တွန်းတင်ပြလျက်နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကတင်သွင်းသော ၁၉-၂-၂၀၁၇ ရက်နေ့မှ ၂၀-၆-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၏အဓိကအရေးကြီးဆုံးကဏ္ဍဟာ ပညာရေးကဏ္ဍလို့ပြောရင် မှားမယ်မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးကိုမဏ္ဍိုင်ပြုပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတော်ကို တည်ဆောက်သွားနိုင်ရေးဟာ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်လို့

နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်မှာ လွန်စွာမှအကျွရာကျပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအားလုံးသည်လည်း ပညာရေးအပေါ် အမှီသဟဲပြုနေပါတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်ချက်အရ လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲများကို ချက်ချင်းလက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်း၊ ရေတိုရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဟူ၍ ခွဲခြားပြီး ဒေသန္တရအဆင့်ထိ ဆွေးနွေးပွဲများ ကျင်းပလျက်ရှိတဲ့အချိန်လည်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုပြီး ပညာရေးကို အလေးထားဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ပညာရေးမြှင့်တင်မှုကော်မတီဟာ လွှတ်တော်အငယ်စားဖြစ်တဲ့အတွက် လုပ်ဆောင်ချက်တွေကို ဒီလိုအစီရင်ခံစာတင်ပြမှုပဲ သိရမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ ဒီလိုတင်ပြရာမှာ အားသာချက်၊ အားနည်းချက်များရှိနေနိုင်ပါတယ်။ အနည်းဆုံးတော့ အာဆီယံဒေသတွင်းပညာရေးပြုပြင်ပြောင်းလဲမှုများနဲ့စပ်လျဉ်းတဲ့ အစည်းအဝေးတက်ပြီး အာဆီယံဒေသတွင်း နိုင်ငံများ၏ပညာရေးပြုပြင်ပြောင်းလဲမှုတွေ ဘာတွေလုပ်နေသလဲ၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် ဘာတွေလုပ်ထားသလဲဆိုတာကို အနည်းငယ်တော့ တင်ပြသင့်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်က မြန်မာနိုင်ငံမှာ ပညာရေးအတွက်အသုံးစရိတ်ဟာ ၆.၇၉ ရာခိုင်နှုန်းငွေသုံးထားပြီးတော့ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှာဆိုရင် ၈.၅၃ ရာခိုင်နှုန်းကို တိုးသုံးထားပါတယ်။ အလားတူ ကမ္ဘောဒီးယားနိုင်ငံက ၉.၉၁ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံက ၁၇.၆ ရာခိုင်နှုန်း စသဖြင့် ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ အာဆီယံ ၁၀ နိုင်ငံရဲ့ပညာရေးအသုံးစရိတ်တွေကိုတော့ နှိုင်းယှဉ်တင်ပြပေးသင့်လို့ လိုအပ်တယ်လို့အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ဟာ ကျောင်းသားဗဟိုပြုပညာရေးကို ကျင့်သုံးနေတဲ့အချိန်မို့လို့ ဆရာနဲ့ကျောင်းသားအချိုး၊ ကျောင်းသားဦးရေနဲ့ ဆရာအချိုးများကိုလည်း သိထားသင့်ပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာဆိုရင် မူလတန်းမှာ ၂၈း၁ ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၄၅း၁ ဖြစ်ပါတယ်။ အလယ်တန်းမှာဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ၃၆း၁ ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှာ ၂၀း၁ ဖြစ်တဲ့အတွက် မူလတန်းမှာ ကမ္ဘောဒီးယားနိုင်ငံက ကျောင်းသားအချိုးများပြီးတော့ အလယ်တန်းမှာ မြန်မာနိုင်ငံက ကျောင်းသားအချိုး အများဆုံးဖြစ်ပါတယ်။ တကယ်တမ်း ကျောင်းသားဗဟိုပြုသင်ကြားရေးလုပ်မယ်ဆိုရင် ဒါက အချိုးနည်းလေ ကောင်းလေပါပဲ။ ဘရူနိုင်းနိုင်ငံမှာဆိုရင် ၁၀း၁ ပဲရှိတော့ သင်ကြားရေးမှာ အတော်ကို ထိရောက်အောင်မြင်တယ်လို့ ကြားသိရပါတယ်။ ဒါဟာ နမူနာအဖြစ် တင်ပြဆွေးနွေးခြင်းလည်း ဖြစ်ပါတယ်။ နောက်ထပ် ကော်မတီရဲ့အစီရင်ခံစာကို လေ့လာတဲ့အခါမှာ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီနဲ့တွေ့ဆုံမှုရှိ/မရှိကိုလည်း မဖော်ပြထားပါဘူး။ လက်ရှိကျင့်သုံးနေတဲ့သင်ရိုးညွှန်းတမ်းအသစ်ကို ကျွန်တော်တို့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ မှာပါတဲ့နည်းလမ်းငါးသွယ်ထဲက တတိယနည်းလမ်းလောက်ကိုတော့ တင်ပြသင့်ပါတယ်။ ဥပမာအားဖြင့် KG တန်းကို ၂၀၁၆-၂၀၁၇ ကနေစပြီး ၂၀၁၇-၂၀၁၈ မှာ Grade-1၊ ၂၀၁၈-၂၀၁၉ မှာ Grade-2၊ ၂၀၁၉-၂၀၂၀ မှာ Grade-3၊ Grade-6၊ ၂၀၂၀-၂၀၂၁ မှာ Grade-4၊

Grade-7၊ Grade-10၊ ၂၀၂၁-၂၀၂၂ မှာ Grade-5၊ Grade-8၊ Grade-11၊ ၂၀၂၂-၂၀၂၃ မှာ Grade-9၊ Grade-12 တို့ကို အသစ်သင်ကြားမှာဖြစ်တယ်လို့ စီမံကိန်းများရေးဆွဲထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီအနေနဲ့ ဖက်ဒရယ်ပညာရေးကိစ္စတွေ၊ မိခင်ဘာသာစကားနဲ့ ပညာသင်ကြားမှု(Mother Teach Education)တွေကို ဘယ်လိုသွားသင့်တယ်ဆိုတာကို လေ့လာသုံးသပ်ပြီး စာတမ်းတိုတွေပြုစုသင့်တယ်လို့ အကြံပြုလိုပါတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံမှာ ဆိုလို့ရှိရင် Formal Education အပြင် Non-Formal Education ကိစ္စတွေ၊ ဗဟကျောင်းဆိုတဲ့ကိစ္စတွေ၊ ဘော်ဒါဆောင်ကိစ္စတွေ၊ ကျူရှင်ကိစ္စတွေကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ပေးဖို့လိုပါတယ်။ အကယ်၍ အခက်အခဲရှိခဲ့ရင်လည်း ကော်မတီအနေနဲ့ဝန်ကြီးဌာနကို လေ့လာသုံးသပ်အကြံပြုသင့်ပါတယ်။ ပညာရေးလောကမှာလည်း အကျင့်ပျက်ခြစားမှုတွေ၊ ကြိုးနီစနစ်တွေရှိနေဆဲဆိုတာကို သတင်းတွေမှာ မကြာခဏတွေ့နေရပါတယ်။ ကော်မတီအနေနဲ့တိုင်ကြားစာတွေကို မှန်ကန်မှုရှိ/မရှိ လေ့လာသုံးသပ်ပြီးတော့ ပညာရေးဝန်ကြီးဌာနကို ထိန်းညှိအကြံပြုသင့်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုမှာ နိုင်ငံတော်မှ ချမှတ်ဆောင်ရွက်နေတဲ့အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ အကောင်အထည်ဖော်မှုအား မည်ကဲ့သို့ စောင့်ကြည့်ထိန်းကျောင်းတယ်ဆိုတာလည်း တင်ပြသင့်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ၂၀၁၂ ခုနှစ် ပညာရေးအခြေပြု စီးပွားရေးအညွှန်းကိန်း (Knowledge Base Economic Index-KEIE) အရ မြန်မာနိုင်ငံရဲ့ပညာရေးဟာ ကမ္ဘာ့အဆင့် ၁၄၅ ကို ရောက်ရှိနေတဲ့အတွက်ကြောင့် ပညာရေးမြှင့်တင်မှုကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုက အင်မတန်ကိုအရေးကြီးလွန်းလှပါတယ်။ ဒါကြောင့်မို့ အစိုးရလုပ်ငန်းစဉ်များကို အထောက်အကူပြုဖို့အတွက်၊ ထိန်းကျောင်းဖို့အတွက်လည်း အင်မတန်အရေးကြီးလွန်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပညာရေးမြှင့်တင်မှုကော်မတီဟာ လုပ်ငန်းဆောင်ရွက်မှုတွေမှာ ထိန်းညှိခြင်း၊ သက်ဆိုင်ရာဥပဒေများကို သုံးသပ်ခြင်း၊ ကြားနာခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် Call ခေါ်ယူတွေ့ဆုံခြင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်စောင့်ကြည့်ထိန်းညှိခြင်းများကို ဆက်လက်ပြုလုပ်သွားရန် ကော်မတီကို စေတနာနဲ့တိုက်တွန်းနှိုးဆော်အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို အကြံပြုထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကော်မတီကို ပထမဦးဆုံး ထောက်ခံချင်တာကတော့ ဒီလုပ်ငန်းအစီရင်ခံစာတင်သွင်းရတဲ့ ရည်ရွယ်ချက် သုံးချက်စလုံးကို ကျွန်မလေးလေးနက်နက်ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့နိုင်ငံဟာ အခုအချိန်မှာ မှတ်ဉာဏ်ကိုသာ အဓိကထားပြီးတော့ သင်ကြားခဲ့တဲ့စနစ်ကနေပြီးတော့မှ ကျွန်မတို့ရဲ့ သားငယ်သမီးငယ်တွေဟာ

တွေးတောတီထွင်ကြံဆနိုင်တဲ့ အတွေးအခေါ်တွေရရှိနိုင်တဲ့ ပညာရေးစနစ်ကို ပြောင်းလဲပြီးတော့ ကျင့်သုံးနေရတဲ့အချိန်ဖြစ်ပါတယ်။ ဒီအခြေအနေမှာ အရှေ့က ဦးဘုန်းမြင့်အောင်ပြောသွားသလိုပဲ ကျွန်မတို့ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အခန်းကဏ္ဍဟာအလွန်အရေးကြီးပြီးတော့မှ တာဝန်လည်း ရှိပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ရဲ့ အမျိုးသားပညာရေးမဟာစီမံကိန်းအကောင်အထည်ဖော်တဲ့နေရာ မှာအောင်မြင်စေဖို့အတွက် ဝန်ကြီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်ကလည်း တကယ်ထောက်ခံရတဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ဆန္ဒနှင့်ပညာရေးဆိုင်ရာ လိုအပ်ချက်တွေကို ကော်မတီက ကူညီဆောင်ရွက်ပေးရမည့်အပြင် ပြည်သူတွေကလည်း ကော်မတီရဲ့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို နားလည်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုရင် ကျွန်မတို့ရဲ့ ပြောင်းလဲနေတဲ့ ပညာရေးစနစ်ကြီးကို အဆင်ပြေချောမွေ့စွာ ဆက်လက်ပြီးတော့ ချီတက်သွားနိုင်မယ် လို့ ဆွေးနွေးရင်းနဲ့ ထောက်ခံအပ်ပါတယ်။

ဆက်လက်ပြီး ဆွေးနွေးလိုတာကတော့ အစီရင်ခံစာအပိုဒ် ၁၈ မှာတင်ပြထားတဲ့ ကော်မတီရဲ့ သုံးသပ်အကြံပြုချက်ဖြစ်ပါတယ်။ ကော်မတီရဲ့သုံးသပ်အကြံပြုချက်မှာ ပညာရေးဝန်ကြီး ဌာနရဲ့ လက်အောက်မှာရှိတဲ့ ဦးစီးဌာနတွေကနေပြီးတော့မှ သူတို့ရဲ့ဆောင်ရွက်မည့်လုပ်ငန်းဆောင်တာ တွေကို ပညာရေးမြှင့်တင်မှုကော်မတီကို တင်ပြဆွေးနွေးဖို့ လိုအပ်တယ်လို့ တင်ပြထားပါတယ်။ ဒါကို ကျွန်မက ဥပမာနဲ့ဆွေးနွေးလိုပါတယ်။ ကျွန်မတို့ယခု ၂၀၁၈ ခုနှစ်ရဲ့ တက္ကသိုလ်ဝင်တန်း လျှောက်ထား ရတဲ့စနစ်ဟာ စနစ်အသစ်ကိုပြောင်းသွားတာဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မ ဒီအစီရင်ခံစာကို လေ့လာ ကြည့်တဲ့အချိန်မှာ အဆင့်မြင့်ပညာဦးစီးဌာနအနေနဲ့ ကော်မတီနဲ့တွေ့ဆုံခဲ့တာဟာ ၂၀၁၇ ခုနှစ်မှာ နှစ်ကြိမ်တွေ့ဆုံခဲ့ပြီးတော့ ၂၀၁၈ ထဲမှာတော့တွေ့ကြုံခဲ့ခြင်း လုံးဝမရှိတာကိုတွေ့ရပါတယ်။ ဒီအခါမှာ ပညာရေးမြှင့်တင်မှုကော်မတီဟာ ဒီတိုက်ရိုက်လျှောက်ထားရမည့် Autonomous ပေးလိုက်တဲ့ တက္ကသိုလ်တွေရဲ့ လျှောက်ထားခွင့်တွေကို သိရှိတာလား၊ မသိရှိတာလား ကျွန်မတို့မသိပါဘူး။ ကျွန်မ တို့ ပြည်သူကိုယ်ကိုယ်စားပြုထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေအနေနဲ့လည်း ကျွန်တို့ဒီပြောင်းလဲ သွားတဲ့စနစ်ကို ကျွန်မတို့ ဂဃဏနမသိရှိပါဘူး။ ဒီအခါမှာ အခုကျွန်မတို့ရဲ့ မိဘတွေ၊ ကလေး၊ ကျောင်းသူကျောင်းသားတွေ အခက်အခဲတွေကြုံတွေ့ရတဲ့အချိန်မှ တင်ပြလာတဲ့ ကိုယ်စားလှယ်တော် တော်များများလည်း ဒီကိစ္စကိုသိပါတယ်။ ဒါကြောင့်မို့လို့ တင်ပြလာတဲ့ တိုင်ကြားစာတွေ၊ အစီရင်ခံစာ တွေ၊ ဆွေးနွေးမှုတွေအပေါ်မှာ မူတည်ပြီးတော့မှ မနေ့က ပညာရေးကော်မတီဥက္ကဋ္ဌကြီးကနေပြီးတော့ မှ မေးခွန်းမေးမြန်းပြီးတော့ ဒါကို ဖြေရှင်းဆောင်ရွက်ပေးတဲ့အတွက်ကြောင့်မို့လို့ ပြည်သူအများက လည်းကျေးဇူးတင်လျက်ရှိပါတယ်။ ဒီအချက်ကို ကြည့်မယ်ဆိုလို့ရှိရင် အဆင့်မြင့်ပညာဦးစီးဌာနဟာ တစ်ကယ်စနစ်အသစ်ကိုပြောင်းလဲမယ့်အချိန်မှာ ပညာရေးမြှင့်တင်မှုကော်မတီကိုလည်း စနစ်တကျ ဆွေးနွေးသင့်ပါတယ်။ ပြီးတော့ ကျွန်မတို့ရဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကိုလည်း ဒါကို ဆွေးနွေးထား ပေးမယ်ဆိုရင် ကျွန်မတို့က ပြည်သူကို အကြံပြုနိုင်မယ်၊ ဆွေးနွေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျန်တဲ့ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဦးစီးဌာနတွေအနေနဲ့လည်း မိမိတို့ရဲ့ ဆောင်ရွက်မည့် လုပ်ငန်းတွေကို ယခုထက်ပိုမိုပြီးတော့မှ ကော်မတီကိုတင်ပြသင့်ပါတယ်လို့ တိုက်တွန်းဆွေးနွေးလိုပါ တယ်။ ဒါနှင့် တစ်ဆက်တည်း ဆွေးနွေးရမယ်ဆိုရင် ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးခဲ့

တဲ့ ကျွန်မတို့ရဲ့ ပညာရေးမှာ ဘယ်ဘာသာစကားနှင့်သွားမှာလဲ။ မိခင်ဘာသာစကားနှင့်သွားမှာလား။ အင်္ဂလိပ်ဘာသာနှင့်သွားမှာလားဆိုတဲ့အချက်ဟာလည်း ဘယ်အခြေအနေအထိရောက်နေပြီးဆိုတာကို ပြည်သူ့ကိုယ်စားလှယ်တွေ အခုထိ လုံးဝသိရှိရခြင်းမရှိသေးပါဘူး။ ဒီအချက်ကိုလည်း ကျွန်မဆွေးနွေးလိုပါတယ်။ နောက်တစ်ခုကတော့ အပိုဒ် ၁၀ မှာပါနေတဲ့။ ကျောင်းဆောင်အသစ်တွေ တည်ဆောက်မယ်။ ကျောင်းဆောင်အဟောင်းတွေ ကျွန်မတို့က အန္တရာယ်ရှိရင် ဖျက်ဆောက်မယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကျွန်မတို့ လက်တွေ့တွေ့နေရတာက မူလတန်းကျောင်းတွေမှာ ၃၀ x ၆၀ ဆောက်ကြတယ်ဆိုရင် ၉၀ x ၆၀ ဆောက်ဖို့မလိုဘူးလား။ အဲဒီအခါမှာ ကလေးတွေဖြစ်တဲ့အတွက်ကြောင့် Partition မပါတဲ့ ပြဿနာဟာ တော်တော်ဆိုးပါတယ်။ တစ်တန်းနှင့်တစ်တန်း တစ်ဖက်ကကဗျာသင်နေမယ်။ တစ်ဖက်က သင်္ချာသင်ဖို့ လုံးဝမလွယ်ပါဘူး။ ဒါ့အပြင် KG တန်းတွေပါ ပါလာတဲ့အတွက် ၃၀ x ၆၀ မူလတန်းကျောင်းတွေကို ချထားပေးတာဟာ မလုံမလောက်ဖြစ်နေတယ်ဆိုတာကို ကော်မတီအနေနဲ့ပညာရေးဝန်ကြီးဌာနနှင့် ဆွေးနွေးသင့်တယ်လို့ ကျွန်မတိုက်တွန်းပါတယ်။

တတိယအချက်အနေနဲ့ ဆွေးနွေးလိုတာကတော့ အပိုဒ် ၁၃ မှာပါဝင်တဲ့ ပြည်ပခရီးစဉ်များဖြစ်ပါတယ်။ အခြားကော်မတီများနဲ့ ယှဉ်လိုက်မယ်ဆိုလို့ရှိရင် ပြည်ပခရီးစဉ်ဟာ တော်တော်နည်းနေတာကို တွေ့ရပါတယ်။ ခေါင်းစဉ်နှစ်ခုရဲ့အောက်မှာ ကိုယ်စားလှယ်လေးယောက်ပဲ သွားရောက်ခဲ့ပါတယ်။ ကျွန်မတို့ရဲ့ ပညာရေးပြုပြင်ပြောင်းလဲနေတဲ့အချိန်မှာ ဒေသတွင်းနိုင်ငံတွေရဲ့ ကျွန်မတို့ရဲ့ စနစ်တွေ၊ ကာယ၊ ညာဏဖွံ့ဖြိုးဖို့ ဘယ်လိုစီစဉ်ဆောင်ရွက်နေတယ်ဆိုတဲ့ဟာတွေ၊ သူတို့ရဲ့ Curriculum တွေကို ကျွန်မတို့ရဲ့ ပညာရေးကော်မတီဝင်တွေ လေ့လာဖို့မသင့်ပါဘူးလား။ တကယ်လို့ နိုင်ငံတကာအတွေ့အကြုံတွေ ရရှိလာပြီဆိုလို့ရှိရင် ဒီအတွေ့အကြုံတွေကနေတစ်ဆင့် ဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ ပညာရှင်များနှင့်သော်လည်းကောင်း ကျွန်မတို့ကဆွေးနွေးပြီးတော့ ကျွန်မတို့ရဲ့ သားငယ်သမီးငယ်တွေကို တကယ်နောင်တစ်ချိန်မှာ ကျွန်မတို့ အားထားရတဲ့ လူငယ်တွေအဖြစ် တွေးတောကြံဆတီထွင်နိုင်တဲ့ လူငယ်တွေဖြစ်လာဖို့အတွက် ဘယ်လိုပျိုးထောင်မလဲ ဒါသည်နိုင်ငံတကာအတွေ့အကြုံတွေ အများကြီးလိုတာဖြစ်တဲ့အတွက် ဒီအချက်ကိုလည်း ဆက်လက်ပြီးတော့ စဉ်းစားဆောင်ရွက်ပေးသင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။ နောက်ဆုံးအနေနဲ့တော့ ကျွန်မတို့ ပညာရေးကော်မတီကို လေ့လာကြည့်တဲ့အခါမှာ ဒုတိယအကြိမ် ဖွဲ့စည်းလိုက်တဲ့ အဖွဲ့ဝင် ၂၀ မှာလည်း အမျိုးသမီးကိုယ်စားလှယ်ပါဝင်ခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်မတို့က ပုခတ်လွှဲတဲ့လက်ဟာ ကမ္ဘာကိုအုပ်စိုးနိုင်ပါတယ်။ ကျွန်မတို့ မိဘတွေမှာ အမိတွေဟာဆိုလို့ရှိရင် ကျွန်မတို့ သားငယ်သမီးငယ်တွေရဲ့ ပညာရေးတွေကို ပိုပြီးတော့မှ အနီးကပ်စောင့်ရှောက်ကြရတာဖြစ်တဲ့အတွက် နောက်တစ်ကြိမ် ကျွန်မတို့ ထပ်မံပြီးတော့မှ ဖွဲ့စည်းမယ်ဆိုရင်တော့ ပညာရေးမြှင့်တင်မှုကော်မတီမှာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များပါ ပါဝင်ဖွဲ့စည်းပေးသင့်ပါကြောင်း တိုက်တွန်းရင်းနဲ့နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ လုပ်ငန်း ဆောင်ရွက်ချက်အစီရင်ခံစာကို အပြုသဘောဆောင်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဟာ အမျိုးသားပညာရေးဥပဒေနှင့်အညီ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ်-၄ ကို ပညာရေး ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေချိန်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း ပြည်သူများသိရှိနိုင်စေရန်နှင့် ပြည်သူများပေါင်းစပ်ညှိနှိုင်းပါဝင်လာစေရန် ရည်ရွယ်ပြီး ဒီအစီရင်ခံစာ ကိုတင်သွင်းထားခြင်းဖြစ်ကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများမှ တင်ပြလာတဲ့ ပညာရေးဌာနရဲ့လိုအပ်ချက်တွေကို၊ ပညာရေးဘတ်ဂျက်ကိစ္စတွေကို ကော်မတီမှာဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြောင်း ပါရှိပါတယ်။ ကော်မတီရဲ့တင်ပြချက်၊ အကြံပြုချက်တွေကို ဦးစီးဌာနများက လိုက်နာဆောင်ရွက်ဖြေရှင်းပေးဖို့ လိုအပ်ပါတယ်။ အစီရင်ခံစာရဲ့ အပိုဒ် ၁၉ မှာ ကော်မတီသို့ ပေးပို့ လာတဲ့ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာ၊ အကြံပြုစာ ၁၀၈ စောင်ကို ပညာရေးဝန်ကြီးဌာနသို့ ဖြေရှင်းနိုင်ရန်ပေးပို့ရာမှာ ဝန်ကြီးဌာနအနေနဲ့ မည်သို့ဖြေရှင်းခဲ့ကြောင်း ကော်မတီသို့ပြည့်စုံစွာ ပြန်ကြားသင့်ကြောင်း ဖော်ပြထားပါတယ်။ ဒီလိုပြန်ကြားပေးမှသာ ကော်မတီမှာအလုပ်ဆက်လုပ်နိုင် မှာဖြစ်ပြီး ပြန်ကြားခြင်းမရှိပါက ကော်မတီကို အလေးမထားဘဲ ပစ်ပယ်ထားရာရောက်ကြောင်း ယူဆ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံမှာ ပညာရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနတိုင်းမှာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာတွေ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ် နည်းများဟာ ပြည့်စုံကောင်းမွန်သလောက် အဲဒါတွေဟာ ဥပဒေစာအုပ်၊ ဖိုင်ထဲမှာ စာရွက်ပေါ်မှာပဲ ရှိနေပြီး လက်တွေ့အကောင်အထည်ဖော်တဲ့နေရာမှာ တစ်ချို့ကိစ္စဟာ အလွဲအချော်တွေဖြစ်နေတာကို တွေ့နေရပါတယ်။ ဥပမာပြောရမယ်ဆိုရင် တက္ကသိုလ်အဆင့်မှ အ.ထ.က၊ အ.လ.က၊ အ.မ.က တွေမှာ ဥပဒေအရကျူရှင်မပြရဟု ထုတ်ပြန်ထားပါတယ်။ မြို့နယ်ပညာရေးမှူးရုံးတွေမှာ ကျူရှင်မပြရကြောင်း လက်မှတ်ထိုးထားရပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်အဆင့်မှ KG တန်းအထိ ကျူရှင်ရှိနေ ပါတယ်။ ကျောင်းသားအများစုဟာ ကျူရှင်မတက်လို့မရပါဘူး။ ကျူရှင်မတက်ရင် ဘာမှတတ်မှာ မဟုတ်ပါဘူး။ စာမေးပွဲလည်း အောင်မှာမဟုတ်ပါဘူး။ အထူးသဖြင့် တက္ကသိုလ်စာပေးစာယူသင်တန်း တွေမှာ ကျူရှင်လေးတက်၊ ဆရာဆရာမတွေကိုလည်း လက်ဆောင်ပေးပါလျက်နဲ့ စာမေးပွဲမအောင်တဲ့ သူတွေအများကြီးပါ။ ဒါဟာကျောင်းသားတွေ ညံ့နေလို့လား။ ဘယ်လိုစာတွေကို သင်ကြားရပြီး၊ ဘယ်လိုမေးခွန်းတွေခက်အောင်မေးနေကြလို့လဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ကျူရှင်ပြ တာကလည်း ကျောင်းသားတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ဆရာဝန်တွေ ဟာလည်း တာဝန်ချိန်ပြီးရင် ဆေးခန်းဖွင့်၍ရသလို ကျောင်းဆရာတွေမှာလည်း ကိုယ်တတ်တဲ့ပညာနဲ့

ကျူရှင်ပြပြီး အပိုဝင်ငွေရှာတာဟာ သဘာဝကျပါတယ်။ အပြစ်မယူသင့်ပါဘူး။ ကျူရှင်ပြခွင့်ပြုသင့်တယ်လို့ ယူဆမိပါတယ်။ တက္ကသိုလ်အဆင့်နှင့်အထက်တန်းအဆင့်မှာ ၇၅ ရာခိုင်နှုန်းဟာ ကျူရှင်တက်ကြရပါတယ်။ အလယ်တန်းနှင့်မူလတန်းအဆင့်တွေမှာ ကျူရှင်မတက်နိုင်သူများပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူတွေဆင်းရဲလို့ဖြစ်ပါတယ်။ ကျူရှင်ဥပဒေကို စနစ်တကျထုတ်ပြန်ပေးသင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာကျောင်းတွေမှာ သုံးစွဲခွင့်ပြုထားတဲ့ ကျောင်းအသုံးစရိတ်တွေကို မှန်မှန်ကန်ကန် သုံးစွဲခြင်းမရှိတဲ့ကျောင်းတွေအများကြီးရှိနေတယ်ဆိုတာကို တာဝန်ရှိသူများက သိစေချင်ပါတယ်။ မှန်မှန်ကန်ကန်သုံးစွဲအောင်လည်း ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ဆရာဆရာမတွေ ရာထူးတိုးနဲ့ အပြောင်းအရွှေ့ကိစ္စတွေမှာလည်း ပညာရေးဌာနမှ သတ်မှတ်ထားတဲ့ အမှတ်ပေးပြောင်းရွှေ့ရေးမှုနဲ့ မိသားစုပေါင်းစည်းရေးမှုကြားမှာ မှန်မှန်ကန်ကန် မျှတမှုရှိစေရန် စနစ်တကျစီမံဆောင်ရွက်ဖို့ လိုအပ်နေကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ပညာရေးတိုးတက်လာဖို့အတွက် ကျောင်းတွေမှာ ဆရာဆရာမတွေ လုံလောက်စွာခန့်ထားဖို့အရေးကြီးပါတယ်။ ကျောင်းသားဦးရေနဲ့ ကိုက်ညီတဲ့ ကျောင်းဆောင်တွေ၊ မွမ်းမံပြင်ဆင်မှုတွေ၊ ကျောင်းအိမ်သာတွေကို မဖြစ်မနေ ခွင့်ပြုပေးဖို့လိုအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကို ဘတ်ဂျက်ငွေပိုမိုချပေးဖို့ လိုအပ်ပါတယ်။ ဘတ်ဂျက်ငွေမလုံလောက်ရင် ပြင်ပချေးငွေတွေနဲ့ သုံးစွဲသင့်ကြောင်း အကြံပြုလိုပါတယ်။ ကျောင်းအဆင့်တိုးကိစ္စတွေမှာလည်း ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး ပြည်နယ်တွေဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှာ ကျောင်းသားဦးရေသတ်မှတ်ချက်ကို ဖွံ့ဖြိုးနေတဲ့ အခြားတိုင်းနှင့်ပြည်နယ်များထက် လျှော့ချခွင့်ပြုပေးမှသာ ကျောင်းသားတိုင်း ပညာသင်ကြားခွင့်ရနိုင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးမြှင့်တင်မှုကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာတင်အောင်(ဥက္ကဋ္ဌ၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို ဝိုင်းဝန်းဆွေးနွေးပေးကြပါသော လွှတ်တော်ကိုယ်စားလှယ်ကြီးငါးဦးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမအနေနဲ့ ပြောကြားချင်ပါတယ်။ ဒီမေးတဲ့မေးခွန်း ကိုယ်စားလှယ်ကြီးငါးဦးထဲမှာ တူတာလေးတွေလည်း အများကြီးပါသလို မတူကွဲပြားတဲ့ ဆွေးနွေးမှုများလည်း ပါပါတယ်။ ဒါကြောင့် ကျွန်တော် အချိန်ကိုလည်းငဲ့ညှာခြင်းအားဖြင့် တူတာလေးတွေကို တစ်စုတစ်စည်းတည်း စုပေါင်း ဖြေဖို့ ကျွန်တော် စဉ်းစားထားပါတယ်ခင်ဗျား။ ပထမဦးဆုံး ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်က မေးတဲ့မေးခွန်းမှာ ဦးစီးဌာနအသီးသီးရဲ့ လုပ်ဆောင်ချက်များ တစ်နည်းအားဖြင့်ဆိုရရင်တော့ ချမှတ်သောမူ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းများအပါအဝင် စသည်တို့ကို အသိပေးထားမည်ဆိုပါက ပညာရေးပြုပြင်ပြောင်းလဲမှုများကို ယခုထက်ပိုမိုလုပ်ဆောင်နိုင်ပါမည်လို့ ကျွန်တော်တို့ရဲ့ အကြံပြုချက်ကို ဦးဉာဏ်ဟိန်းက မေးထားသလို ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေ တော်တော်များများက

လည်း မေးထားပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့မှာ အများသောအားဖြင့် လွှတ်တော်ကိုယ်စား လှယ်ကြီးတွေမေးတာကတော့ ဦးတည်ရာလမ်းကြောင်းသည် အခြေခံပညာဦးစီးကို ဦးတည်ကြတယ် လို့ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့မှာ ပညာရေးဝန်ကြီးဌာနနဲ့ ကော်မတီနဲ့ နှစ်ခုကြားမှာ ကျွန်တော်တို့က ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေနဲ့ တခြားသောလှုပ်ရှားမှုများမှာ ၅၇ ကြိမ်တိတိ ကျွန်တော်တို့ကော်မတီဝင်များက တက်ရောက်ခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့မှာ ဥပဒေတို့၊ နည်းဥပဒေတို့နဲ့ပတ်သက်လို့ အခြေခံပညာဥပဒေကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြီးသွားပြီး တော့ ဥပဒေကြမ်းမှာ ဆွေးနွေးလျက်ရှိတဲ့အတွက်ကြောင့် ဒီဥပဒေသည် ကျွန်တော်တို့ဘက်က မကြာခင်ပြီးဆုံးတော့မယ်။ အမျိုးသားလွှတ်တော်ဘက်ကလည်း ဆွေးနွေးပြီးရင် အခြေခံဥပဒေသည် မကြာခင်ရောက်လာလိမ့်မယ်လို့ ကျွန်တော်တို့ ထင်ထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့သည် အခြေခံပညာနဲ့ ပတ်သက်လို့ ဥပဒေအတည်မပြုရသေးဘူး။ နည်းဥပဒေတွေလည်း မရှိသေးဘူး။ ဒါကြောင့် ကျွန်တော်တို့က ဘယ်ဥပဒေနဲ့၊ ဘယ်နည်းဥပဒေနဲ့ ပညာရေးဝန်ကြီးဌာနက အကောင်အထည် ဖော်နေလဲဆိုတာကို တိုက်စစ်ဖို့ ကျွန်တော်တို့မှာ အတော်လေးအခက်အခဲရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က အခု ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်နေတဲ့လုပ်ငန်းတိုင်းမှာ ကျွန်တော်တို့ ကော်မတီကိုပို့တဲ့ အခုနက ကျွန်တော်ပြောတဲ့ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ချမှတ်တဲ့မူတွေကို ကျွန်တော်တို့ မရရှိပါဘူးခင်ဗျား။ သို့သော်လည်းပဲ ကျွန်တော်တို့ လိုအပ်တဲ့အချိန် မှာတော့ တောင်းယူပါတယ်ခင်ဗျား။ တောင်းယူပြီးတော့ Oversight လုပ်တဲ့လုပ်ငန်းတွေမှာ ကျင့်သုံး ပါတယ်။ ပညာရေးဝန်ကြီးဌာနက မူများသည် Education Website မှာ ပြည်သူအားလုံး နားလည် အောင် တင်ပေးထားတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ကော်မတီရုံးခန်းကနေပဲ ဒါတွေကို ကြည့်ပြီးတော့ နေရတဲ့အနေအထားရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့မှာ ဒီတစ်ချက်လေးတော့ အားနည်းတာ တွေ့ရပါတယ်။

ဒုတိယ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က မေးတဲ့မေးခွန်းများသည် အင်မတန်မှ ကောင်းပါတယ်ခင်ဗျား။ ကျွန်တော်တို့ ကော်မတီနဲ့ ပညာရေးဝန်ကြီးဌာနမှာရှိတဲ့ဦးစီးဌာနများသည် နှစ်ကြိမ်ပဲ တွေ့ဆုံတယ်ဆိုတာက ဒီစာတမ်းကို ပြုစုတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီနောက်မှာ နှစ်ကြိမ်မကပါဘူး။ ပြီးခဲ့တဲ့အပတ်ကလည်း တစ်ခါတွေ့ပါတယ်။ အဲဒီမတိုင်ခင် တစ်ပတ်ကလည်း တွေ့ပါတယ်။ လာမယ့် ဗုဒ္ဓဟူးနေ့မှာလည်း ကျွန်တော်တို့ တွေ့ဖို့ အစီအစဉ်တွေရှိပါတယ်။ ပထမပိုင်းမှာ ကျွန်တော်တို့က ဥပဒေကိုလည်း ဘာမှမဆွေးနွေးသေးဘူး။ ဘာမှမရှိသေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့တွေ့ဆုံမှု အင်မတန်မှ အားနည်းတယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်ခင်ဗျား။ နောက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ နိုင်ငံခြားခရီးစဉ်နဲ့ပတ်သက်လို့ ကျွန်တော်တို့ ကော်မတီမှာ စုစုပေါင်း Permanent ၁၈ ဦးရှိပါတယ်ခင်ဗျား။ လေ့လာသူနှစ်ဦးနဲ့ဆိုရင်တော့ ၂၀ ဦးပါ။ သို့သော်လည်းပဲ ဂျပန်နိုင်ငံကို ကျွန်တော်တို့ကော်မတီက နှစ်ကြိမ်သွားခဲ့ပါတယ်။ ပထမတစ်ကြိမ်မှာ ငါးဦးနဲ့ ဒုတိယ တစ်ကြိမ်မှာ လေးဦးပါ။ ကျွန်တော်တို့ကော်မတီက ကိုးဦးသွားပြီးဖြစ်ပါတယ်။ ကျန်တဲ့လူတွေတော့ မသွားရသေးပါဘူး။ နောက်တစ်ကြိမ် ကိုရီးယားနိုင်ငံနဲ့ကို ဒီနှစ် နွေရာသီမှာ ကျွန်တော်တို့ သွားဖို့ အစီအစဉ်ရှိတယ်လို့ ကြားသိထားပါတယ်။ ကော်မတီဝင်အားလုံးဖြစ်နိုင်ပါတယ်လို့လည်း ပြောပါ

တယ်။ WFD နဲ့ ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုကနေပြီးတော့ ကိုရီးယား နိုင်ငံသည် ကမ္ဘာမှာ 1 to 5 ထဲမှာ ပညာရေးအဆင့်ဟာ အမြဲတမ်းရှိနေတဲ့အတွက်ကြောင့် ကိုရီးယား နိုင်ငံရဲ့ပညာရေးကို ကျွန်တော်တို့ ကော်မတီဝင်အားလုံး လေ့လာနိုင်ဖို့အတွက် WFD က ကူညီပြီး လွှတ်ပေးမယ်ဆိုတဲ့သတင်းလည်း ကျွန်တော်တို့ ကြားသိထားပါတယ်ခင်ဗျား။

တတိယအနေနဲ့ တောင်တွင်းကြီးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ် ဦးဉာဏ်ဟိန်းနဲ့ ဒိုက်ဦးမဲဆန္ဒနယ် ဦးဘုန်းမြင့်အောင်တို့ရဲ့ မေးခွန်းမှာ ကျွန်တော်တို့ ကော်မတီအနေနဲ့ တိုင်ကြားစာတွေကို လုပ်တဲ့နေရာမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ မေးထားတဲ့ အရေအတွက်လည်း ရှိပါတယ်။ တစ်နေ့က မေးခွန်းလိုမျိုးဆိုရင် ကျွန်တော်တို့က ကြယ်ပွင့်မပြကို မေးရင် အချိန်မမီတာက တစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းရဲ့အဖြေကိုပဲ ကျွန်တော်တို့ ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ ပေါင်းစပ်ပြီး မေးလိုက်တဲ့ အတွက်ကြောင့်လည်း ကျွန်တော်တို့ရဲ့ ပြည်သူတွေအားလုံး အကျိုးရှိသွားတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကော်မတီရဲ့ဝန်ထမ်းတွေအနေနဲ့ကလည်း ကြယ်ပွင့်မပြပေါင်းမြောက်မြားစွာ ၁၀၀ ကျော်ရှိတဲ့ ကျွန်တော်တို့ကော်မတီက ပညာရေးဝန်ကြီးဌာနနှင့် ပေးပို့တဲ့နေရာမှာ တစ်ခါတရံ မှာ ကျွန်တော်တို့ မေးခွန်းလေးတွေ ပျောက်သွားတာရှိတယ်။ ပျောက်သွားတော့ ကျွန်တော်တို့ ဝန်ထမ်းတွေကိုယ်တိုင်က ဒါလေးတွေကို။

**ဥက္ကဋ္ဌ**။ ။ ကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အားနည်းချက်၊ အားသာချက်များကို အပြုသဘောမျိုးနဲ့ ထောက်ပြဆွေးနွေးသွားတာ ဖြစ်ပါတယ်။ အဲဒီအားနည်းချက်အပေါ်မှာ မိမိတို့ သက်ဆိုင်ရာကော်မတီများအနေနဲ့ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်သွားဖို့ လိုပါ့မယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေး မြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးခမ်ခန့်ထန်(အတွင်းရေးမှူး၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပညာရေး မြှင့်တင်မှုကော်မတီ အတွင်းရေးမှူးဖြစ်သူ ချင်းပြည်နယ်၊ တွန်းဇံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခမ်ခန့်ထန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၁ အရ လွှတ်တော်က လက်ခံ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဥ္စမနေ့(၂၀-၁၁-၂၀၁၈ ရက်နေ့)အင်္ဂါနေ့တွင် လွှတ်တော်မှ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်း ကော်မတီ၏အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၆-၁၁-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော် ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက် ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်း ကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရ ယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက်များကို အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် (၁၃၆)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ကျွန်မဒေါ်မာမာခိုင်က ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာတဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့ဖြစ်တဲ့ ၂၀-၁၁-၂၀၁၈ ရက် (အင်္ဂါနေ့)မှာ ပြည်သူ့လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၆-၁၁-၂၀၁၈ ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြတဲ့ ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်)၊ ဦးတင့်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)၊ ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရွှေးတောမဲဆန္ဒနယ်)၊ ဦးဝင်းထွဋ်(ဖျာပုံမဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဟာ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၄-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့)နှင့် ၆-၁၂-၂၀၁၈ ရက်(ကြာသပတေးနေ့)တို့မှာ ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါတယ်။ ဒီညှိနှိုင်းအစည်းအဝေးရဲ့သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှာ ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက် အချက်(၁၃၆)ချက်ကို အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ ဒီအချက်တွေကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဝေငှထားပြီး ဖြစ်ပါတယ်ရှင်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်(၁၃၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၂၊ ၃၊ ၅၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂ ခြေဆင်း၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)ကိုပြင်ဆင်ပြီး (ည)(ဋ)နှင့်(ဌ)၊ အပိုဒ်ခွဲ(ပ)(ဏ)(တ)(ထ)(ဒ)(ဓ)(န)(ပ)(ဖ)နှင့်(ဗ) |

မူကြမ်း

| | | | |
|---|---|---|---|
| (ခ) | ၉ | ၁၇၊ ၁၈ | အခန်း(၂)ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့်(ခ) |
| (ဂ) | ၁၀ | ၂၁ | အခန်း(၃)ခေါင်းစဉ် |
| (ဃ) | ၁၁ မှ ၁၄ | ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁ | အပိုဒ် ၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၂)နှင့်(၃)၊ အပိုဒ်ခွဲငယ်(၆)(၇)(၈)နှင့် အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(ခ)နှင့် (ဂ)တို့ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ(ဆ) |
| (င) | ၁၅ မှ ၁၉ | ၃၂၊ ၃၄၊ ၃၆၊ ၃၇၊ ၃၉၊ ၄၁၊ ၄၃၊ ၄၅၊ ၄၇ | အခန်း(၄)ခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၄)(၅)(၆)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ်(၇)၊ အပိုဒ်(၈) အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)(ဃ)နှင့် (င)၊ အပိုဒ်ခွဲ(ဇ)နှင့်(ဈ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဋ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဎ) |
| (စ) | ၂၀ မှ ၂၂ | ၄၈၊ ၅၀၊ ၅၂၊ | အခန်း(၅)ခေါင်းစဉ်၊ အပိုဒ် ၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ) |
| (ဆ) | ၂၃ မှ ၂၄ | ၅၃၊ ၅၄၊ ၅၅၊ ၅၆ | အခန်း(၆)ခေါင်းစဉ်၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ |
| (ဇ) | ၂၅ မှ ၃၀ | ၅၇၊ ၅၈၊ ၆၀၊ ၆၃၊ ၆၄၊ ၆၆၊ ၆၈ | အခန်း(၇)ခေါင်းစဉ်၊ အပိုဒ် ၁၃ ခြေဆင်း အပိုဒ်ခွဲ(က)(ခ) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲ(ဃ)နှင့်(င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၁၄၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ရှိ ရှင်းလင်းချက်ကို ပယ်ဖျက်ခြင်းနှင့် (ခ)(ဂ)တို့ကို ပြင်ဆင် ခြင်း၊ အပိုဒ်ခွဲ(င)နှင့်(စ) |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဈ) | ၃၁ မှ ၄၀ | ၆၉၊ ၇၁၊ ၇၃၊ ၇၅၊ ၇၇၊ ၈၁၊ ၈၄၊ ၈၆ | အခန်း(၈)ခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၄)(၅)နှင့် အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၄)နှင့်(၅)၊ အပိုဒ်(၂၀)အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်(၂၁) အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)နှင့်(၃)၊ အပိုဒ် ၂၂ |
| (ည) | ၄၀ မှ ၄၇ | ၈၇၊ ၈၈၊ ၉၀၊ ၉၂၊ ၉၄၊ ၉၇၊ ၉၈၊ ၁၀၀၊ | အခန်း(၉)ခေါင်းစဉ်၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)(၄)နှင့် အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၅ အပိုဒ်ခွဲ |

မူကြမ်း

| | | | |
|---|---|---|---|
| | | ၁၀၃၊ ၁၀၄ | (က)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၀ |
| (ဋ) | ၄၇ | ၁၀၅ | အခန်း(၁၀)ခေါင်းစဉ် |
| (ဌ) | ၄၈ | ၁၀၉ | အခန်း(၁၁)ခေါင်းစဉ် |
| (ဍ) | ၄၉ မှ ၅၁ | ၁၁၁၊ ၁၁၄ | အပိုဒ် ၃၅၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)နှင့်(င) |
| (ဎ) | ၅၁ မှ ၅၅ | ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၉၊ ၁၂၁၊ ၁၂၃ | အခန်း(၁၂)ခေါင်းစဉ်၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃) အပိုဒ်ခွဲငယ်စိတ် (ကက)(ခခ)၊ အပိုဒ် ၃၉၊ အပိုဒ် ၄၁ |
| (ဏ) | ၅၆ မှ ၅၇ | ၁၂၄၊ ၁၂၇၊ ၁၂၈ | အခန်း(၁၃) ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၁ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၄ |
| (တ) | ၅၈ မှ ၅၉ | ၁၂၉၊ ၁၃၀၊ ၁၃၄ | အခန်း(၁၄)ခေါင်းစဉ်၊ အပိုဒ် ၄၅၊ အပိုဒ် ၄၉ |
| (ထ) | ၅၉ မှ ၆၅ | ၁၃၅၊ ၁၃၇၊ ၁၄၀၊ ၁၄၁၊ ၁၄၃၊ ၁၄၆၊ ၁၄၇ | အခန်း(၁၅)ခေါင်းစဉ်၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)နှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၅၁ အပိုဒ်ခွဲ(က)၊အပိုဒ်ခွဲငယ်(၃) အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်(င)နှင့်(စ)၊ အပိုဒ် ၅၂ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဒ) | ၆၆ မှ ၇၇ | ၁၄၈၊ ၁၄၉၊ ၁၅၂၊ ၁၅၄၊ ၁၅၅၊ ၁၅၈၊ ၁၆၁၊ ၁၆၃၊ ၁၆၉၊ ၁၇၁ | အခန်း(၁၆)ခေါင်စဉ်၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)(၃)(၄) အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ် (၃) အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၅၆ အပိုဒ်ခွဲ(က) နှင့်(ခ)၊ အပိုဒ်(၅၇) အပိုဒ်ခွဲ(ခ) (ဂ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၆၁ |
| (ဓ) | ၇၈ မှ ၇၉ | ၁၇၃၊ ၁၇၄၊ | အခန်း(၁၇)ခေါင်းစဉ်၊ အပိုဒ် ၆၃ |
| (န) | ၈၀ | ၁၇၅ | အခန်း(၁၈)ခေါင်းစဉ် |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ပ) | ၈၀ မှ ၈၁ | ၁၇၇၊ ၁၇၉ | အခန်း(၁၉)ခေါင်းစဉ်၊ အပိုဒ် ၆၅ အပိုဒ်ခွဲ(ခ) |
| (ဖ) | ၈၂ | ၁၈၂၊ ၁၈၃ | အခန်း(၂၀)ခေါင်းစဉ်၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(က)(ခ)(ဂ) နှင့်(ဃ) |
| (ဗ) | ၈၃ မှ ၉၀ | ၁၈၅၊ ၁၈၇၊ ၁၈၉၊ ၁၉၅၊ ၁၉၆၊ ၁၉၈ | အခန်း(၂၁)ခေါင်းစဉ်၊ အပိုဒ် ၆၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)နှင့်(၄)၊ အပိုဒ် ၇၃၊ အပိုဒ် ၇၄၊ အပိုဒ် ၇၆ |
| (ဘ) | ၉၀ မှ ၁၀၆ | ၁၉၉၊ ၂၀၃၊ ၂၀၄၊ ၂၀၇၊ ၂၀၉၊ ၂၁၃၊ ၂၁၅၊ ၂၁၈၊ ၂၂၀၊ ၂၂၂၊ ၂၂၃၊ ၂၂၄၊ ၂၂၆ | အခန်း(၂၂)ခေါင်းစဉ်၊ အပိုဒ် ၇၈ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ် (၂)၊ အပိုဒ် ၈၀ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၁)(၂)အပိုဒ်ခွဲ (ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)အပိုဒ်ခွဲငယ်စိတ်(ကက)(ခခ)အပိုဒ်ခွဲငယ် (၃)(၄)အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ် (၁)(၂)၊ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)(၂)နှင့်(၃)၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆ |
| (မ) | ၁၀၆ မှ ၁၀၉ | ၂၂၇၊ ၂၂၉၊ ၂၃၁၊ ၂၃၂၊ ၂၃၆ | အခန်း(၂၃)ခေါင်းစဉ်၊ အပိုဒ် ၈၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)(၂)နှင့်(၃)၊ အပိုဒ်ခွဲ(ခ)အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၉၁ |

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (ယ) | ၁၁၀ မှ ၁၁၆ | ၂၃၈၊ ၂၄၀၊ ၂၄၃၊ ၂၄၆၊ ၂၄၇၊ ၂၄၈၊ ၂၅၀၊ ၂၅၁၊ ၂၅၂၊ ၂၅၃၊ ၂၅၄၊ ၂၅၆၊ ၂၅၈၊ ၂၆၀ | အခန်း(၂၄)ခေါင်းစဉ်၊ အပိုဒ် ၉၄ အပိုဒ်ခွဲ(က)၊ အပိုဒ် ၉၆၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၂၊ အပိုဒ် ၁၀၃၊ အပိုဒ် ၁၀၄၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၆ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ဃ) |

**မူကြမ်း**

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူညီတဲ့ အမျိုးသား လွှတ်တော်ရဲ့အတည်ပြုချက်(၁၃၆)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြသည့် ကုန်အမှတ် တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြချက်အား ပညာရေးဝန်ကြီးဌာနမှ သဘောတူလက်ခံ ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၁၃၆)ချက်ကို ဥပဒေကြမ်းကော်မတီ က သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၁၃၆)ချက်ကို အမျိုးသား လွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များ အနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၁၃၆)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင် ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၂၄)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်ရဲ့အတည်ပြုချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက်(၁၂၄)ချက်ရှိပါတယ်။ ပြင်ဆင်ရန် တင်ပြချက်ဇယားကိုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်ရှင်။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ရန်တင်ပြချက်(၁၂၄)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၉ | ၁၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၅ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)နှင့်(င)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဍ) |
| (ခ) | ၉ မှ ၁၀ | ၁၉၊ ၂၀ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ) |
| (ဂ) | ၁၀ မှ ၁၄ | ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀ | အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၄)နှင့်(၅)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င)နှင့်(စ) |
| (ဃ) | ၁၉ မှ ၁၉ | ၃၃၊ ၃၅၊ ၃၈၊ ၄၀၊ ၄၂၊ ၄၄၊ ၄၆ | အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ် ၈ ခေါင်းစဉ်၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)နှင့်(ဆ)၊ အပိုဒ်ခွဲ(ည)နှင့်(ဋ)၊ အပိုဒ်ခွဲ(ဍ) |
| (င) | ၂၀ | ၄၉၊ ၅၁ | အပိုဒ် ၉ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) |
| (စ) | ၂၇ မှ ၃၀ | ၅၉၊ ၆၁၊ ၆၂၊ ၆၅၊ ၆၇ | အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ်ခွဲ(ဆ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ) |
| (ဆ) | ၃၁ မှ ၃၉ | ၇၀၊ ၇၂၊ ၇၄၊ ၇၆၊ ၇၈၊ ၇၉၊ ၈၀၊ ၈၂၊ ၈၃၊ ၈၅ | အပိုဒ် ၁၅၊ အပိုဒ် ၁၇ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ(က) ခေါင်းစဉ်၊ အပိုဒ်ခွဲငယ်(၁)(၂)(၃)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၄၀ မှ ၄၆ | ၈၉၊ ၉၁၊ ၉၃၊ ၉၅၊ ၉၆၊ ၉၉၊ ၁၀၁၊ ၁၀၂ | အပိုဒ် ၂၃ အပိုဒ်ခွဲ(က) (ခ)နှင့် (ဂ)၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁) (၂)၊ အပိုဒ် ၂၅ ခေါင်းစဉ်၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၉ အပိုဒ်ခွဲ(က) |
| (ဈ) | ၄၇ မှ ၄၈ | ၁၀၆၊ ၁၀၇၊ ၁၀၈ | အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃ |

မူကြမ်း

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (ည) | ၄၉ မှ ၅၀ | ၁၁၀၊ ၁၁၂၊ ၁၁၃ | အပိုဒ် ၃၄၊ အပိုဒ် ၃၅ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၃၆ အပိုဒ်ခွဲ(က) |
| (ဋ) | ၅၁ မှ ၅၅ | ၁၁၈၊ ၁၂၀၊ ၁၂၂ | အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၀ |
| (ဌ) | ၅၆ မှ ၅၇ | ၁၂၅၊ ၁၂၆ | အပိုဒ် ၄၂၊ အပိုဒ် ၄၃ |
| (ဍ) | ၅၈ မှ ၅၉ | ၁၃၁၊ ၁၃၂၊ ၁၃၃ | အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈ |
| (ဎ) | ၆၀ မှ ၆၅ | ၁၃၆၊ ၁၃၈၊ ၁၃၉၊ ၁၄၂၊ ၁၄၄၊ ၁၄၅ | အပိုဒ် ၅၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၅၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ဂ)နှင့်(ဃ) |
| (ဏ) | ၆၇ မှ ၇၈ | ၁၅၀၊ ၁၅၁၊ ၁၅၃၊ ၁၅၆၊ ၁၅၇၊ ၁၅၉၊ ၁၆၀၊ ၁၆၂၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၇၊ ၁၆၈၊ ၁၇၀၊ ၁၇၂ | အပိုဒ် ၅၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၆၊ အပိုဒ်ခွဲ(ဂ)နှင့်(ဃ)၊ အပိုဒ် ၅၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၈၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၉ ကိုပယ်ဖျက်ခြင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၉၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆၂ |
| (တ) | ၈၀ | ၁၇၆ | အပိုဒ် ၆၄ |
| (ထ) | ၈၀ မှ ၈၁ | ၁၇၈၊ ၁၈၀၊ ၁၈၁ | အပိုဒ် ၆၅ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆၆ |
| (ဒ) | ၈၃ | ၁၈၄ | အပိုဒ် ၆၇ အပိုဒ်ခွဲ(င) |
| (ဓ) | ၈၃ မှ ၉၀ | ၁၈၆၊ ၁၈၈၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃၊ | အပိုဒ် ၆၈၊ အပိုဒ် ၆၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၁၊ အပိုဒ် ၇၂၊ အပိုဒ် ၇၅ |

**မူကြမ်း**

| | | | |
|---|---|---|---|
| | | ၁၉၄၊ ၁၉၇ | |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (န) | ၉၁ မှ ၁၀၅ | ၂၀၀၊ ၂၀၁၊ ၂၀၂၊ ၂၀၅၊ ၂၀၆၊ ၂၀၈၊ ၂၁၀၊ ၂၁၁၊ ၂၁၂၊ ၂၁၄၊ ၂၁၆၊ ၂၁၇၊ ၂၁၉၊ ၂၂၁၊ ၂၂၅ | အပိုဒ် ၇၇ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၇၉ အပိုဒ်ခွဲ၉က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၇၉ အပိုဒ်ခွဲ(ခ)ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)၊ အပိုဒ် ၈၀ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ် ၈၁ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ် ၈၂၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ခ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၈၆ ကို ပယ်ဖျက်ခြင်း |
| (ပ) | ၁၀၆ မှ ၁၁၀ | ၂၂၈၊ ၂၃၀၊ ၂၃၃၊ ၂၃၄၊ ၂၃၅၊ ၂၃၇ | အပိုဒ် ၈၇ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်လျက် အပိုဒ် ၈၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၂ |
| (ဖ) | ၁၁၀ မှ ၁၁၆ | ၂၃၉၊ ၂၄၁၊ ၂၄၂၊ ၂၄၄၊ ၂၄၅၊ ၂၄၉၊ ၂၅၅၊ ၂၅၇၊ ၂၅၉ | အပိုဒ် ၉၃၊ အပိုဒ် ၉၄ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၉၅၊ အမျိုးသား လွှတ်တော်၏အတည်ပြုချက်အပိုဒ် ၉၈ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၉၇၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ဂ) |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ရန်တင်ပြချက်(၁၂၄)ချက်ကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ တင်ပြသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်ပြချက်အား ပညာရေးဝန်ကြီးဌာနမှ သဘောတူလက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၁၂၄)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၂၄)သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်းအတည်ပြုသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ လွှတ်တော်သို့ပေးပို့လာတဲ့ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရှာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီးတည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေး မူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့(၁၄-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ဆောက်ရှာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်

အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၇ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံးကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းခဲ့သော နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်တည်ဆောက်ရာ၌ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)၌ အခြေခံကျသည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး ရရှိသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖွံ့ဖြိုးဖြစ်ပေါ်နိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံအနေဖြင့် အရှိန်အဟုန်ဖြင့် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန်အတွက် လျှပ်စစ်ဓာတ်အားလုံလောက်မျှတစွာရရှိရေး မြို့ပြနှင့်ကျေးရွာများအားလုံး သုံးစွဲခွင့်ရရှိရေးတို့မှာ အဓိကလိုအပ်ချက်များဖြစ်ပါတယ်။ ယခုလက်ရှိနိုင်ငံတော်တွင် ရေအားဖြင့် ၂၈၄၂ မဂ္ဂါဝပ်၊ သဘာဝဓာတ်ငွေ့ဖြင့် ၁၉၃၂ မဂ္ဂါဝပ်၊ စွန့်ပစ်အပူသုံး ၂၅၀ မဂ္ဂါဝပ်၊ ကျောက်မီးသွေးဖြင့် ၁၂၀ မဂ္ဂါဝပ်ခန့် နှစ်စဉ် ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါတယ်။ လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစွမ်းအင်ဖြစ်သဖြင့် တောရော၊ မြို့ပါ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးကို ပိုမိုတောင့်တလာကြခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမည်ဆိုပါက ဒေသရေမြေအနေအထားမတူညီသဖြင့် လေအား၊ ရေအား၊ နေအားနှင့် အခြားစွမ်းအင်အရင်းအမြစ်များကိုပါ ရယူသုံးစွဲကြရမှာဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မတ်လကုန်အထိ ကျေးရွာစုစုပေါင်း ၃၂၄၃၃ ရွာသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ကြောင်း အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာမှာ ဖော်ပြထားတာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်မီးလင်းရေးကော်မတီများသည် မိမိတို့ကျေးရွာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိရေးအတွက် စုပေါင်းထည့်ဝင်ငွေ၊ မတည်ငွေ၊ ချေးငွေ စသည်ဖြင့် ပုံစံအမျိုးမျိုးဖြင့် ပါဝင်ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့မောက်မယ်မြို့နယ်မှာတော့ KFW ချေးငွေနှင့် ၁၁ ကေဗွီလိုင်းကနေပြီး ရွာသုံးရွာကို စတင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားလိုင်းကြိုး အိမ်ခေါင်မိုးပေါ်ဖြတ်သန်းသွားသော်လည်း မီးလင်း

ရန်အစီအစဉ်မရှိသေးတဲ့ ကုန်းလွင်မို့ကျေးရွာ၊ ဟိုလ္လိုင်ကျေးရွာအုပ်စုလိုလူမျိုး ရွာမျိုးကိုလည်း မြင်တွေ့နေရပါတယ်။ အဆိုပါကျေးရွာတွေဟာ စီးပွားရေးအခွင့်အလမ်းလည်းမရှိကြသဖြင့် ကိုယ့်အား ကိုယ်ကိုးလည်းမဆောင်ရွက်နိုင်။ ဆိုလာပြားပေးဝေတဲ့စာရင်းမှာလည်းမပါ။ မီးကဒီတစ်သက် လင်းအုံး မှာလားလို့ မေးနေကြတဲ့ကျေးရွာတွေ ဖြစ်ပါတယ်။ စီးပွားရေးအခွင့်အလမ်းတိုးတက်ကောင်းမွန်တဲ့ လူနေအိမ်ခြေများတဲ့ နမ္မတူကျေးရွာအုပ်စုလိုရွာမျိုးကြတော့ မြို့နှင့်ခြောက်မိုင်သာကွာဝေးတဲ့အတွက် ကိုယ့်အားကိုယ်ကိုး မီးရရှိရေးဆောင်ရွက်လိုကြပါတယ်။ နိုင်ငံတော်အစိုးရရဲ့ကူညီပံ့ပိုးမှုကိုလည်း မျှော်လင့်နေကြပါတယ်။ လုပ်ထုံးလုပ်နည်းနှင့်တကွ ခန့်မှန်းခြေကုန်ကျမည့်စာရင်းတို့ကိုလည်း သိရှိလိုကြပါတယ်။ ၎င်းကျေးရွာတွေဟာ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိရေးအတွက် မျှော်လင့်ချက်များရှိနေ ကြလို့ပဲ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားလုံးဝမရနိုင်တဲ့ ကျေးရွာတွေအတွက်တော့ န.တ.လနှင့် ကျေးလက်ကဖြန့်ဝေပေးတဲ့ ဆိုလာပြားတွေကိုသာ အားကိုးအားထားပြုသုံးစွဲရသလို တစ်ဖက်ကလည်း ဈေးကွက်ထဲမှာ တန်ဖိုးနည်းပေးဝယ်ကြတဲ့ LED မီးများကို ဘက်ထရီအားသွင်းစနစ်နဲ့ မီးလင်းနေကြ တာ ပုံစံအမျိုးမျိုးနှင့်မြင်တွေ့နိုင်ပါတယ်။ ဒါကြောင့် ကျေးလက်မီးလင်းရေးမှာ ဓာတ်အားလိုင်းကနေ သွယ်တန်းစနစ်နဲ့ ဆိုလာပြားပေးဝေတဲ့စနစ်ကိုသာ အများဆုံးတွေ့မြင်နေရပါတယ်။ ၎င်းတို့အနက်မှ ဓာတ်အားလိုင်းနှင့်သွယ်တန်းတဲ့စနစ်မှာ ညွှန်ကြားချက်၊ စည်းကမ်းချက်များအပေါ် မူတည်၍ ကျေးလက်မီးလင်းရေးကော်မတီများနှင့် ရွာသားများ အများဆုံးပြဿနာဖြစ်ကြရပါတယ်။ ကျွန်တော် တို့လွှတ်တော်ထဲမှာတောင် မီးလင်းရေးကော်မတီဖျက်သိမ်းသင့်ကြောင်း ဆွေးနွေးခဲ့ကြဖူးပါတယ်။ ဒါတွေဟာ မူဝါဒ၊ ညွှန်ကြားချက်တိကျဖို့လိုအပ်ကြောင်း ညွှန်ပြနေပါတယ်။ မီးလင်းရေးကော်မတီမှ လိုအပ်လျှင် လိုအပ်သလို ကျင့်သုံးဆောင်ရွက်နိုင်ပြီး မီးသွယ်တန်းမည့် ပုဂ္ဂိုလ်များအတွက်လည်း အခွင့်အရေးတစ်ခုကဲ့သို့ မှတ်ယူနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိ ရေးစီမံကိန်း(National Electrification Project-NEP)မှ ဆိုလာစနစ်အတွက် ဝန်ဆောင်မှုစင်တာ၊ ၅၀ ကျော်ကို ပြီးခဲ့တဲ့နိုဝင်ဘာလကစတင်ပြီးတော့ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး များနှင့် ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ စတင်ဆောင်ရွက်နေကြောင်းလည်း သိရှိရပါတယ်။ ဒီ Service စင်တာတွေက တစ်နှစ်အတွင်း ပစ္စည်းပျက်စီးတာတွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးမှာဖြစ်လို့ ဝေးလံခေါင်သီဒေသအတွက် ဆိုလာမီးအခက်အခဲပြဿနာ အလွယ်တကူ ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ လျှပ်စစ်မီးမရရှိသည့် မဟာဓာတ်အားလိုင်း ပြင်ပကျေးရွာများအတွက် အားကိုးအားထားရာဖြစ်လို့ ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် ကျေးလက်မီးလင်းရေးစီမံချက်ဖြင့် ဆောင်ရွက်နေသော ကျေးလက်မီးလင်းရေးလုပ်ငန်းများသည် ကျွန်တော်တို့ ဆက်လက်ကျင့်သုံးဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သဖြင့် ကျေးလက် တောရွာများ တစ်ပြေးညီလျှပ်စစ်သွယ်တန်းအသုံးပြုခွင့်ရရှိရေး ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတစေရေးအတွက် မူဝါဒနှင့်ညွှန်ကြားချက်များ ပြန်လည်စိစစ်ဆောင်ရွက်ပေးရန် လိုအပ်ပါ ကြောင်း ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁ နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၂ ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးရဲ့အဆိုကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါ။ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးပို့နိုင်ခြင်းမရှိသေးသော ကျေးလက်ဒေသများ၊ လျှပ်စစ်ဓာတ်အားရရှိရေးဆောင်ရွက်ကြရာမှာ ကျေးလက်ဒေသများအနေနဲ့ နိုင်ငံတော်ဓာတ်အားစနစ် ရောက်ရှိနေသည့်နေရာမှ ဓာတ်အားရယူချိတ်ဆက်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မီးလင်းရေးကော်မတီများ လိုက်နာဆောင်ရွက်ရန် အချက် ၁၂ ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမဦးစွာ ကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်းကြပါတယ်။ ဒီကျေးရွာမီးလင်းရေးကော်မတီများက ဦးဆောင်ပြီးတော့ ကိုယ်ထူကိုယ်ထပုံစံဖြင့် အနီးဆုံးတည်ရှိနေတဲ့ နိုင်ငံတော်ဓာတ်အားစနစ် ဓာတ်အားလိုင်းမှ ဓာတ်အားရယူခြင်းနှင့် ကျေးရွာအတွင်း ဓာတ်အားလိုင်းတည်ဆောက်ခြင်းများကို အချက် ၁၂ ချက်နှင့်အညီ တည်ဆောက်ရယူကြရပါတယ်။ မီးလင်းရေးကော်မတီတွေ လိုက်နာဆောင်ရွက်ရန် အချက် ၁၂ ချက်ထဲက အချက်(၉)မှာ ဖော်ပြထားတဲ့အချက်ဖြစ်ပါတယ်။ ဒီအချက်အရ ကျေးရွာမီးလင်းရေးကော်မတီတွေအနေနဲ့ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ထားသော ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော်မာများနှင့် ကျေးရွာအတွင်း သွယ်တန်းထားသော ၄၀၀ ဗို့အားလိုင်းများ၏ ထိန်းသိမ်းပြုပြင်ခြင်းကိုသာ ဆောင်ရွက်ရမယ်လို့ ဖော်ပြထားခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ခါတ်အားစနစ်ကနေပြီးတော့ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီခါတ်အားလိုင်းများဖြင့် ခါတ်အားပေးစက်ရယူခြင်းအပိုင်းဖြစ်ပါတယ်။ ဒီအပိုင်းကိုလည်း ကျေးရွာမီးလင်းရေးကော်မတီ၏ အချက် ၁၂ ချက်နှင့်အညီ ကိုယ်ထူကိုယ်ထဆောင်ရွက်ကြရပါတယ်။ ဒီခါတ်အားလိုင်းတွေ တည်ဆောက်ပြီးရင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ မီးလင်းရေး ကော်မတီများလိုက်နာဆောင်ရွက်ရန် အချက် ၁၂ ချက်၏ အချက်(၁၂)အရ ကျေးရွာမီးလင်းရေး ကော်မတီ/ပုဂ္ဂလိကများ တည်ဆောက်ထားသော ၃၃ ကေဗွီနှင့် ၁၁ ကေဗွီခါတ်အားလိုင်းများကို ခါတ်အားပို့လွှတ်သည့်အချိန်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံရမည်။ အဆိုပါ လိုင်းများ ထိန်းသိမ်းပြုစုခြင်းလုပ်ငန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးက စရိတ်ကျခံပြီး စီမံခန့်ခွဲ ဆောင်ရွက်ရမည်။ ၎င်းခါတ်အားလိုင်းမှတစ်ဆင့် ခါတ်အားချိတ်ဆက်ရယူခြင်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက နည်းပညာအရ စိစစ်၍ခွင့်ပြုပေးနိုင်သည်လို့ ရှင်းလင်းစွာဖော်ပြထားတဲ့အတွက် နည်းပညာအရသော်လည်းကောင်း၊ စီမံခန့်ခွဲမှုအရသော်လည်းကောင်း၊ ရေရှည်ထိန်းသိမ်း စောင့်ရှောက်နိုင်မှုအရသော်လည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးကသာ စီမံခန့်ခွဲမှသာ ဖြစ်နိုင် ပါလိမ့်မယ်။

အဆိုရှင်တင်ပြထားတဲ့အချက်မှာ ၂၀၁၄ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၄၄)၊ လျှပ်စစ်ဥပဒေအခန်း(၁၂) ပုဒ်မ ၅၂ မှာ ခွင့်ပြုချက်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သည့် လျှပ်စစ်ခါတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းမပြုရနှင့် ပတ်သက်ပြီး မီးလင်းရေးကော်မတီများ ဝန်ခံကတိပြုလိုက်နာဆောင်ရွက်ရန် အချက် ၁၂ ချက်အနက်မှ အချက် (၁၁)နှင့်ဆက်စပ်ပြီး မီးလင်းရေးအတွက် ခါတ်အားရယူရာမှာ အခြားဝန်ကြီးဌာန အဖွဲ့အစည်း၊ ပုဂ္ဂလိကပိုင်လိုင်းများမှ သွယ်ယူခြင်းဖြစ်ပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့၏ သဘောတူညီချက်ရယူရမယ်လို့ ဖော်ပြထားခြင်းနှင့် အဲဒီဥပဒေအရဆိုရင် ကိုယ့်အားကိုယ်ကိုး မီးလင်းနေတဲ့ မီးလင်းရေးကော်မတီရဲ့ခွင့်ပြုချက်၊ သဘောတူညီချက်မရဘဲ လျှပ်စစ်သွယ်တန်းရေး မရကြောင်းနှင့် အချက်(၁၁)နှင့် အချက်(၁၂)အား အပြန်အလှန်ဆန့်ကျင်ပြီး ပယ်ဖျက်နေသလို ဖြစ်နေကြောင်းကို တင်ပြခဲ့တာကို မှတ်သားမိပါတယ်။ ဒီအချက်နှင့်ပတ်သက်ပြီး လျှပ်စစ်ဥပဒေနှင့် မီးလင်းရေးကော်မတီများ လိုက်နာဆောင်ရွက်ရန် အချက်(၁၂)ချက်ကို လေ့လာရာမှာ အဆိုရှင်တင်ပြ ခဲ့တဲ့ အချက်(၁၁)ဖော်ပြချက်ဟာ ကွဲလွဲနေပါတယ်။ အမှန်တကယ်ဖော်ပြချက်က အခြားသောဝန်ကြီး ဌာနက တည်ဆောက်ထိန်းသိမ်းထားသည့် ခါတ်အားလိုင်းမှ ဆက်သွယ်ရယူလိုပါက သက်ဆိုင်ရာ ဌာန၏ သဘောတူညီချက်ရယူရမည်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင်လိုင်းများမှ ရယူမည်ဆိုပါ က ပုဂ္ဂလိကတို့၏သဘောတူညီချက် ပါဝင်ရမယ်ဆိုတဲ့အချက် လုံးဝမပါဝင်ပါဘူး။ ဒီအတွက် အဓိပ္ပာယ်အားဖြင့် မတူညီသလို အပိုဒ်(၁၂)မှာ ဖော်ပြထားတာနဲ့လည်း ကွဲလွဲဆန့်ကျင်ခြင်းမရှိပါဘူး။ ထပ်မံဖြည့်စွက်တင်ပြလိုတာက ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၄)၊ လျှပ်စစ်ဥပဒေအခန်း(၉) ပုဒ်မ ၄၀ အရ ခွင့်ပြုမိန့်ရရှိသူများသည် ဝန်ကြီးဌာနကထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စံချိန် စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည့်အတွက် မီးလင်းရေးကော်မတီအနေနဲ့လည်း လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ချမှတ်ထားတဲ့အတိုင်း လိုက်နာ

ဆောင်ရွက်ရန် အချက် ၁၂ ချက်ကို မလွဲမသွေလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထပ်မံမြင်တွေ့ရမှာကတော့ ဒီအဝါရောင်ကျေးရွာဟာအပေါ်က လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ ဓာတ်အားလိုင်းတွေ ဓာတ်အားရဖို့အတွက်ကို အချိန်တွေဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြမှုအရဆိုရင် ဒီပုံမှာ ယခင်တည်ဆောက်ခဲ့တဲ့ မီးလင်းရေးကော်မတီက သူ့စီမံခန့်ခွဲမှုအောက်မှာမရှိတော့တဲ့ ဓာတ်အားလိုင်းပေါ်မှာ ငွေကြေးအကျိုးအမြတ်ပြန်လည် ရယူဖို့အတွက်ကို ဖော်ပြနေတဲ့ပုံဖြစ်ပါတယ်။ ဒီဟာတင်မကသေးပါဘူး။ နိုင်ငံတော်လျှပ်စစ်ဓာတ်အား စနစ်ကနေပြီးတော့ သွယ်တန်းယူထားတဲ့ ဓာတ်အားလိုင်းပေါ်မှာလည်း အကျိုးအမြတ်ကို တောင်းခံနေတဲ့ပုံစံမျိုး ပေါက်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် အချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် ကျေးရွာတွေရဲ့ တည်နေရာဟာ ရေကန်၊ မြေကန်မတူပေမယ့် ကွဲပြားနေရာတွေ ရှိပါတယ်။ နောက်ပြီးအခုကိစ္စက အဆိုရှင်တင်ပြခဲ့တဲ့အတိုင်း လူသားချင်းစာနာထောက်ထားတဲ့ လူ့အခွင့်အရေး ကိစ္စမဟုတ်ပါဘူး။ ဒါကြောင့်ဒီအဆိုကို။

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေးရဲ့အဆိုကို ကျွန်မ ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်၏အဆိုမှာ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်ရာ၌ အဓိကဖြစ်တဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်(NEP)ကို အောင်မြင်စေရန်အတွက် အခြေခံကျတဲ့ ကျေးလက်နေပြည်သူများ၏ လျှပ်စစ်မီးရရှိသုံးစွဲမှုမြှင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းကော်မတီကို မူဝါဒများစနစ်တကျချမှတ်ဆောင်ရွက်ရန် အစိုးရကို တိုက်တွန်းထားတယ်လို့ အဓိပ္ပာယ်သက်ရောက်နေပါတယ်။ ဒီနေရာမှာ အဆိုရှင်က NEP ကိုအားကောင်းရန်အတွက်လို့ ဆိုထားပေမဲ့ တကယ်တမ်းတော့ မီးလင်းရေးကော်မတီရဲ့ လုပ်ပိုင်ခွင့်ကို ပိုမိုရရှိအောင် တောင်းဆိုထားတဲ့သဘောတွေ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိတဲ့စီမံကိန်းအရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ် ခုနစ်ခုကို အိမ်ခြေ ၉၀၀၀၀ ကျော် လျှပ်စစ်မီးရရှိဖို့အတွက် ဆောင်ရွက်ရမယ်လို့ သိရှိရပါတယ်။ လာမည့် ၂၀၃၀ ခုနှစ်ဆိုရင် တစ်နိုင်ငံလုံး၊ ကျေးရွာအားလုံး မီးလင်းရမယ်ဆိုတဲ့ ရည်မှန်းချက်လည်းရှိပြီးသားပါ။ အဆိုပါစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနတို့ပူးပေါင်းကာ ဆိုလာစွမ်းအင်တွေ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားလျှပ်စစ်တွေကို အသုံးပြုတပ်ဆင်ပေးမှာဖြစ်ပြီး စီမံကိန်းကျေးရွာအတွင်းရှိ စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အဦနှင့် လမ်းမီးတိုင်များကို အခမဲ့တပ်ဆင်ပေးကာ အိမ်ရှင်များမှ တပ်ဆင်မည်ဆိုပါက ကုန်ကျစရိတ်ရဲ့ ၂၀ ရာခိုင်နှုန်းခန့်ကို ကျခံပေးမှာဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ၂၁-၈-၂၀၁၇ ရက်နေ့မှာကျွန်မရဲ့ မီးလင်းရေးအဆိုနဲ့ပတ်သက်တဲ့အဆိုတစ်ခုမှာ ဒုတိယဝန်ကြီးကိုယ်တိုင်ဖြေကြားချက်မှာ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားပိုမိုရရှိဖို့ ဆောင်ရွက်လိုတဲ့အနေနဲ့ နိုင်ငံတော်မိတ်ဖက်အဖွဲ့အစည်းတွေဖြစ်တဲ့ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ JICA စတဲ့ အဖွဲ့အစည်း

ထဲကနေ အထူးသက်သာတဲ့ နှစ်ရှည်ချေးငွေတွေနဲ့ရယူပြီးတော့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားရရှိနိုင်ရေးစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ ပထမအဆင့်အနေနဲ့ ကျေးရွာပေါင်း ၅၀၈၀ ရွာ၊ ဒုတိယအဆင့်အနေနဲ့ ကျေးရွာပေါင်း ၆၄၂၁ ရွာကို ရရှိဖို့အတွက် ရည်ရွယ်ထားပါတယ်။ ပထမအဆင့် 11 KV လိုင်းကို ၂ မိုင်အတွင်းမှာရှိတဲ့ကျေးရွာ၊ ဒုတိယအဆင့် ၅ မိုင်အတွင်းမှာရှိတဲ့ကျေးရွာတွေကို သွယ်တန်းပေးမှာဖြစ်ပြီး၊ တတိယအဆင့်အနေနဲ့ 11 KV လိုင်းနဲ့ ၁၁ မိုင်ကျော်တဲ့ ကျေးရွာတွေကို 33 KV ဓာတ်အားခွဲရုံများကိုတည်ဆောက်ပေးမယ်လို့ ရည်ရွယ်ချက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ တစ်နိုင်ငံလုံးမီးလင်းနိုင်စေရန်အစီအစဉ်များနှင့် ဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် အစကတည်းက နည်းစနစ်မကျတဲ့အတွက်မီးလင်းရေးကော်မတီရဲ့ အာဏာလုပ်ပိုင်ခွင့်ကို တဖြည်းဖြည်းလျှော့ချနိုင်ပြီး လျှပ်စစ်မီးကိစ္စကိုနိုင်ငံတော်မှ တဖြည်းဖြည်းပြန်လည်ကိုင်တွယ်နိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ လျှပ်စစ်ဥပဒေ အခန်း(၈) ပုဒ်မ ၃၅ ပုဒ်မခွဲ(က)မှာဖော်ပြထားတာကတော့ ဝန်ကြီးဌာနသည် နိုင်ငံတော်ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုစီမံခြင်းနှင့် လျှပ်စစ်ဓာတ်အားကွပ်ကဲခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားကွန်ရက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနဲ့အညီ စနစ်တကျစီမံဆောင်ရွက်နိုင်ရန် သင့်လျော်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားကွပ်ကဲရေးဌာနများကို လိုအပ်သလိုဖွဲ့စည်းရမယ်လို့ ပါရှိပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်သည် 11 KV လိုင်းသွယ်တန်းခြင်းနဲ့ 33 KV ဓာတ်အားခွဲရုံ တည်ဆောက်ပေးမည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရပြီး မီးလင်းရေးကော်မတီအနေနဲ့ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ကျေးရွာတွင်ဓာတ်တိုင်စိုက်ထူခြင်း၊ သွယ်တန်းခြင်းတို့ကိုတော့ဆောင်ရွက်ရမှာဖြစ်ပါတယ်။ 11 KV နဲ့ 33 KV ဓာတ်အားလိုင်းကို မီးလင်းရေးကော်မတီက တိုက်ရိုက်ကိုင်တွယ်ခွင့်ပေးခဲ့မယ်ဆိုရင် ဥပဒေနဲ့လည်းမညီသလို နောက် မီးမရှိသေးတဲ့ ပြည်သူများအပေါ်မှာလည်း အာဏာသုံးလာနိုင်ဖွယ်ရှိပါတယ်။ မီးလင်းရေးကော်မတီကို လုပ်ပိုင်ခွင့်ပိုမိုပေးလိုက်မယ်ဆိုရင် မီးမရှိသေးတဲ့ ပြည်သူတွေအနေနဲ့ ဘာမှပြောခွင့်ရမှာမဟုတ်သလို မီးလင်းရေးကော်မတီတောင်းသလောက် ဈေးနှုန်းအတိုင်း လိုက်လျောပေးရမှာဖြစ်ပါတယ်။ ယခင် မီးလင်းရေးကော်မတီလိုက်နာရမယ့် စည်းကမ်းချက် ၂၃ ချက် မပြည့်စုံတဲ့အတွက် နောက်ထပ်စည်းကမ်းချက် ၁၂ ချက်ပါထပ်မံထုတ်ရခြင်းသည် ပြည်သူအတွက်ပဲဖြစ်ပါတယ်။ မီးလင်းရေးကော်မတီသည် ပရဟိတလုပ်ငန်းသဘောသာဖြစ်ပြီး မီးလင်းရန်အတွက် ကူညီဆောင်ရွက်ပေးရန်သာဖြစ်ပြီး ကိုယ်ကျိုးစီးပွားအတွက်ဖွဲ့ထားတာမဟုတ်ပါဘူး။ ကျွန်မတို့မြို့နယ်မှာဆိုရင် အခု ပြဿနာတစ်ခုကတော့ ကျေးရွာတွေမှာမီးမရသေးတဲ့ပြည်သူတွေ မီးလင်းရေးကော်မတီက စိတ်ကြိုက်ဈေးနှုန်းသတ်မှတ်ပြီး တောင်းဆိုနေမှုအပေါ် မကျေနပ်လို့ သီးသန့်မီးလင်းရေးကော်မတီ ထပ်ဖွဲ့လိုပါတယ်လို့ တင်ပြလာတာတွေတွေ့ရပါတယ်။ ဒါလည်း ပြည်သူများအနေနဲ့ မီးလင်းရေးကော်မတီအပေါ် ယုံကြည်မှုမရှိရင်မပူးပေါင်းနိုင်သလို သီးသန့်မီးလင်းရေးကော်မတီမဖွဲ့ရဘူးလို့ ဥပဒေမှာမဖော်ပြထားပါဘူး။ သို့ဖြစ်၍ အဆိုရှင်တင်ပြထားသလို မီးလင်းရေးကော်မတီက လုပ်ပိုင်ခွင့်ပိုမိုပေးပြီး လျှပ်စစ်နဲ့စွမ်းအင်ဝန်ကြီးဌာနမှ ကိုင်တွယ်တဲ့ 11 KV နဲ့ 33 KV ကို စီမံပိုင်ခွင့်ပေးခဲ့မယ်ဆိုရင် မီးလင်းရေးကော်မတီကိုပိုပြီးထိန်းချုပ်ရတာခက်ခဲလာလိမ့်မယ်။ ယခင်နှစ်တုန်းက ၂၀၁၇ ခုနှစ် လွှတ်တော်ထဲမှာ ဒုတိယ

ဝန်ကြီးရဲ့ ကတိကဝတ်ပေးထားတဲ့အတိုင်း လက်ရှိကျေးရွာမီးလင်းရေးကော်မတီများ ကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာများ ဖြေရှင်းပြေလည်စေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရယ်၊ စာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူများပါဝင်ပြီးတော့ ကျေးလက်မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ မူဝါဒများကို ပြင်ဆင်ရေးဆွဲကာ လက်ရှိမီးလင်းရေးကော်မတီများကို အသစ်ပြင်ဆင်ဖွဲ့စည်းပေးမည်ဟု လွှတ်တော်မှာ ကတိပြုထားတဲ့အတွက် ဦးသောင်းအေး၏အဆိုကို အတည်မပြုသင့်ကြောင်း ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်ဖြစ်ပါတယ်။ ၁၄-၁၁-၂၀၁၈ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး တင်သွင်းခဲ့တဲ့အဆိုကို ထောက်ပြအကြံပြုမှာဖြစ်ပါတယ်။ အဆိုမှာ လျှပ်စစ်မီးရရှိရေး၊ သုံးစွဲမှုမြှင့်တင်ရေးတို့နှင့်ပတ်သက်နေခြင်းကြောင့် မြန်မာနိုင်ငံ လျှပ်စစ်အခန်းကဏ္ဍမှ ကျွန်မရဲ့လေ့လာမှုများကို အခြေပြုပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အချက်အလက်များအား Power Point ဖြင့် တင်ပြခွင့်ပြုပါ။ Power Point မှာ Data အရ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ လျှပ်စစ်ဓာတ်အားရယူအသုံးမပြုနိုင်သေးပါဘူး။ လျှပ်စစ်သုံးစွဲနိုင်မှုက မြို့ပြဒေသတွင် ၇၇.၅ ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်ဒေသမှာတော့ ၁၄.၉ ရာခိုင်နှုန်းသာဖြစ်ပါတယ်။ ဒီလိုမြို့ပြနှင့်ကျေးလက် လျှပ်စစ်သုံးစွဲနိုင်မှု ကွာဟနေခြင်းကြောင့် ဖွံ့ဖြိုးမှုတွင် နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေပါတယ်။ နှစ်စဉ်လျှပ်စစ်သုံးစွဲမှုနှုန်းကတော့ တိုးတက်လျက်ရှိပြီး ၂၀၁၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့က သုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေအထိတော့ မြန်မာနိုင်ငံရဲ့ စက်ရုံအလုပ်ရုံများနဲ့ လုပ်ငန်းများတွင်သာမက ပြည်သူအများစုတွင် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသေးဘူးလို့ ဆိုနိုင်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများရဲ့ တစ်ဦးချင်းပျမ်းမျှ လျှပ်စစ်သုံးစွဲနိုင်မှုအား ဖော်ပြထားခြင်းဖြစ်ပါတယ်။ လျှပ်စစ်သုံးစွဲနိုင်မှုကို နှိုင်းယှဉ်ဖော်ပြရရင် ဘရူနိုင်းနိုင်ငံမှာ တစ်နှစ်လျှင် တစ်ဦးချင်း လျှပ်စစ်သုံးစွဲနိုင်မှုက မဂ္ဂါဝပ် ၁၀၀၀၀ ကျော်အထိ သုံးစွဲနိုင်ချိန်မှာ မြန်မာနိုင်ငံမှ တစ်ဦးချင်းအနေနဲ့ အစွန်းထွက်ကိန်းဂဏန်းတောင်မရှိတဲ့ မဂ္ဂါဝပ် ၂၀၀ ကျော်အထိသာ သုံးစွဲနိုင်ခြင်းကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လျှပ်စစ်သုံးစွဲနိုင်မှုအနည်းဆုံးဖြစ်နေတာကို စိတ်မကောင်းစွာမြင်တွေ့နိုင်ပါတယ်။ မြန်မာနိုင်ငံမှ ဝန်ကြီးဌာန ၂၅ ခုကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ အဆိုပါဌာနတွေထဲမှာ ဘတ်ဂျက်ပိုင်းအနေနဲ့ နှိုင်းယှဉ်ကြည့်ရင် ငွေရှာတဲ့ဌာနရှိသလို ငွေသုံးရတဲ့ဌာနတွေလည်း ရှိပါတယ်။ ၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေအများဆုံးသုံးတဲ့ဝန်ကြီးဌာန ငါးခုထဲမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလည်းပါဝင်ပါတယ်။ အဆိုပါလျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်လည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE) က တိုင်းပြည်အတွက် ဝင်ငွေအများဆုံးရှာပေးနေသလို လျှပ်စစ်သုံးစွဲနိုင်မှု

အတွက်တော့ ငွေအများဆုံးသုံးနေရကြောင်း လေ့လာသိရှိရပါတယ်။ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း(NEP)ကို ကမ္ဘာ့ဘဏ်၊ JICA ၊ ADB ၊ KFW စတဲ့ဘဏ်တွေဆီက ငွေချေးယူပြီး အကောင်အထည်ဖော်ဆောင်ရွက်နေရကြောင်း ဖော်ပြထားချက်များဖြစ်ပါတယ်။ စီမံကိန်းကို အဆင့်ဆင့် နှစ်အလိုက်သာ ဆောင်ရွက်ပေးနိုင်ပြီး ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိအောင် ဦးတည်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေခြင်းများကတော့ အစိုးရဆောင်ရွက်ပေးမှုကို မစောင့်ဆိုင်းချင်လို့ ဖြစ်နိုင်သလို အစိုးရကို ကူညီပေးလို၍ ဆောင်ရွက်ခြင်းမျိုးလည်း ပါဝင်နိုင်ပါတယ်။ ဖွံ့ဖြိုးတိုးတက်နေတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ရဲ့ လျှပ်စစ်အိမ်သုံးမီတာကောက်ခံမှုနှုန်းထား ဖော်ပြချက်ဖြစ်ပါတယ်။ လျှပ်စစ်သုံးစွဲမှုအတွက် ကျသင့်ငွေနဲ့ ကောက်ခံငွေအရ အစိုးရပိုင်းမှ အရှုံးခံထားကြောင်း မပေါ်ပေါက်ပါဘူး။ မြန်မာနိုင်ငံတွင် အစိုးရက ပြည်သူများ လျှပ်စစ်မီးရရှိရန် ဆောင်ရွက်ပေးနေမှုကို သိရှိနိုင်ရန် အတွက် မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားခကောက်ခံနှုန်းများကို ဖော်ပြထားချက်ဖြစ်ပါတယ်။ အထက်ဖော်ပြပါ တရုတ်၊ အိန္ဒိယနိုင်ငံတို့နဲ့မတူဘဲ မြန်မာနိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှုမှ ဖြန့်ဖြူးမှုအထိ တစ်ယူနစ်လျှင် ၉၂ ကျပ် အသားတင်အရင်းရှိပြီး တစ်ယူနစ်ရောင်းရတိုင်း နိုင်ငံ့ဘဏ္ဍာမှ ၂၃ ကျပ် အရှုံးပေါ်နေကြောင်း လေ့လာသိရှိရပါတယ်။ ဒါ့အပြင် ကျေးရွာလျှပ်စစ်မီးရရှိမှုအား နှစ်အလိုက်နှိုင်းယှဉ်တင်ပြရရင်လည်း ၂၀၀၉ ခုနှစ်က ၁၀ ရွာ၊ ၂၀၁၃ ခုနှစ်က ရွာ ၅၀ ခန့်သာ ပျမ်းမျှဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်း ကျေးရွာ ၅၅၀ အထိ ဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံတော်၏ ကျေးလက်မီးလင်းရေး ဆောင်ရွက်နေမှုများသည် ယခင်ကထက် လွန်စွာအားကောင်းလျက်ရှိကြောင်း ထောက်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အထက်တွင် တင်ပြခဲ့တဲ့အတိုင်း အစိုးရပိုင်းက NEP စီမံကိန်းနဲ့ ပြည်သူတစ်ရပ်လုံးကို ၂၀၃၀ ခုနှစ်မှာ လျှပ်စစ်မီးသုံးစွဲနိုင်ဖို့ ဆောင်ရွက်နေခြင်းဟာ ၂၀၁၅ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက အတည်ပြုခဲ့တဲ့ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်(SDG) ၁၇ ခုမှ ရည်မှန်းချက် ခုနစ်ဖြစ်တဲ့ Affordable and Clean Energy ကို ဖြည့်ဆည်းပေးရာလည်း ရောက်ပါတယ်။ သို့ဖြစ်ပါ၍ အမှောင်ထဲမှ ကျန်နေသော ပြည်သူများကို အလင်းရောင်အောက် အမြန်ဆုံးရောက်ရှိနိုင်ဖို့ မြန်မာနိုင်ငံမှ လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် ဆောင်ရွက်မှုတိုင်းသည် NEP စီမံကိန်းကို အထောက်အပံ့ဖြစ်စေမယ့်မူဝါဒများ၊ စီမံခန့်ခွဲမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများသာ ဖြစ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှဖြာကျန်းမာချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေနဲ့ နိုင်ငံနှင့်နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လျှပ်စစ်စွမ်းအင်ဖြည့်တင်းပေးနိုင်ဖို့ ရေအား၊ သဘာဝဓာတ်ငွေ့နှင့် အခြား

နည်းလမ်းများစွာဖြင့် မီးလင်းရေးစီမံကိန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာ ချေးငွေများဖြင့်လည်းကောင်း၊ ကုမ္ပဏီများနှင့်ပူးပေါင်း၍လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်းတွေ့ရှိရပါတယ်။ ယခုအခါ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လျှပ်စစ်ဓာတ်အားမရရှိ သေးသောဒေသများကို ဦးစားပေးပြီးတော့ ဓာတ်အားလိုင်းများတည်ဆောက်ပေးတာ တွေ့ရှိရပါ တယ်။ ဒီလိုဆောင်ရွက်ရာမှာ လျှပ်စစ်မီးရရှိမှု လွှမ်းခြုံမှုနည်းပါးသော မြို့နယ်ဒေသများကို ပိုမိုဦးစား ပေးဆောင်ရွက်သင့်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ နိုင်ငံရဲ့လူအများစုဖြစ်သော ကျေးလက်နေ ပြည်သူများဟာ လျှပ်စစ်မီးဆိုတာ ပြီးခဲ့သောဆယ်စုတစ်ခုအတွင်းမှာ အနည်းအကျဉ်းစတင်ထိတွေ့ ခံစားခွင့်ရရှိပြီးတော့ မီးရရှိဖို့အတွက် အခက်အခဲများစွာထဲက ရုန်းကန်ငွေကြေးစိုက်ထုတ်ခဲ့ကြရပါ တယ်။ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ရာမှာ လူတိုင်း၊ အိမ်တိုင်းမီးလင်းရေးအတွက် အထူး သဖြင့် အောက်ခြေနေပြည်သူများအတွက် မီးရဖို့အဟန့်အတားဖြစ်နေစေခြင်းကြောင့် နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေပေမဲ့ ပြန်လည်သုံးသပ်ပြီးတော့ နယ်မြေဒေသမခွဲခြားဘဲ အားလုံးအတွက် ညီညွတ်မျှတမှုကိုဖြစ်စေမယ့် ပိုမိုကောင်းမွန်သောမူဝါဒနဲ့ စီမံခန့်ခွဲခြင်းမျိုးကို လိုအပ်နေတယ်လို့ ဆွေးနွေးလိုပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ဆီဆိုင်မြို့နယ် မှာ မြို့ပေါ်ခြောက်ရပ်ကွက်နဲ့ ကျေးရွာအုပ်စု ၃၂၀ နဲ့ဖွဲ့စည်းထားပါတယ်။ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှ စတင်ပြီးတော့ မီးလင်းခွင့်ရရှိခဲ့ပါတယ်။ မီးလင်းပြီးရရှိမှုအခြေအနေကတော့ မြို့ပေါ်ခြောက်ရပ်ကွက် နဲ့ ၂၉ ရွာဖြစ်ပြီး ၂၉ ရွာထဲမှာမှ ၂၅ ရွာဟာ ကိုယ့်အားကိုယ်ကိုးငွေကြေးစိုက်ထုတ်ခဲ့ကြတာ တစ်အိမ်ကို သုံးသိန်းမှငါးသိန်းကျော်ထိကုန်ကျခဲ့တဲ့အပြင် အိမ်တွင်းမီးသွယ်တန်းရာမှာ ထပ်မံကုန်ကျရသဖြင့် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ မြို့များမှာကဲ့သို့ မီတာခ ပေးသွင်းကာ မီးသွယ်ယူစနစ်အရ လေးရွာသာမီးလင်းခွင့်ရရှိပြီးတော့ တစ်မြို့နယ်လုံးမီးလင်းပြီး ကျေးရွာဟာဆိုရင် ကိုးရာခိုင်နှုန်းခန့်သာရှိသည့်အတွက် ယခင်တောင်ကြီးခရိုင် ၁၀ မြို့နယ်အတွင်းမှာ ရာခိုင်နှုန်းအနည်းဆုံးဖြစ်သည့်အပြင် နယ်မြေချင်းထိစပ်နေသော ကယားပြည်နယ်တွင် ကျေးရွာ၏ ၇၀ ရာခိုင်နှုန်းခန့်မီးလင်းပြီးကြောင်းတွေ့ရှိရတော့ မညီမျှမှုတွေ၊ ကွာဟမှုတွေများပြားလွန်းလှတာ တွေ့ရှိရပါတယ်။ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ခဲ့ကြသော ကျေးရွာများတွင် ကျန်ရှိနေ သေးသော ငွေကြေးမတတ်နိုင်သူများ၊ အစွန်အဖျားနေပြည်သူများအတွက် ထပ်မံတိုးချဲ့ဖို့ လိုအပ်သည့် ထရန်စဖော်မာများ၊ ၄၀၀ ဗို့လိုင်းများကို သက်ဆိုင်ရာအစိုးရများအနေဖြင့် နှစ်အလိုက် ဦးစားပေး ထည့်သွင်းလျာထားပေးစေလိုပါတယ်။ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးကော်မတီ ဖွဲ့စည်းဆောင်ရွက် ရာမှာ ချို့ယွင်းအားနည်းမှု၊ ကိုယ်ကျိုးရှာမှုရှိလာခဲ့ရင် အများဆန္ဒနှင့်အညီ ပြန်လည်ရုပ်သိမ်းနိုင်တာ ဖြစ်ပါတယ်။ အများစုမှာတော့ အများပြည်သူက ရွေးချယ်တင်မြှောက်တာဖြစ်ပြီး ကိုယ်ကျိုးမကြည့်ဘဲ အောင်အောင်မြင်မြင်နဲ့ ဆောင်ရွက်သူတွေဟာဆိုရင် နိုင်ငံနဲ့နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်သူအဖြစ် ဂုဏ်ပြုလေးစားထိုက်သူများဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**မှူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ နဝမပုံမှန်အစည်းအဝေးမှာ ကျွန်တော့်မဲဆန္ဒနယ်ရဲ့လျှပ်စစ်မီးနဲ့ပတ်သက်ပြီးတော့ မေးမြန်းရာမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် ဓာတ်အားခကို အရှုံးခံရောင်းချပေးနေရသဖြင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရာမှာ ဘဏ္ဍာငွေအကန့်အသတ်ဖြစ်နေကြောင်း သိရှိရပါတယ်။ ဒီလိုအရှုံးခံနေရတဲ့ဈေးနှုန်းမှ အရင်းရမယ့်ဈေးနှုန်းသို့ ပြောင်းလဲကောက်ခံလိုက်မယ်ဆိုရင် ပြောင်းလဲကောက်ခံပြီး ကျေးလက်နေပြည်သူအတွက်ဆောင်ရွက်ပေးလိုက်မယ်ဆိုရင် အဘက်ဘက်မှာ နောက်ကျနိမ့်ကျဖြစ်နေသော အမှောင်ထုထဲမှာနေထိုင်လျက် လျှပ်စစ်မီးကိုမျှော်လင့်ခြင်းများစွာစောင့်မျှော်နေကြသော ကျေးလက်နေပြည်သူများ ဘဝမြင့်မားရေးကို ပိုမိုလျင်မြန်စွာအထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားစက်မှုလက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ အထူးအလေးထားအားပေးနေချိန်ဖြစ်လို့ ကျေးလက်ဒေသနေ လျှပ်စစ်မီးရရှိပြီးသော ကျေးရွာများမှာ လုပ်ငန်းများလုပ်ကိုင်နိုင်သော ပါဝါမီတာလျှောက်ထားခွင့်ပြုရာမှာ ပိုမိုလွယ်ကူလျင်မြန်သော နည်းလမ်း၊ ကုန်ကျဈေးနှုန်းထားများကို ပိုမိုတိတိကျကျပွင့်လင်းမြင်သာစွာ အများပြည်သူအား အသိပေးထုတ်ပြန်သင့်ကြောင်းနှင့် ကျေးလက်များမှာ လက်မှတ်ရလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းနည်းပါးလာသဖြင့် သက်မွေးပညာသင်ကျောင်းများတွင် သင်တန်းများ၊ သင်တန်းသားဦးရေများ တိုးမြှင့်သင်ကြားမွေးထုတ်ပေးသင့်ပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့အစည်းအဝေးကိုကြွရောက်လာကြတဲ့ လျှပ်စစ်နှင့်စွမ်းအင် ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဒီနေ့ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့အဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပင်လယ်ကမ်းရိုးတန်း ကျွန်းအခြေစိုက်ကျေးရွာများမှာ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေမှုအခြေအနေများနှင့်နှိုင်းယှဉ်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးမှာ ယနေ့အထိ မဟာဓာတ်အားလိုင်းမရရှိ သေးပါဘူး။ မဟာဓာတ်အားလိုင်းရောက်ရင်တောင်မှပဲ ကျွန်တော်တို့ ပင်လယ်ကျွန်းအခြေစိုက်ကျေးရွာတွေကို ဓာတ်အားပို့လွှတ်ဖန်တီးပေးဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ လက်ရှိအခြေအနေမှာတော့ အများအားဖြင့် ကိုယ်ထူကိုယ်ထ၊ ပုဂ္ဂလိက ဒီဇယ်ဓာတ်အားပေးစက်များကိုအသုံးပြုပြီး သုံးစွဲနေရတာ ဖြစ်ပါတယ်။ တစ်ယူနစ်ကို ၇၀၀ ကနေ ၁၀၀၀ ကျပ်ကျပေးရပါတယ်။ ဒါပေမဲ့ အခုအခါမှာ ကမ္ဘာ့ဘဏ်အကူအညီနှင့် အသေးစားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းတွေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစိုးရက ၆၀ ရာခိုင်နှုန်း၊ တင်ဒါအောင် ကုမ္ပဏီက ၂၀ ရာခိုင်နှုန်း၊ ကျေးရွာလူထုက ၂၀ ရာခိုင်နှုန်းထည့်ဝင်

တည်ဆောက်ရမှာ ဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားကိုတော့ ဆိုလာနှင့်ဒီဇယ်အင်ဂျင်စနစ်နှစ်မျိုးသုံး ထုတ်လုပ်ပြီးတော့ ၂၄ နာရီလျှပ်စစ် ဓာတ်အားရရှိသုံးစွဲနိုင်မှာဖြစ်ပါတယ်။ တစ်ယူနစ်ကို ကျပ် ၄၀၀ နှင့် ၅၀၀ ကြားမှာ ကျသင့်မှာဖြစ်ပြီးတော့ တင်ဒါအောင်ကုမ္ပဏီရဲ့ အရင်းကြေကာလ ငါးနှစ်မှ ခုနစ်နှစ်ကြာပြီးဆုံးလို့ရှိရင် သက်ဆိုင်ရာကျေးရွာကို တစ်နှစ်အာမခံနှင့်လွှဲပေးရမှာဖြစ်ပါတယ်။ ကျေးရွာပိုင်ဖြစ်သွားရင်တော့ မီတာခ ဒီထက်ပိုပြီးတော့ နည်းသွားနိုင်ပါတယ်။ ဘာသာရေးဆိုင်ရာနှင့် ပညာရေးကိုတော့ ၂၀ ယူနစ်အခမဲ့ပေးပြီး လမ်း၊ တံတားများကိုတော့ အခမဲ့မီးထွန်းပေးမှာဖြစ်ပါတယ်။ ဒီအစီအစဉ်ဟာ ကျွန်တော်တို့ပင်လယ်ကျေးရွာများအတွက် အလွန်ကျေနပ်စရာကောင်းတဲ့ အစီအစဉ် တစ်ခုဖြစ်ပါတယ်။ ဒါပေမဲ့ ကျေးရွာထည့်ဝင်ရမည့် ၂၀ ရာခိုင်နှုန်းမှာ အခက်အခဲနည်းနည်းရှိပါတယ်။ အိမ်ခြေ ၃၀၀ လောက်ရှိတဲ့ရွာအတွက် ၁၂၀ ကီလိုဝပ်ထုတ်လုပ်နိုင်မယ့် ဆိုလာနှင့်ဒီဇယ်မီးစက် တည်ဆောက်မှုတန်ဖိုးဟာ ကျပ်သိန်း ၇၀၀၀ နှင့် ၈၀၀၀ ကြားလောက်မှာကုန်ကျမှာဖြစ်ပါတယ်။ ရွာလူထု က ၂၀ ရာခိုင်နှုန်းအတွက် ကျပ်သိန်း ၁၅၀၀ ပတ်ဝန်းကျင်လောက်ထည့်ဝင်ရမှာဆိုတော့ တစ်အိမ်ပျမ်းမျှခြင်းကျပ်ငါးသိန်းခန့်ထည့်ဝင်ရမှာဖြစ်ပါတယ်။ စီးပွားရေးချောင်လည်သူများအတွက် ငွေကျပ်ငါးသိန်းဟာ အခက်အခဲမရှိနိုင်ပေမဲ့ တစ်နေ့လုပ်တစ်နေ့စား ရေလုပ်သားအခြေခံလူတန်းစား များအတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် ပေးကာပေး၏မရ မဖြစ်ရလေအောင် ပြန်လည် စဉ်းစားစီမံဆောင်ရွက်ပေးဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။ ဒီအသေးစား လျှပ်စစ်ဓာတ်အားပေး စီမံကိန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ တွေမှာလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် နတလတို့မှာလည်း လမ်းမကြီးများနှင့် ဝေးလံတဲ့ ကျေးလက်ဒေသဥယျာဉ်၊ ခြံ၊ မြေများအထိ ဆိုလာဓာတ်တိုင်များ စိုက်ထူပေးခြင်း၊ အိမ်တိုင်ရာရောက် အိမ်သုံးဆိုလာမီးလင်းရေး စနစ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အား ရည်မှန်းချက်ကြီးမားနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်အစိုးရမှ နှစ်စဉ်ဘီလီယံချီ အရှုံးခံပြီး ဓာတ်အားပေးနေရသလို နှစ်စဉ်ဘီလီယံချီ အကုန် အကျခံပြီး ဓာတ်အားတိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးနိုင်အောင်လည်း ကြိုးစားလုပ်ဆောင်နေရတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး သိကြမှာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းစဉ်မှာ ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းဆိုပြီးတော့ အပိုင်းသုံးပိုင်းရှိပါ တယ်။ ဓာတ်အားထုတ်လုပ်မှုအနေနဲ့ တိုးတက်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်း ပေးနိုင်ရန်အတွက် ရေအားလျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ စွန့်ပစ်အပူသုံးလျှပ်စစ်စီမံကိန်း ၁၉ ခု စုစုပေါင်း မဂ္ဂါဝပ် ၅၃၄၆.၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း လေ့လာ သိရှိရပါတယ်။ ပို့လွှတ်ခြင်းအပိုင်းမှာတော့ ၁၉-၉-၂၀၁၈ ရက်နေ့ လျှပ်စစ်နှင့်စွမ်းအင် ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၏ ရှင်းပြချက်အရ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အမေရိကန်ဒေါ်လာ ၂၉၈.၉ သန်းချေးယူပြီး တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့၊ အနောက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို ၂၃၀ KV ဓာတ်အား လိုင်းတွေနဲ့ ဓာတ်အားခွဲရုံတွေကို ၂၀၁၉ ခုနှစ်မှာ စတင်တည်ဆောက်ပေးမယ်လို့ သိရပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးကတော့ အဆိုပါအစီအစဉ်ကျမှ မဟာဓာတ်အားလိုင်းစရမှာ ဖြစ်ပါတယ်။ မြန်မာပြည်တောင်ဘက်အဆုံး ကော့သောင်းမြို့ကိုတော့ ၂၀၂၅-၂၀၂၆ မှာ အပြီးရောက်ရှိဖို့ စီမံဆောင်ရွက်ထားကြောင်း သိရပါတယ်။ ဖြန့်ဖြူးရေးအပိုင်းမှာတော့ ၁၁ KV နဲ့ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေကို ကျေးလက်ဒေသအရောက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ ရန်ပုံငွေများနှင့် ဆောင်ရွက်နေပြီး အတော်များများပြီးစီးနေတာကိုလည်း တွေ့ရှိရပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာလည်း နိုင်ငံတော်ဘတ်ဂျက်၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်း အကူအညီများနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးနိုင်အောင် နှစ်စဉ်နှစ်တိုင်းအတည်ပြု ထောက်ခံပေးနေရတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း သိရှိပြီးဖြစ်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ တစ်နိုင်ငံလုံးမြို့ပြကျေးလက်မကျန် လျှပ်စစ်ဓာတ်အားရယူသုံးစွဲနိုင်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသာမက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ရဲ့ အစီအစဉ်များဖြင့်လည်း ကျေးလက်ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်အောင် ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုရှင်၏ စေတနာသဘောပါမှုကို နားလည်ပါသော်လည်း လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းများကို နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုအား မှတ်တမ်းအဖြစ်ထားရှိသင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအားကို နိုင်ငံတစ်ဝန်းရှိ မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံးသုံးစွဲနိုင်ရေးသည် ပြည်သူများလိုလားတောင့်တနေသော လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ခုဖြစ်တဲ့အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံချက်(NEP)ဖြင့် ဆောင်ရွက်သော ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် မူဝါဒများကို တန်းတူညီညွတ်မျှတစွာ စိစစ်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရေးရည်ရွယ်ချက်များဖြင့် အဆိုတင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် ပြည်သူ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသကျေးရွာများတွင် နေထိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ကိုင်စားသောက်နေရပါတယ်။ ၎င်းတို့နေထိုင်ရာဒေသကျေးရွာများရှိ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်အတွက် လျှပ်စစ်ဓာတ်အားကို အသုံးချ၍ ကျေးလက်မီးလင်းရေး

လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် မူဝါဒရည်မှန်းချက်လုပ်ငန်းစဉ်များ မှာလည်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးကို တိုးမြှင့်ဆောင်ရွက်ရေးနဲ့ ပထမအဆင့်ကျေးရွာပေါင်း ၅၀၀၀ ကျော် မဟာဓာတ်အားလိုင်းမှ လျှပ်စစ် ဓာတ်အားရရှိအောင် ဆောင်ရွက်သွားမည်ဟု သိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်ကျေးလက်နေပြည်သူများ၏ လိုအင်ဆန္ဒ၊ လိုအပ်ချက်၊ အခက်အခဲများအပေါ် အခြေခံပြီး နှိုင်းယှဉ်အကြံပြုဆွေးနွေးလိုပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ကျေးရွာ အားလုံးစုစုပေါင်း ၂၂၉ ရွာကို မဟာဓာတ်အားလိုင်းစနစ်မှ မီးလင်းရေးလုပ်ငန်းများဆောင်ရွက်လိုပါ က ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ၊ ဓာတ်ခွဲရုံများ အသစ်တိုးချဲ့တည်ဆောက်ပေးရမှာ ဖြစ်ပါ တယ်။ ကျေးလက်မီးလင်းရေးအတွက် ကျေးရွာများက ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ ဗို့အား လိုင်းများ၊ ထရန်စဖော်မာများကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သောကျေးရွာများလည်း အများကြီး ရှိပါတယ်။ ယခင်အစိုးရလက်ထက် ပြည်နယ်အစိုးရ၏အစည်းအဝေး ရည်ညွှန်းချက်များအရ လျှပ်စစ် ဓာတ်အားလိုင်းနှင့် နှစ်မိုင်အကွာအဝေးမှာရှိသော National Grid Line မှ လျှပ်စစ်မီးသွယ်တန်း မီးလင်းလိုသောကျေးရွာများကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာနဲ့ အတူ ဒေသခံပြည်သူများကို အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း(NEP)ရဲ့ လုပ်ငန်းသဘောသဘာဝ များနှင့် ပထမအဆင့်အနေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်းမှာရှိတဲ့ကျေးရွာများကို ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ဆက်စပ်ပစ္စည်းများ၊ ထရန်စဖော်မာများကို ရွာအရောက်နိုင်ငံတော်အစိုးရ မှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ရွာအတွင်းဖြန့်ဝေမည့် ၄၀၀ ဗို့အားလိုင်းများအတွက် အစိုးရက ၅၀ ရာခိုင်နှုန်း၊ ပြည်သူက ၅၀ ရာခိုင်နှုန်း ထည့်ဝင်ကျခံရမည်ဖြစ်ကြောင်း ကြိုတင်၍ ကျေးရွာမီးလင်း ရေးကော်မတီများဖွဲ့စည်းခြင်းများနှင့် ၄၀၀ ဗို့အားလိုင်းများအတွက် ကြိုတင်စုဆောင်းငွေများ စတင် စုဆောင်းဆောင်ရွက်ထားသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့ပါတယ်။

ပထမအကြိမ် လွှတ်တော်သက်တမ်းအစည်းအဝေးတွင် ရပ်စောက်မြို့နယ် မြို့ပတ်ဝန်းကျင်ရှိ ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် နှစ်မိုင်အတောအတွင်းမှာရှိတဲ့ ကျေးရွာ ၄၃ ရွာမီးလင်းနိုင်ရေးအတွက် တင်ပြတောင်းဆိုဆွေးနွေးခဲ့ပါတယ်။ သို့သော်လည်း ယခင်အစိုးရသက်တမ်းတွင် ကျေးရွာ အနည်းငယ်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယခု အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်အစိုးရ၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်ကာလအထိ ကျေးရွာ ၂၅ ရွာကို ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ထရန်စဖော်မာများ၊ ၄၀၀ ဗို့အားလိုင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရဘဏ္ဍာ ငွေဖြင့် ကျေးရွာကိုးရွာကို ၁၁ ကေဗွီဓာတ်အားလိုင်းထရန်စဖော်မာများ၊ ၄၀၀ ဗို့အားလိုင်းများ ဆောင်ရွက်ပေးမည်ကိုလည်း သိရှိရပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ကျေးလက်မီးလင်းရေး NEP စီမံကိန်းဖြင့် မီးလင်းနိုင်မယ့်ကျေးရွာများအတွက် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ပါတယ်။ ပြည်ထောင်စု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းကိုလည်း ဖြေကြားခဲ့ပါတယ်။ ယခုဘဏ္ဍာရေးနှစ် ကျွန်တော့်ရပ်စောက်မြို့နယ် အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်း(NEP)ဖြင့် မီးလင်းနိုင်မယ့်ကျေးရွာ ၂၈ ရွာရှိပါတယ်။ အချို့ကျေးရွာများမှာ ၄၀၀ ဗို့အားလိုင်းအတွက် ကြိုတင်စုဆောင်းငွေများ ရှိပြီးဖြစ်သော်လည်း အချို့မှာ အခက်အခဲရှိနေပါတယ်။ ကျေးရွာတစ်ရွာတွင် ၄၀၀ ဗို့အားလိုင်းအတွက် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး ၂၀၀၀၀၀ ကျပ်မှ ၄၅၀၀၀၀ ကျပ်အထိ ကုန်ကျနိုင်မည်ကို တွက်ချက်မှုများအရ သိရပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကျေးရွာများ၏ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ထရန်စဖော်မာများ၊ ၄၀၀ ဗို့အားလိုင်းများ တည်ဆောက်ဆောင်ရွက်ပေးခြင်းကိုလည်း ဒေသခံပြည်သူများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ NEP စီမံကိန်းဖြင့် ဆောင်ရွက်မည့်ကျေးရွာများကိုလည်း ၄၀၀ ဗို့အားလိုင်းများကို သင့်လျော်သောထောက်ပံ့မှု ရာခိုင်နှုန်းတစ်ခုဖြင့် မျှတညီညွတ်စွာ ကူညီဆောင်ရွက်ပေးသင့်ကြောင်းလည်း အကြံပြုတင်ပြလိုပါတယ်။

ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်တွင် ပြည်နယ်အစိုးရအဖွဲ့၏အစီအမံ၊ ပြည်နယ်ဘဏ္ဍာငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်သော ကျေးရွာများနှင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ဆောင်ရွက်မည့်ကျေးရွာများမှာ များသောအားဖြင့် ကျေးရွာအချင်းချင်း၊ နယ်မြေနယ်နိမိတ်များ ထိစပ်ဆက်စပ်လျက်ရှိသောအနေအထားဖြစ်ပါတယ်။ ပြီးခဲ့ပြီးသော လွှတ်တော်ရပ်နားစဉ်ကာလမှာ ကျေးရွာများ၏ရပ်မိရပ်ဖပြည်သူများက ဟိုဘက်ရွာက ၄၀၀ ဗို့အားလိုင်းအတွက် ဘတ်ဂျက်ပါတယ်။ ဒီဘက်ကမပါဘူး။ ဘတ်ဂျက်က ဘယ်လိုကျသလဲ။ သူတို့ရွာက ငွေကြေးမစိုက်ရဘူး။ ကျွန်တော်တို့ရွာက ငွေကြေးစိုက်ထုတ်ရတယ် စသည်ဖြင့် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များကိုလည်း အမြဲတမ်းရှင်းလင်းပေးနေရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာအချင်းချင်း၊ တိုင်းရင်းသားပြည်သူအချင်းချင်း တစ်ရွာနှင့်တစ်ရွာ စိတ်ဝမ်းမကွဲစေရန်နှင့် ကျေးလက်နေပြည်သူများ ကုန်ကျစရိတ်လျော့နည်းစေရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ဆောင်ရွက်ရာတွင် ဟန်ချက်ညီအောင် အချိန်ညှိထိန်းညှိပြီး မျှတညီညွတ်စွာဆောင်ရွက်ပေးသင့်ကြောင်းနှင့် ကျေးလက်မီးလင်းရေးမူဝါဒများကို ဒေသနှင့်ကိုက်ညီသော အခြေအနေပေါ် မူတည်ပြီးတော့မှ စိစစ်ပေါင်းစပ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း ထောက်ပြတင်ပြရင်းထောက်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်အေး(နတ်တလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့အဆိုကို အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ ဦးသောင်းအေးရဲ့အဆိုမှာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်တည်ဆောက်ရာမှာ ဦးစားပေးလုပ်ငန်းဖြစ်တဲ့ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ရဲ့အခြေခံကျတဲ့ကျေးလက်နေပြည်သူများရဲ့ လျှပ်စစ်မီးရရှိ သုံးစွဲမှုမြင့်တင်ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖြစ်ပေါ်လာနိုင်အောင် ကျေးလက်မီးလင်းရေးမူဝါဒများကို စိစစ်ချမှတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော် က တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ဦးသောင်းအေးအဆိုအရ ကမ္ဘာ့ဘဏ်အကူအညီနဲ့ အမျိုးသားလျှပ်စစ်စီမံကိန်းကို အကောင် အထည်ဖော်ဖို့ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ တယ်လို့ဆိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ၂၀၁၅ ခုနှစ်မတိုင်မီက ကျေးလက်ဒေသမီးလင်းရေး လုပ်ငန်းများ ပြီးခဲ့တဲ့အစိုးရလက်ထက်နဲ့ ယခုအစိုးရလက်ထက် ဆောင်ရွက်နေဆဲကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများသည် NEP စီမံကိန်းအရ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ ကျေးလက်နေပြည်သူ များ၏စိုက်ထုတ်ငွေဖြင့်ဆောင်ရွက်သော ကိုယ့်အားကိုယ်ကိုး ကိုယ်ထူကိုယ်ထမီးလင်းရေးလုပ်ငန်း များသာ ဖြစ်ပါတယ်။ ကျေးရွာများတွင် ကျေးရွာသားများပါဝင်သော ကျေးရွာမီးလင်းရေးကော်မတီ များ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ မီးလင်းရေးကော်မတီများကို ဒီမိုကရေစီနည်းကျ ရွေးချယ်ဖွဲ့စည်းခဲ့ခြင်းမဟုတ်ဘဲ ကျေးရွာရှိငွေကြေးပြည့်စုံသူများ ၎င်းတို့စိတ်တိုင်းကျဖွဲ့စည်းခဲ့ကြခြင်း ဖြစ်ပါတယ်။ ဒေသဆိုင်ရာအုပ်ချုပ်ရေးပိုင်းမှသော်လည်းကောင်း၊ လျှပ်စစ်ဝန်ကြီးဌာနမှသော် လည်းကောင်း၊ စနစ်တကျကြပ်မတ်ဖွဲ့စည်းခဲ့တဲ့ကော်မတီများ မဟုတ်ကြတဲ့အတွက် ပွင့်လင်းမြင်သာမှု အပိုင်းမှာ အားနည်းခဲ့ပါတယ်။ များသောအားဖြင့် ကျေးရွာများတွင် ငွေကြေးတတ်နိုင်သူများက ငွေကြေးစုဆောင်း၍ မီးလင်းရေးကို ဆောင်ရွက်ခဲ့ကြပါတယ်။ ငွေကြေးမတတ်နိုင်သူများ၊ လက်လုပ် လက်စားများမှ မီးလင်းရေးစတင်ဆောင်ရွက်စဉ်က မပါဝင်နိုင်ခဲ့ကြပါဘူး။ ကျေးရွာတွင် မီးလင်းပြီး နောက်ပိုင်း ကျန်မီးမလင်းရသေးသောရွာသားများက ၎င်းတို့လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာ မီးလင်းရေးကော်မတီများနှင့် ညှိနှိုင်းကြသည့်အခါတွင် ကျေးရွာမီးလင်းရေးကော်မတီများက ၎င်းတို့ စတင်ဆောင်ရွက်စဉ်က မပါဝင်ခဲ့သဖြင့် ၎င်းတို့တစ်ဦးကျ၊ အချိုးကျကုန်ကျထားသည့်ငွေကြေး၏ နှစ်ဆပေးရန် သို့မဟုတ် အတိုးပေးရန် တောင်းဆိုကြသဖြင့် နောက်ထပ်မီးလင်းလိုသူများနှင့် မီးလင်း ရေးကော်မတီများ ပဋိပက္ခအသွင်ဆောင်၍ ရွာသားအချင်းချင်း စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်ခဲ့ကြပါ တယ်။ အချို့မီးလင်းရေးကော်မတီများနှင့် ရွာသားများအကြားတွင် ငွေစာရင်းရှင်းတမ်းများ မထုတ်ပြန် သည့် အတွက်လည်းကောင်း၊ ထုတ်ပြန်သောငွေစာရင်းရှင်းတမ်းကို မကျေနပ်၍လည်းကောင်း အငြင်းပွားမှုများ၊ တိုင်တန်းမှုများလည်း ဖြစ်ပေါ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသောင်းအေးတင်ပြသည့် မီးလင်းရေးပြဿနာသည် ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက်မှုမှ ဖြစ်ပေါ်သောပြဿနာဖြစ်ပြီး NEP စီမံကိန်းနှင့် မသက်ဆိုင်ကြောင်း တွေ့ရ

ပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးပြဿနာများကို လေ့လာသုံးသပ်ကြည့်တဲ့အခါ ပြဿနာနှစ်မျိုး တွေ့ရပါတယ်။ ပထမပြဿနာတစ်မျိုးက ကျေးရွာအတွင်းရှိ မီးလင်းရေးကော်မတီများနှင့် ၎င်းကျေးရွာရှိ မီးလင်းလိုသောပြည်သူများအကြား ပြဿနာဖြစ်ပါတယ်။ ၎င်းပြဿနာများဟာ အများဆုံးဖြစ်ပါတယ်။ ဒုတိယပြဿနာတစ်မျိုးကတော့ ကျေးရွာတစ်ရွာမှ မီးလင်းရေးကော်မတီနှင့် ၎င်းကျေးရွာမှတစ်ဆင့် ၁၁ ကေဗွီအေသွယ်တန်းလိုသော အခြားကျေးရွာတစ်ရွာမှ မီးလင်းရေး ကော်မတီအကြား ပြဿနာဖြစ်ပါတယ်။ အဲဒီပြဿနာမျိုးက ကျွန်တော်တို့ဒေသမှာ အလွန်နည်းပါးပြီး တော့ ပြဿနာလည်းမကြီးပါဘူး။ ကျေးရွာတစ်ရွာ၏မီးလင်းရေးကော်မတီက ၎င်းတို့ကျေးရွာ၏ မီးလင်းရေးကိုဆောင်ရွက်ပြီးတဲ့အချိန်မှာ ၎င်းကျေးရွာအနီးရှိ အခြားကျေးရွာတစ်ရွာမှ အခြားမီးလင်း ရေးကော်မတီက ဖော်ပြပါမီးလင်းနေသောကျေးရွာမှ မီးလင်းရေးကော်မတီနှင့် ညှိနှိုင်း၍ ထိုရွာ၏ ၁၁ ကေဗွီအေလိုင်းမှ ၎င်းတို့ကျေးရွာသို့ မီးလိုင်းဆက်သွယ်ရေးအတွက် ကော်မတီနှစ်ခုညှိနှိုင်းသဘောတူ ညီချက်အရ ငွေကြေး Amount တစ်စုံတစ်ရာ ပေးကြရပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကော်မတီနှစ်ခုကြား အဆင်မပြေတဲ့အခါမှာ ပြဿနာတွေ ပေါ်ပေါက်ကြရပါတယ်။ ဦးသောင်းအေး ဖော်ပြတဲ့ပြဿနာဟာ ယခုဖော်ပြတဲ့ပြဿနာမျိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးကျေးရွာပေါင်း ၆၃၇၂၉ ရွာနဲ့ ၂၀၁၈ ခုနှစ် ဇူလိုင်လစာရင်း အရ ကျေးရွာပေါင်း ၁၃၀၆၂ ရွာ လျှပ်စစ်မီးရရှိပြီးဖြစ်၍ လျှပ်စစ်မီးမရသေးသောရွာ ၅၀၆၆၇ ရွာရှိပါ တယ်။ NEP စီမံကိန်းကို ၂၀၁၉ ခုနှစ်အတွင်းမှာ စတင်ဆောင်ရွက်တော့မှာဖြစ်တဲ့အတွက် ထိုကျန် သော ကျေးရွာ ၅၀၆၆၇ ရွာကို ကိုယ်ထူကိုယ်ထမီးလင်းရေးနည်းလမ်းကို ဆောင်ရွက်ရန်မလိုအပ် တော့ပါ။ သို့သော် ရွာအတွင်း ၄၀၀ ဗို့မီးကြိုးများသွယ်တန်းရန်အတွက်ကိုမူ ကျေးရွာသူကျေးရွာသား များ စိုက်ထုတ်ကျခံရန်လိုအပ်သဖြင့် ထိုကျေးရွာများ၏မီးလင်းရေးကိစ္စများအတွက် ဆောင်ရွက်ရန် ကျေးရွာအသီးသီးတွင် မီးလင်းရေးကော်မတီများဖွဲ့စည်းရန် လိုအပ်ပါတယ်။ ထို့ကြောင့် NEP စီမံကိန်း အတွက် ကျန်သောကျေးရွာပေါင်း ၅၀၀၀၀ ကျော်တွင် မီးလင်းရေးကော်မတီအားဖွဲ့စည်းရာတွင် ကျေးရွာကို ကိုယ်စားပြုသော ကျေးရွာသူကျေးရွာသားအများစုက လိုလားသောပုဂ္ဂိုလ်များပါဝင်သည့် မီးလင်းရေးကော်မတီများကို ဒေသအာဏာပိုင်အဖွဲ့အစည်းများက ကြပ်မတ်ဖွဲ့စည်းပေးသင့်ပါ ကြောင်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ထိုကော်မတီများအနေဖြင့် NEP စီမံကိန်း၏ပေါ်လစီဖြစ်သော နိုင်ငံသားတိုင်း လျှပ်စစ်စွမ်းအားရရှိသုံးစွဲရေးပေါ်လစီကို အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း လျှပ်စစ်ဝန်ကြီးဌာနမှ ကျေးရွာမီးလင်းရေးကော်မတီများကို ပညာပေးရန်လိုအပ်ပါကြောင်း အကြံပြု လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးသောင်းအေး၏ဆွေးနွေးချက်တွင် တကယ်တော့ ၃၃ ကေဗွီအေ၊ ၁၁ ကေဗွီအေ ဓာတ်အားလိုင်းတွေကို အစိုးရထံအပ်နှံပြီး စီမံခန့်ခွဲလုပ်ဆောင်တာ အသင့်တော်ဆုံး ပါလို့ ဆိုထားပါတယ်။ ဒါကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော။

**ဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မှုကြမ်း**

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစည်းအဝေးကိုတက်ရောက်လာသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ၁၄-၁၁-၂၀၁၈ ရက်နေ့က ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းသွားတဲ့အဆိုကို သုံးသပ်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအပြင် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာလည်း အဓိက ပဓာနကျသောအချက်ဖြစ်ပါတယ်။ အဲဒီလိုပဲ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အဲဒီဒေသဟာ ငြိမ်းချမ်းဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရှိမှသာ အဲဒီဒေသရဲ့လုပ်ငန်းစဉ်အားလုံး ပိုမိုဖွံ့ဖြိုးတိုးတက် အားကောင်းစေမှာဖြစ်ပါတယ်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များစွာရှိတဲ့အနက်က လျှပ်စစ် ဓာတ်အားသုံးစွဲနိုင်ခြင်းဟာ အဓိကကျတဲ့အချက်ဖြစ်ကြောင်းကိုလည်း အားလုံးလက်ခံထားကြပါတယ်။ လျှပ်စစ်ဓာတ်အားရရှိသောဒေသတစ်ခုနှင့် မရရှိသေးသောဒေသတွေဟာ ဖွံ့ဖြိုးတိုးတက်မှု လုံးဝကွာခြားနေတယ်ဆိုတာကိုလည်း ကျွန်တော်တို့အားလုံး တွေ့မြင်ရပါတယ်။ ရှေ့က ကိုယ်စားလှယ်တော်ကြီးများကလည်း လျှပ်စစ်ဓာတ်အားနဲ့ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုး၊ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ အဆိုရှင်တင်ပြရာမှာပါဝင်တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဟာ အစိုးရတိုင်း အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လို့ ပြည်သူများ လိုလားတောင့်တနေတဲ့ မျှော်လင့်ချက်ဖြစ်တယ်ဆိုတဲ့အချက်ဟာ မှန်ကန်ပါတယ်။ ဒါကြောင့် နိုင်ငံသူနိုင်ငံသားများရဲ့ ဘက်စုံလွှမ်းခြုံသော လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်ရေးဟာ အစိုးရတိုင်းရဲ့တာဝန်တစ်ရပ်ဖြစ်လို့ လုပ်ဆောင်နေတာကိုလည်း ကျွန်တော်တို့အားလုံး မျက်ဝါးထင်ထင် တွေ့မြင်နေရပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် နှစ်သစ်ကူးမိန့်ခွန်းမှာလည်း ပြောကြားသွားခဲ့တာကို ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူတွေကြားသိနေရပါတယ်။ ဒီနေရာမှာ လျှပ်စစ်စွမ်းအားကို နိုင်ငံသားတိုင်းရရှိသုံးစွဲရေးဟာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်လို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း နိုင်ငံတော်မှာ လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စွမ်းအင်အရင်းအမြစ်အမျိုးမျိုးမှ နည်းပညာများ အသုံးပြုဖြန့်ဖြူးထုတ်လုပ်နိုင်ဖို့အတွက် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေများနှင့် ပြည်ပနိုင်ငံအဖွဲ့အစည်းအသီးသီးမှ သက်သာတဲ့ချေးငွေများ ရယူဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ ၃၅ ရာခိုင်နှုန်းခန့်သာ ရှိပါသေးတယ်။ ဒါကြောင့် ကမ္ဘာ့ဘဏ်ရဲ့အကူအညီများကိုရယူပြီး အမျိုးသားလျှပ်စစ်စီမံကိန်း(National Electrification Plan)ကို အကောင်အထည်ဖော်ဖို့လုပ်ဆောင်နေတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အခက်အခဲအနည်းငယ်ရှိနိုင်တာကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ မူဝါဒ၊ စည်းမျဉ်း စည်းကမ်းများထုတ်ပြန်ပြီး ဆောင်ရွက်သင့်ပါတယ်။ ဝန်ကြီးဌာနရဲ့

ကျယ်ပြန့်လှတဲ့စီမံချက်၊ လုပ်ငန်း အစီအစဉ်များနှင့် လက်ရှိအခြေအနေကို ဂဃနဏမသိသူအချို့က အပြစ်မြင်ပြီး အမျိုးမျိုးအပြစ်တင်ဝေဖန်နေတာလည်း ကြားသိနေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျေးလက်မီးလင်းရေးကဏ္ဍမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို အကန့်အသတ်နဲ့ဆောင်ရွက်ရတဲ့အတွက် ဓာတ်အားလိုင်း လျင်မြန်စွာရရှိကြတဲ့ကျေးရွာများအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ချက်ကို ဝန်ခံကတိပြုချက်များနဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရပါတယ်။ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်နေခြင်းဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ ကျေးလက်နေပြည်သူတို့ရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့ လုပ်ဆောင်ခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ကိုယ်စားလှယ်များအနေနဲ့ မှန်ကန်တည့်မတ်အောင် အဂတိတရားကင်းရှင်းပြီး တရားမျှတမှုရှိအောင် ပြည်သူတို့၏ဘဝနှင့် အစိုးရယန္တရားကိုက်ညီအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြဖို့လည်း လိုပါတယ်။ အစိုးရအနေနဲ့ ဒီလိုလုပ်ဆောင်ရာမှာ နည်းစနစ်ကျစေဖို့အတွက် မီးလင်းရေးလုပ်ငန်း လုပ်ပိုင်ခွင့်မူဝါဒတွေချမှတ်ပြီး လိုက်နာဆောင်ရွက်ဖို့ အချက်(၁၂)ချက်ကို သတ်မှတ်ပေးခဲ့တာပဲဖြစ်ပါတယ်။ အဆိုပါအချက်(၁၂)ချက်ရဲ့ အဓိကရည်ရွယ်ချက်က တည်ဆောက်မည့်ဓာတ်အားလိုင်းတွေ၊ ခွဲရုံတွေ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး စတဲ့နည်းပညာဆိုင်ရာအချက်အလက်တွေကို လိုအပ်ချက်များကို သတ်မှတ်ပေးခြင်းလည်းဖြစ်ပါတယ်။ ဒါဟာလည်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်ဟာ အုပ်ချုပ်ရေးအာဏာမရှိတဲ့အတွက်ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဆိုင်ရာနည်းပညာနဲ့ပတ်သက်တဲ့ လိုက်နာရမယ့်အချက်များကို ပြဋ္ဌာန်းပေးခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ့်အားကိုယ်ကိုးကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီအသီးသီးမှာ ကိစ္စရပ်ပေါင်းများစွာ မတူညီခြားနားတဲ့အချက်တွေ၊ ပုဂ္ဂိုလ်ရေးမုန်းတီးမှုတွေ ရှိနေပါတယ်။ ဒါတွေကိုလည်း ညီညီညွတ်ညွတ်နဲ့ အောင်မြင်စွာဆောင်ရွက်နေတဲ့ကိစ္စရပ်ပေါင်းများစွာရှိတဲ့ကျေးရွာများလည်း ရှိနေပါတယ်။ ဒါဟာ NEP နဲ့လုံးဝမပတ်သက်ပါဘူး။ တစ်ပိုင်းစီပါ။ ဒါကြောင့် မီးလင်းရေးကော်မတီရဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းနှင့်အညီ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စီစဉ်ကြီးကြပ်မှုနဲ့ ကျေးရွာလူထုကနေပြီးတော့ ပွင့်လင်းမြင်သာစွာ မဲစနစ်နဲ့ ရွေးချယ်နိုင်ရေး၊ မီးလင်းရေးကော်မတီရဲ့ သက်တမ်းသတ်မှတ်နိုင်ရေး၊ သက်တမ်းပြည့်သွားရင် ထပ်မံရွေးချယ်နိုင်ရေးစတဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဘက်ကနေ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ မီးလင်းရေးကော်မတီမှ နှစ်စဉ်ငွေစာရင်းရှင်းနိုင်ဖို့နှင့် ငွေအလွဲသုံးစားမလုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးပိုင်း၊ ဝန်ကြီးဌာနပိုင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များပူးပေါင်းညှိနှိုင်းပြီး ကျေးရွာမီးလင်းရေးကော်မတီများအတွက် လုပ်ထုံးလုပ်နည်းများ စီစဉ်ဆောင်ရွက်နေဆဲဖြစ်တယ်လို့ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် မဟာဓာတ်အားလိုင်းနဲ့ ၁၁ မိုင်ခန့်ဝေးသော ကျေးရွာများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပြည်သူပူးပေါင်း၍ အသေးစား

ဆိုလာမီးသုံးစနစ်(Mini Grid)တွေနဲ့ လုပ်ဆောင်နေတာကိုလည်း တွေ့ရှိရပါတယ်။ နိဂုံးချုပ်အနေနဲ့ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေး အဆိုသည် ရည်ရွယ်ချက်လည်းကောင်းသလို ရည်မှန်းချက်လည်းကောင်းပါတယ်။ စေတနာအပြည့်နဲ့တင်ခြင်းလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ်ထူကိုယ်ထ ကျေးရွာမီးလင်းရေးနဲ့ NEP ရောယှက်နေတာကို တွေ့ရပါတယ်။ အစိုးရအနေနဲ့လည်း မူဝါဒနှင့်အညီ လုပ်ဆောင်နေတာကိုလည်း ကျွန်တော်တို့တွေ့မြင်ရပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေးရဲ့အဆိုကို ထောက်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ၆၈ ရာခိုင်နှုန်းဟာ အကြီးစားရေအားလျှပ်စစ်မှဖြစ်ပြီး ၃၂ ရာခိုင်နှုန်းဟာ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး၊ ရုပ်ကြွင်းလောင်စာများမှ ထုတ်ယူသုံးစွဲနေရပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အိမ်ထောင်စုအားလုံးရဲ့ ၃၆ ရာခိုင်နှုန်းသာလျှင် လျှပ်စစ်မီးဖြင့် အစားအစာများကို ချက်ပြုတ်သုံးစွဲနေရပြီး ၆၁ ရာခိုင်နှုန်းက သစ်တော၊ ထင်း၊ ဆက်စပ်လောင်စာများ သုံးရာခိုင်နှုန်းက အခြားဓာတ်ငွေ့၊ ရေနံဆီ၊ ဂတ်စ်တို့ကို အသုံးပြုနေရကြောင်း တွေ့ရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂမှာ ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ဓာတ်အားကို လူတိုင်းသုံးစွဲနိုင်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ SE 4 All နဲ့ပူးပေါင်းပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ နည်းပညာနှင့်ရန်ပုံငွေအကူအညီများရရှိစေရန် ဆောင်ရွက်လျက်ရှိပါတယ်။ ဓာတ်အားထုတ်လုပ်သယ်ဆောင်ဖြန့်ဖြူးရေးအပိုင်းတွေမှာ အမြဲတမ်းလိုအပ်ချက်တွေ ရှိနေသလို ပြုပြင်ဖို့အတွက်လည်း အမေရိကန်ဒေါ်လာ ဘီလီယံနဲ့ချီကုန်မှာဖြစ်တဲ့အတွက် အစိုးရအနေနဲ့ လုပ်ပေးနိုင်ဖို့ခက်ခဲတယ်ဆိုတာ ပြည်သူအများစုက နည်းလည်သဘောပေါက်ထားပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်ထူကိုယ်ထထည့်ဝင်ငွေများဖြင့် မိမိတို့ကျေးရွာမီးလင်းရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်း လုပ်ပိုင်ခွင့်မူဝါဒ ၁၂ ချက်ကို ဝန်ခံကတိပြုပြီးတော့ ကျေးလက်မီးလင်းရေးကော်မတီများကို ဖွဲ့စည်းခဲ့ကြပါတယ်။ ကျေးလက်မီးလင်းရေးကော်မတီများက နေပြီးတော့ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ဌာနရဲ့ ခွင့်ပြုချက်ဖြင့် ဓာတ်အားခွဲရုံများမှတစ်ဆင့် မိမိတို့ကျေးရွာအထိ သွယ်တန်းရမယ့်ဓာတ်အားလိုင်းများနဲ့ ရွာတွင်းဓာတ်အားလိုင်းများကို ရွာသူရွာသားများထည့်ဝင်ငွေဖြင့် ပုဂ္ဂလိကကုမ္ပဏီများထံ လုပ်ငန်းအပ်နှံပြီးတော့ ဆောင်ရွက်ခဲ့ကြပါတယ်။ ဓာတ်အားလိုင်း တစ်လျှောက်မှာ လျှပ်စစ်မီးယူကြမယ့်ရွာများရှိလျှင် အကုန်အကျငွေသက်သာပြီး တစ်ရွာတည်း သီးသန့်ရှိလျှင် အကုန်အကျများပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဥပဒေ အခန်း(၁၂) ပုဒ်မ ၅၂ နဲ့ မီးလင်းရေးကော်မတီများ လိုက်နာရမယ့်အချက် အပိုဒ် ၁၁ တို့မှာ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ လျှပ်စစ်ဓာတ်အားကို

မည်သူမျှ သွယ်တန်းဖြန့်တီးအသုံးပြုခြင်းမရှိရဆိုသည်မှာ သတ်မှတ်ဧရိယာတစ်ခုအတွင်းကိုသာ ဆိုလိုခြင်းဖြစ်ပါတယ်။ ဥပမာ - ကျေးရွာအတွင်းမှာရှိတဲ့ ၄၀၀ ဗို့အားလိုင်း ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ ဧရိယာအတွင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ညွှန်ကြားချက် ၁၂ ကနေပြီးတော့ ကျေးလက်မီးလင်းရေး ကော်မတီများ တည်ဆောက်ပြီးစီးသော 33 KV၊ 11 KV ဓာတ်အားလိုင်းများကို ဓာတ်အားပို့လွှတ်သည့် အချိန်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံရမည် အဆိုပါလိုင်းများအား ထိန်းသိမ်း ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စရိတ်အကုန်အကျခံပြီး စီမံဆောင်ရွက် မည်ဟု သတ်မှတ်ထားခြင်းဟာ သဘာဝကျပြီးတော့ ကျေးလက်မီးလင်းရေးကော်မတီများအတွက် နောင်ပြုပြင်ထိန်းသိမ်းရေးစရိတ်များကို သက်သာသွားစေပါတယ်။ ယခင်တုန်းက ၁၉၉၀ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်ထိ ကျွန်တော်တို့ မြို့နယ်အဆင့်များမှာ မီးလင်းရေးကော်မတီများဖွဲ့စည်းပြီးတော့ လုပ်ကိုင်ခဲ့ရပါတယ်။ ထိုစဉ်က မြို့တွင်းမှာရှိတဲ့ ၄၀၀ ဗို့အားလိုင်း၊ 11 KV ဗို့အားလိုင်းတွေပါ နှစ်မျိုးစလုံး တာဝန်ယူပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ယခုအခါမှာ နိုင်ငံတော်အနေဖြင့် ကျေးလက်မီးလင်းရေးကော်မတီများ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော 11 KV ဓာတ်အားလိုင်း ကို ပြုပြင်ထိန်းသိမ်းခြင်းကို တာဝန်ယူပြီးဖြစ်တဲ့အတွက် ကုန်ကျစရိတ်ကို မထောက်ပံ့သင့်ပါ။ မတောင်းဆိုသင့်သော အချက်လည်းဖြစ်ပါတယ်။ ညွှန်ကြားချက် ၁၂ ချက်က ဆက်လက်ပြီးတော့ ၎င်းဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားချိတ်ဆက်ရယူခြင်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နည်းပညာအရ စိစစ် ခွင့်ပြုပေးနိုင်သည်ဟု ပြဋ္ဌာန်းခြင်းကလည်း ရွာတွင်းမှာမဟုတ်ဘဲ ရွာပြင်မှာရှိတဲ့ 11 KV ဓာတ်အားလိုင်းမှ မီးမလင်းသေးသောကျေးရွာများအတွက် မီးသွယ်တန်းချိတ်ဆွဲခွင့်ကို ရရှိစေပြီး ကိုယ်ထူကိုယ်ထမီးလင်းပြီးသော ကျေးရွာအတွက်လည်း နည်းပညာအရ ဗို့အားရုတ်လျော့ သွားခြင်းမရှိပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ တစ်ရွာနှင့်တစ်ရွာ မီးချိတ်ဆက်သွယ်တန်းခွင့်ကို သဘောတူညီညွတ်ကြသော်လည်း မီးလင်းပြီးသောကျေးရွာတိုင်းလိုလိုမှာ မီးလင်းရေးကော်မတီနှင့် ရွာသူရွာသားများ မသင့်မြတ်ကြသည့်အတွက် တိုင်တန်းခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆန္ဒပြခြင်း၊ မီးလင်းရေးကော်မတီအသစ်ဖွဲ့ပေးရန် တောင်းဆိုခြင်းများကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းပေးသော်လည်း ပြေလည်မှုမရှိပါဘူး။ မီးလင်းရေးကော်မတီ အများစုက တစ်ရွာလုံးမီးလင်းရေးကိုမလုပ်ဘဲနဲ့ လျှပ်စစ်မီးကို ငါတို့ပိုင်တယ်၊ ငါတို့လိုငွေထည့်နိုင်မှ ရမယ်၊ စာရင်းမရှင်းနိုင်ဘူး၊ မကျေနပ်ရင် တိုင်ချင်ရာသွားတိုင်စသဖြင့် ရိုင်းစိုင်းစွာပြောဆိုမှုကြောင့် ပြဿနာများဖြစ်ရပါတယ်။ တိုင်းအစိုးရအဖွဲ့ကနေပြီးတော့ ပြဿနာများကိုပြေလည်ရန် သုံးနှစ် သက်တမ်းပြည့်သော မီးလင်းရေးကော်မတီများကို အသစ်ပြန်ဖွဲ့ရန် ညွှန်ကြားချက်ထုတ်ပေးပါ သော်လည်း အသေးစိတ်အချက်အလက် များမပါရှိသောကြောင့် မီးလင်းရေးကော်မတီအဟောင်း နှင့်အသစ် အပြိုင်မဲဆွယ်စည်းရုံးကြသဖြင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ တရားရုံးများတွင် ရင်ဆိုင်ဖြေရှင်း နေကြရပါတယ်။ မီးလင်းရေးကော်မတီများဟာ ရွာသူရွာသားများကို ပွင့်လင်းမြင်သာစွာ ငွေစာရင်း မရှင်းသလို ငွေကြေးမတတ်နိုင်သူများရဲ့ အရစ်ကျထည့်ဝင်ငွေများကိုလည်း လျှော့ချမပေးဘဲ ယခင်သတ်မှတ်နှုန်းအတိုင်း ဒါမှမဟုတ် ၎င်းနှုန်းထက်ပိုမှ မီးချိတ်ဆက်ပေးမည်ဟု အတ္တကြီးစွာ ပြောဆိုမှုကြောင့် ကျေးရွာညီညွတ်မှုပြိုကွဲ ပြီးတော့ မီးလင်းရန်အခက်အခဲများ ဖြစ်နေရပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေပြီးတော့ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း(NEP)ကို အကောင်အထည်ဖော် ရာနှုန်းပြည့်အောင်မြင်အောင် အင်တိုက်အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်နေသလိုပဲ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံကျတဲ့ တစ်နိုင်ငံလုံးမီးလင်းရေးလုပ်ငန်းများ အောင်မြင်ရန် ရွာသူ ရွာသားများအချင်းချင်း ညီညွတ်ရန်အတွက် နိုင်ငံတော်ကနေပြီးတော့ ကျေးလက်မီးလင်းရေးဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို အသေးစိတ်တိတိကျကျ ရေးဆွဲပြဋ္ဌာန်းပေးဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ကျေးလက်မီးလင်းရေးကော်မတီဝင်များသည် ကျေးရွာ လူထုထံမှကောက်ခံရရှိသော ငွေများကို ကျေးလက်မီးလင်းရေးနှင့် သက်ဆိုင်ရာအကျိုးဝင်သော လုပ်ငန်းများကို အသုံးမပြုဘဲ အလွဲသုံးစားပြုခြင်း၊ မမှန်မကန်ပြုလုပ်ခြင်း၊ မသမာသောနည်းလမ်း များဖြင့် သုံးစွဲခြင်းစသည်တို့ကို ပြုလုပ်ပါက ကျေးရွာလူထုကိုယ်စား၊ ဝန်ကြီးဌာနကိုယ်စား၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကျေးရွာလူထုကိုယ်စားလှယ်နှင့်အတူ တရားလိုပြုလုပ်၍ မီးလင်းရေးကော်မတီများအား တရားစွဲဆိုမည်ဆိုသည့်အချက်ကို မဖြစ်မနေပြန်လည်ထည့်သွင်း သင့်ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုသည် ပဉ္စမအကြိမ်အစည်းအဝေးကာလ ပဉ္စမနေ့မှာကျွန်တော် မေးခဲ့သောမေးခွန်းနှင့်အလွန်ဆင်ပါတယ်။ ကျွန်တော်က မီးလင်းကော်မတီရဲ့ စည်းကမ်းချက် ၁၂ ချက်ကို ပြင်ဆင်ဖြည့်စွက်လုပ်စေလိုတယ်ဖြစ်ပြီးတော့ ယခုအဆိုကတော့ NEP ရဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးမူကို ပြင်စေချင်တယ်ဆိုတာကို တွေ့ရပါတယ်။ ကျွန်တော်တို့သည် ပြုပြင်ပြောင်းလဲရေးတစ်ခုလုပ်တော့မယ်ဆိုပါက မိမိတို့မျှော်မှန်းတဲ့ အကျိုးတရားကောင်းရဖို့ အကြောင်းတရားအရင်းအမှန်ကို ရှာဖွေပြုပြင်ရန်အရေးကြီးတဲ့အချက်ရှိပါတယ်။ အချိုသီးစားလိုပါက အချိုမျိုးစေ့ကိုစိုက်ရပြီးတော့ အခါးသီးစားလိုပါက အခါးမျိုးစေ့စိုက်ရမှာပဲဖြစ်ပါတယ်။ မြန်မာ့လျှပ်စစ် ကဏ္ဍမှာ ရှေးရှေးစဉ်ကာလကတည်းကိုက အားနည်းချက်သုံးရပ်ရှိခဲ့တာကို တွေ့ရှိရပါတယ်။ ပထမ အားနည်းချက်ကတော့ ထုတ်လုပ်ရေးကဏ္ဍ(Generation)၊ ဆက်သွယ်ရေးကဏ္ဍ(Transmition)နဲ့ ဖြန့်ဖြူးရေးကဏ္ဍ(Distribution)တို့ကို တစ်ပြိုင်နက်တည်းပြီးအောင် မတည်ဆောက်နိုင်ခဲ့တဲ့ စီမံချက် အမှားပဲဖြစ်ပါတယ်။ ထုတ်လုပ်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍပြီးတဲ့အချိန်မှာ ရန်ပုံငွေနည်းသွားတာ အတွက်ကြောင့် အဲဒီမှာမှ ၁၀ ရွာခန့်သာ ဖြန့်ဖြူးပေးနိုင်တာဖြစ်လို့ မီးလင်းရေးကော်မတီစနစ်နဲ့ ဖြန့်ဖြူးပေးခဲ့ရကြောင်းကို ကျွန်တော် မေးခွန်းမေးစဉ်က ကြားသိခဲ့ရပါတယ်။

ဒုတိယအားနည်းချို့ယွင်းချက်ကတော့ ရေအားလျှပ်စစ်ဖြစ်တဲ့ ဟိုက်ဒရိုပါဝါကိုအခြေခံပြီးတော့ ၇၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်ခဲ့မိတဲ့ Generation Mix အမှားဖြစ်ပါတယ်။ နွေကာလထုတ်လုပ်မှုက

ကျဆင်းလာတဲ့အချိန်မှာ လူထုက ပိုမိုသုံးစွဲဖို့လိုအပ်လာတာမို့လို့ အဲဒီကာလများမှာ ဒီရှာမှောင်ရင် ဟိုရှာလင်း၊ ဒီရပ်ကွက်လင်းရင် ဟိုရပ်ကွက်မှောင်ဆိုတဲ့ မညီညွတ်မမျှတမှုတွေ ဖြစ်ပေါ်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဝန်ကြီးဌာနက ဒီအားနည်းချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက်ကို LNG သုံး လျှပ်စစ် ၃၀၉၁ မဂ္ဂါဝပ် ထုတ်ဖို့စက်ရုံလေးခုကို နိုင်ငံ့ရန်ပုံငွေတစ်ပြားတစ်ချပ်မှ မသုံးဘဲနဲ့ ပုဂ္ဂလိက နိုင်ငံသားပြည်တွင်းပြည်ပ ပူးပေါင်းမြှုပ်နှံမှုပေးခဲ့တယ်ဆိုတာကို အားလုံးအသိပဲဖြစ်ပါတယ်။ ဒီအပြင် လျှပ်စစ်စက်ရုံများ၏ စက်များဟာဟောင်းနွမ်းလာခြင်း၊ ဆက်သွယ်ရေးလမ်းများမှ ကြိုးများသည် လည်း သက်တမ်းကြာတဲ့အတွက်ကြောင့် ဟောင်းနွမ်းလာခြင်းတို့ကြောင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုဟာ ၂၇ ရာခိုင်နှုန်းအထိ ဖြစ်နေတာကိုလည်း စံမီတဲ့ကြိုးတွေ နောက်ဆုံးပေါ်စက်တွေ လဲလှယ်ခြင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်းစတဲ့ ပြုပြင်ပြောင်းလဲမှုတွေလုပ်ပေးနေတာဖြစ်တဲ့ အတွက်ကြောင့် ယခုအခါမှာ ပျောက်ဆုံးယူနစ်ကို ကျွန်တော်တို့ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးလာ နိုင်တာကို တွေ့ရှိရပါတယ်။ ဒီအတွက်လည်းပဲ မဲဆန္ဒရှင်ပြည်သူတွေကိုယ်စား ဝန်ကြီးဌာနကို ကျေးဇူးတင်ပါ တယ်။

တတိယချို့ယွင်းချက်ကတော့ လျှပ်စစ်ကဏ္ဍဟာ စီးပွားရေးလားဆိုတော့လည်း မဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာမြန်မာဟော့လို့ ကြွေးကျော်လောက်စရာ ဘယ်နိုင်ငံမှာမှမရောင်းချပေးနိုင်တဲ့ တစ်ယူနစ် ကို ၃၅ ကျပ်နှုန်းနဲ့ အရှုံးခံဖြန့်နေတာတွေ့ရပါတယ်။ ဒါဖြင့်ရင် ပညာရေး၊ ကျန်းမာရေးတို့လို ပြည်သူ့ ဝန်ဆောင်မှုကဏ္ဍလားလို့လည်း မဟုတ်ပါဘူး။ အခမဲ့မပေးနိုင်ပါဘူး။ ၃၅ ကျပ်ယူနေတာဖြစ်ပါတယ်။ ခုလိုရှေ့ကအမှားသုံးရပ်ကို ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ်နဲ့ ပြုပြင်ကြရမှာဖြစ်ပါတယ်။ NEDP ကမ္ဘာ့ဘဏ်ချေးငွေ အတိုးမဲ့ချေးငွေအဖြစ် ကျေးလက်မီးလင်းစေဖို့အတွက်ကို ၁၁ ကေဗွီကြိုး ဆက်သွယ်ခြင်း၊ ထရန်စဖော်မာထိုင်ပြီးသည်အထိ ကူညီဆောင်ရွက်ပေးတဲ့စီမံချက်ဖြစ်ပါတယ်။ Grid လိုင်းကနေပြီးတော့ ၂ မိုင်အတွင်းမှာရှိတဲ့ လျှပ်စစ်မီးမရသလို ရွာပေါင်းငါးထောင်ကျော်အတွက် အရည်အသွေးကောင်းတဲ့ပစ္စည်းများ အဆင်သင့်ရောက်ရှိနေပြီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ၄၀၀ ဗို့ ကြိုးဆက်သွယ်ဖို့အတွက်ကို မီးလင်းရေးကော်မတီများ ရွာပေါင်း ၁၂၀၀ ခန့်သာလျှင် ကျွန်တော်တို့ ဖွဲ့စည်းထားနိုင်သေးတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာပါတဲ့ ကိရိယာဝိသေသနဖြစ်တဲ့ ညီညွတ်မျှတပြီး၊ တည်ငြိမ်အေးချမ်း စွာ ဖွံ့ဖွံ့ဖြိုးဖြိုးဖြစ်ပေါ်ဖို့သည် NEP ရဲ့ မူဝါဒကြောင့်မဟုတ်ဘဲ လူဦးရေအစိတ်အကျဲမတူညီခြင်း၊ အခြေခံစီးပွားရေးမတူညီခြင်းတွေရှိတဲ့ ကျေးရွာများရဲ့သဘာဝကို ဂရုမပြုဘဲ ကျေးရွာမီးလင်းရေး ကော်မတီများအဖြစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခဲ့တဲ့ စနစ်အားနည်းချက်ကြောင့်ဆိုတာ တွေ့ရမှာဖြစ် ပါတယ်။ စီးပွားရေးကောင်းလို့ စုမိဆောင်းမိရှိတဲ့ရွာတွေသာ မီးလင်းရေးကော်မတီဖွဲ့နိုင်ပြီးတော့ လူဦးရေကနည်း၊ အခြေခံစီးပွားကမကောင်းတဲ့ရွာတွေ ဘယ်လိုလုပ် မီးလင်းရေးကော်မတီဖွဲ့နိုင်ပါ့မလဲ ဆိုတာကို ကျွန်တော်တို့ ကိုယ်ချင်းစာ စဉ်းစားဆင်ခြင်သင့်ပါတယ်။ ဒီလိုအကြောင်းရင်းတွေကြောင့် အဆိုမှာပါတဲ့ ကိရိယာဝိသေသနဖြစ်သော ညီညွတ်မျှတဖို့မဖြစ်နိုင်သလို ရင်းနှီးစိုက်ထုတ်ရမယ့် ငွေလုံးငွေရင်းမထည့်နိုင်တဲ့ ဆင်းရဲသားပြည်သူများ လျှပ်စစ်မီးသုံးနိုင်မှာမဟုတ်လို့လည်း တည်ငြိမ်

အေးချမ်းစွာ ဖွံ့ဖြိုးဖို့မဖြစ်နိုင်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ အနှစ်ချုပ်ဆိုရပါက ကျေးလက်ဒေသမီးလင်းရေးတွင်ဖြစ်ပွားနေသော မညီညွတ်မှု၊ မမျှတမှု၊ မတည်ငြိမ်မှုများသည် NEP ကြောင့်မဟုတ်ဘဲ မီးလင်းရေးကော်မတီမှတစ်ဆင့် ဖြန့်ဖြူးရတဲ့ ရှေးကာလအားနည်းချက်များကြောင့်သာဖြစ်ကြောင်း ဝေဖန်ထောက်ပြလျက် နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာတော်မူနိုင်ကြပါစေ။

**ဥက္ကဋ္ဌ**။ ။ အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးဝင်း(အင်္ဂပူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ အဆိုဟာ ဝန်ကြီးဌာနရဲ့ ဝန်ခံကတိအပိုဒ် ၁၂ ကို ပြန်လည်သုံးသပ်ရန် သို့မဟုတ် 11 KV လိုင်းကို ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီအောက် ပြန်လည်ထားရှိလိုတဲ့ဆန္ဒကြောင့် တင်သွင်းတယ်လို့ ကျွန်တော်ယူဆပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီများနှင့်ပတ်သက်တဲ့ကိစ္စအကြောင်းအရာများကို လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း သိရှိပြီးဖြစ်လို့ လွှတ်တော်မှာလည်း ဝေဖန်ဆွေးနွေးခဲ့ကြပါတယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို အမျိုးမျိုးသောပြဿနာများကိုလည်း သိရှိထားပြီးဖြစ်မှာပါ။ ကျေးရွာတစ်ရွာနှစ်ရွာပြဿနာတက်တာနဲ့ ဥပဒေတွေ၊ ဝန်ခံကတိတွေ၊ ညွှန်ကြားချက်တွေကို ပြန်လည်သုံးသပ်ပြင်ဆင်ရမယ်ဆိုရင် ကျေးလက်အများစုက NEP စီမံကိန်းထဲကို မဝင်ခဲ့ရင် ပြည်သူအများနစ်နာမှာဖြစ်ပါတယ်။ အဲဒီလိုဆိုရင် လူသားချင်းစာနာမှုကင်းပြီးတော့ တရားမဲ့ပြုကျင့်ရာများ ကျမလားစိုးရိမ်မိပါတယ်။ မီးလင်းရေးကော်မတီများ လိုက်နာရမယ့်ဝန်ခံကတိ အချက် ၁၂ ချက်ရှိပါတယ်။ အပိုဒ် ၁၁ ကို အဆိုရှင်တင်ပြသွားတာက မီးလင်းရေးအတွက် ဓာတ်အားရယူရာမှာ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကပိုင်လိုင်းများမှ ဝယ်ယူခြင်းဖြစ်ပါက သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ရဲ့ သဘောတူညီချက်ရယူရမယ်လို့ တင်ပြထားပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနမှာ ထုတ်ပြန်ထားတဲ့ ဝန်ခံကတိ ၁၂ ချက်က အပိုဒ် ၁၁ မှာ အခြားသောဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ဓာတ်အားလိုင်းမှ ဆက်သွယ်ရယူလိုပါက သက်ဆိုင်ရာဌာနရဲ့ သဘောတူညီချက်ရယူရမယ်လို့ပဲ တွေ့ပါတယ်။ အဆိုရှင်တင်ပြထားတဲ့ ပုဂ္ဂလိကတွေ၊ အဖွဲ့အစည်းတွေဆိုတဲ့စာသားတွေကို မတွေ့ရပါဘူး။ ဒီစာသားတွေ ဘယ်လိုပါလာသလဲဆိုတာ မသိရပေမဲ့ ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ အပိုဒ် ၁၁ နှင့် အပိုဒ် ၁၂ ကတော့ ကိုက်ညီမှုရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ယခု နောက်ဆုံးညွှန်ကြားထားတဲ့ အပိုဒ် ၁၂ အရဆိုရင် 11 KV လိုင်းအားလုံးဟာ ဝန်ကြီးဌာနအောက်ကို ရောက်ရှိသွားတဲ့အတွက် NEP စီမံကိန်းထဲကို ပါဝင်သွားမှာဖြစ်ပါတယ်။ ယခင်က ကိုယ်ထူကိုယ်ထ ဆွဲထားတဲ့ 11 KV လိုင်းများဟာ NEP စီမံကိန်းထဲကို မပါဝင်တဲ့အတွက် ၎င်းလိုင်းရဲ့ အနီးအနားမှာရှိတဲ့ကျေးရွာတွေဟာ လျှပ်စစ်မီးရယူဖို့ ငွေကြေးအမြောက်အမြားကုန်ကျမှာဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီကို မီးဆွဲခပေးရမယ့်ငွေ 11 KV လိုင်းဆွဲခ၊ ထရန်စဖော်မာဖိုး၊ ရွာတွင်း ၄၀၀ ဗို့လိုင်းဆွဲခ စသဖြင့် များစွာကုန်ကျမှာဖြစ်ပါတယ်။ အခု NEP စီမံကိန်းအောက်ကို

ရောက်ရှိသွားတဲ့အတွက် ရွာတွင်း ၄၀၀ ဗို့လိုင်းအတွက်သာ ကုန်ကျမှာဖြစ်လို့ ကုန်ကျစရိတ်ထက်ဝက် မျှမက သက်သာသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မြို့နယ်မှာ ကိုယ်ထူကိုယ်ထ 11 KV မီးလိုင်း ၁၅ မိုင်ခန့်စီ ဆွဲထားတဲ့လိုင်းနှစ်လိုင်းရှိပါတယ်။ အင်ပူ-ကွင်းကောက်နဲ့ အင်ပူ-ညောင်ရိုးလိုင်းများဖြစ်ပါတယ်။ အဲဒီအထဲက အင်ပူနဲ့ ကွင်းကောက်ကိုဆွဲထားတဲ့ လိုင်းတစ်လိုင်းကို ဥပမာပေးပြီး တင်ပြမှာဖြစ်ပါတယ်။ အဲဒီလိုင်းကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှာ စတင်ဆွဲပါတယ်။ စုစုပေါင်း သိန်းပေါင်း ၂၆၀၀ ကုန်ကျပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်ကနေ သိန်း ၅၀၀ ချေးပါတယ်။ ငွေကြေးတတ်နိုင်သူများကလည်း ကော်မတီကို ငွေချေးပေးထားပါတယ်။ ကုမ္ပဏီနဲ့ အပြင်ကနေဆက်သွယ်ပြီး ငွေကြေးစနစ်နဲ့ အကောင်အထည်ဖော်ရပါတယ်။ လျှပ်စစ်မီးကို လိုချင်လွန်းလို့သာ မျက်စိမှိတ်ပြီးလုပ်ကြတာပါ။ အခက်အခဲများအမြောက်အမြားလည်းရှိပါတယ်။ ကြိုးစားခဲ့ရတဲ့နှစ်တွေလည်း အတော်ကြာပါပြီ။ ဖော်ပြလို့မဖြစ်တဲ့ ကုန်ကျစရိတ်ငွေတွေလည်း ရှိခဲ့ပါတယ်။ မီတာယူတဲ့အိမ်က တစ်အိမ်ကို ငါးသိန်းထည့်ရပါတယ်။ တစ်ယူနစ်ကို မီတာခ ၁၀၀ နှုန်းပေးရပါတယ်။ ၂၀၁၅ ခုနှစ်ခန့်မှာ ကြွေးကျေတယ်။ မီတာခ ၅၀ နှုန်း လျှော့ပေးပါတယ်။ နောက်ထပ် မီတာယူသူတွေကို အရစ်ကျစနစ်နဲ့ယူခွင့်ပေးပါတယ်။ ကုန်ကျစရိတ် များလွန်းလို့ အနီးအနားကကျေးရွာတွေကတော့ မီးမယူနိုင်ပါဘူး။ ဒါပေမဲ့ ခြောက်ရွာကျေးရွာကတော့ မီးဆွဲခ သိန်း ၂၀၀ နဲ့ ညှိနှိုင်းပြီး မီးယူပါတယ်။ တကယ်လုပ်ကြည့်တော့မှ ကုန်ကျစရိတ်တွေများလွန်းလို့ အဲဒီသိန်း ၂၀၀ ကိုလည်း ယနေ့အချိန်အထိ မပေးနိုင်ပါဘူး။ အဲဒီမီးမယူနိုင်တဲ့ရွာတွေဟာ အခု NEP စီမံကိန်းကြောင့် မီးရတော့မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလည်း ၄၀၀ ဗို့လိုင်းဟာ မီးလင်းရေးကော်မတီရဲ့ လက်ထဲမှာရှိတဲ့အတွက် နောက်ထပ်မီးယူသူများထံမှ ရန်ပုံငွေကောက်ခံလို့လည်း ရပါတယ်။ ကျွန်တော်တို့ ကိုယ်ထူကိုယ်ထအနေနဲ့ ယခင်က ကျွန်တော်တို့ ကော်မတီမှာ ကုန်ကျထားသော်လည်း မီးမယူနိုင်တဲ့ရွာများ ယခု မီးလင်းတော့မှာဖြစ်တဲ့အတွက် ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်။ ယခုဆိုရင် ကျွန်တော်တို့မြို့နယ်မှာ NEP စီမံကိန်းအရ ကျေးရွာပေါင်း ၄၁ ရွာ မီးလင်းတော့မှာပါ။ ၁၅-၁၁-၂၀၁၈ ရက်နေ့က အဲဒီ ၄၁ ရွာက အုပ်ချုပ်ရေးမှူးများ၊ မီးကော်မတီများနှင့် တွေ့ဆုံခဲ့ပါတယ်။ အခက်အခဲများကို မေးမြန်းကြည့်တော့ ရွာတွင်း ၄၀၀ ဗို့လိုင်းက ကုန်ကျမှာဖြစ်လို့ အဆင်ပြေအောင်လုပ်နိုင်ကြောင်း ပြောကြပါတယ်။ အဲဒီနှစ်က ကျေးရွာမီးလင်းရေးကော်မတီများရဲ့ ပီတိအပြုံးတွေ၊ ဝမ်းသာတဲ့မျက်နှာတွေ၊ တက်ကြွရွှင်လန်းနေပုံတွေကို တွေ့ရတော့ အင်မတန်မှ ကြည်နူးမိပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ ကျေးရွာပေါင်း ၅၀၈၀ မီးလင်းမှာဖြစ်ပါတယ်။ အိမ်ခြေပေါင်း ၆၂၆၇၅၇ အိမ်မီးလင်းတော့မှာပါ။ အစိုးရကလည်း ကျပ်ငွေ ၂၂၃၃၃၈.၁၄ ခန့် အသုံးပြုမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာတော့ ရွာပေါင်း ၆၅၀ မီးသွယ်ခွင့်ရမှာဖြစ်ပါတယ်။ အဲဒီရွာပေါင်း ၆၅၀ ထဲက ယခင် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီများရဲ့ 11 KV လိုင်းမှာ ဆွဲယူရမယ့်ရွာတွေလည်း ပါဝင်မှာပါ။ အစိုးရအနေနဲ့ ပြည်သူများကုန်ကျစရိတ်သက်သာစွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက် နစ်နာသူများလည်းရှိနိုင်ပါတယ်။ ဒါကြောင့် ဥပဒေ၊ ကတိဝန်ခံချက်၊ ညွှန်ကြားချက်များကို

ပြင်ဆင်ရမယ်ဆိုရင် ကျေးလက်နေပြည်သူများရဲ့ အခွင့်အရေးဆုံးရှုံးနိုင်ပါတယ်။ သူတို့ရဲ့နစ်နာမှုများကို တဖန်ပြန်လည်တင်ပြပြီး ပြင်ဆင်ဖို့တောင်းခံခဲ့ရင် ပြင်လို့ပြီးနိုင်တော့မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ဧရာဝတီတိုင်းဒေသကြီးမှာ ကျေးရွာပေါင်း ၆၅၀ NEP စီမံကိန်းထဲမှာပါတဲ့အတွက် ဆောင်ရွက်ရာမှာ ယခုပင် ဝန်ထမ်းအားနည်းနေတဲ့အတွက် ဝန်ထမ်းလုံလောက်မှုအခက်အခဲများနှင့် ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်တို့ဧရာဝတီတိုင်းကို ဝန်ထမ်းများထပ်မံခန့်ထားပေးပို့ဖို့ မေတ္တာရပ်ခံပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနက လက်ရှိကျင့်သုံးနေတဲ့ ကတိ၊ စည်းမျဉ်း၊ ဥပဒေတွေက ဝန်ခံကတိ၊ စည်းမျဉ်း၊ ဥပဒေတွေအများကြောင့် ကျေးလက်နေပြည်သူများက အမှောင်ထုထဲမှ အလင်းထဲကိုရောက်လာမှာဖြစ်ပါတယ်။ ပြည်သူများမှလည်း သူတို့ရဲ့လျှပ်စစ်မီးအိမ်မက်တွေ အကောင်အထည်ဖော်တော့မှာဖြစ်လို့ တစ်သက်လုံးအမှောင်ထဲမှာနေခဲ့ရတဲ့ဘဝတွေလွတ်မြောက်တော့မှာဖြစ်လို့ သူတို့ရဲ့မျှော်လင့်ချက်ရောင်ခြည်တွေ သန်းလာပြီဖြစ်လို့ ဝမ်းသာနေကြပါတယ်။ ပြည်သူများက တင်မြှောက်ထားတဲ့ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များကလည်း ပြည်သူများရဲ့ဆန္ဒ၊ လိုအပ်ချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အဆိုကို မှတ်တမ်းသာတင်သင့်ပါကြောင်း ပြောကြားရင်းနိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးအောင်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ယနေ့လွှတ်တော်အစည်းအဝေးကို ကြွရောက်လာကြတဲ့အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သရင်း ကျန်းမာချမ်းသာကြစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး တင်သွင်းခဲ့တဲ့အဆိုကို ဆွေးနွေးမယ့် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ NEP ဆိုတဲ့ အမျိုးသားလျှပ်စစ်မီးလင်းရေးစီမံချက်ကို ကမ္ဘာ့ဘဏ်ချေးငွေအကူအညီနဲ့ တစ်နိုင်ငံလုံးမီးလင်းရေးအတွက် ဆောင်ရွက်ဖို့ ၂၀၁၅ ခုနှစ်ကတည်းက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ NEP စီမံချက်ဟာ တိုင်းပြည်ချမ်းသာလို့လုပ်တဲ့ကိစ္စတော့မဟုတ်ပါ။ ကမ္ဘာ့ဘဏ်ချေးငွေများနှင့် ပထမအဆင့်လျှပ်စစ် မိန်းဓာတ်အားလိုင်းနဲ့ နှစ်မိုင်အတွင်းမှာရှိတဲ့ကျေးရွာများကို ပထမဦးစားပေးအစီအစဉ်နဲ့ နိုင်ငံတော်အစိုးရက 11 Line များနဲ့ အမှန်လိုအပ်တဲ့ထရန်စဖော်မာများ၊ ဆက်စပ်ပစ္စည်းများ၊ အိမ်သုံးမီတာများကို ကူညီထောက်ပံ့ပေးမှာဖြစ်ပြီး သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများက ကျေးရွာအတွင်း ၄၀၀ ဓာတ်အားဗို့လိုင်းများနှင့် ရွာတွင်းလျှပ်စစ်မီးတိုင်များကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ဌာနအကူအညီနဲ့ ဆောင်ရွက်ထားဖို့ဖြစ်ပါတယ်။

ဒုတိယအဆင့်အနေနဲ့ကတော့ လျှပ်စစ်ဓာတ်အားမိန်းလိုင်းနဲ့ ငါးမိုင်အတွင်းမှာရှိတဲ့ကျေးရွာများအားလုံးမီးလင်းဖို့ဆောင်ရွက်မှာဖြစ်ပြီး ၂၀၃၀ ခုနှစ်မှာတော့ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးကို

NEP ကစီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလို တစ်နိုင်ငံလုံးလျှပ်စစ်မီးလင်းရေးစီမံဆောင်ရွက်ခြင်းသည် တိုင်းပြည်ငွေကြေးချမ်းသာလို့မဟုတ်ဘဲ လျှပ်စစ်စွမ်းအင်အမှန်လိုအပ်သည့်အတွက်ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင် ပြည့်ပြည့်ဝဝထုတ်လုပ်သုံးစွဲနိုင်မှသာလျှင် အဓိကကျတဲ့စက်ရုံ၊ အလုပ်ရုံများလည်ပတ်နိုင်ပြီး ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လာနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုလျှပ်စစ်စွမ်းအင်နိုင်ငံအတွင်း အလုံအလောက်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှသာ နိုင်ငံခြားမှစက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများအနေနဲ့ ပြည်တွင်းမှာလာရောက်ရင်းနှီးမြှုပ်နှံအလုပ်လုပ်ကိုင်မှုများ များပြားလာမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့ရွာကျေးလက်များမှာဆိုရင်လည်း အသေးစား၊ အလတ်စားထုတ်လုပ်မှုလုပ်ငန်းများ အများအပြားပေါ်ပေါက်လာပြီး တိုင်းပြည်ထုတ်ကုန်များတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့လည်း လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်စွမ်းအင်အရင်း အမြစ်များအမျိုးမျိုး၊ နည်းပညာအသုံးပြုလျက် ဖြန့်ဖြူးရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးရန်ပုံငွေနဲ့ ပြည်ပအဖွဲ့အစည်းအသီးသီးမှ သက်သာတဲ့အတိုးနှုန်းချေးငွေများနဲ့ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ NEP စီမံကိန်းအကြောင်းတော့ ပြောချင်ပါတယ်။ ဒီစီမံကိန်းဟာ ၂၀၁၅ ခုနှစ်ကတည်းက ချမှတ်ဆောင်ရွက်တာဖြစ်ပေမဲ့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့လုပ်တဲ့ကိစ္စဖြစ်တော့ တင်ဒါခေါ်ယူတဲ့ကိစ္စတွေကအစ နိုင်ငံတကာစံနှုန်းတွေနဲ့ကိုက်ညီအောင် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် အခုအချိန်ထိ ထိရောက်တဲ့ဆောင်ရွက်မှုတွေပြုလုပ်နိုင်တာမတွေ့ရဘဲနဲ့ နှေးကွေးနေသေးကြောင်းတွေ့ရပါတယ်။ မိမိတို့ကိုယ်စားလှယ်များအနေနဲ့ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် လိုအပ်တဲ့ ထရန်စဖော်မာများနှင့် ဆက်စပ်ပစ္စည်းများကို NEP ကိုတောင်းတဲ့အခါ ကတိကဝတ်တော့ရပါရဲ့။ လက်တွေ့မှာတော့ တင်ဒါကိစ္စများနှင့်ကြန့်ကြာနေတဲ့အတွက် NEP က နေ့ရွှေ့၊ လရွှေ့ရွှေ့နေတဲ့အတွက် သက်ဆိုင်ရာကျေးရွာလျှပ်စစ်မီးလင်းရေး လက်တွေ့ဆောင်ရွက်မပေးနိုင်တဲ့အခါ NEP ရဲ့အကြောင်းကြောင်းကြောင့် လုပ်ငန်းနောက်ဆုတ်ရတဲ့ကိစ္စကိုတော့ ပြည်သူများကမသိဘဲ ကျွန်တော်တို့ကိုယ်စားလှယ်များရဲ့ လိုအပ်ချက်ဖြစ်နေသလိုဖြစ်နေတဲ့အတွက် NEP အနေနဲ့ ကတိကဝတ်များအတိုင်း အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများအနေနဲ့ မိမိတို့သက်ဆိုင်ရာကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် NEP စီမံချက်မချခင်ကတည်းက ကိုယ်ထူကိုယ်ထမီးလင်းရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ကြသလို NEP စီမံချက်ကကြန့်ကြာတဲ့အတွက် မစောင့်နိုင်ကြတဲ့အခါ သက်ဆိုင်ရာကျေးရွာများအတွင်း လျှပ်စစ်မီးလင်းရေးကော်မတီများက ရန်ပုံငွေများကောက်ခံပြီး ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်ချက်များ ရှိခဲ့ပါတယ်။ ယခုအခါ အဆိုရှင်တင်ပြသကဲ့သို့ ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလိုင်းများ ဆောင်ရွက်ထားရှိသောကျေးရွာများမှ မီးလင်းရေးကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ အချို့သောကျေးရွာများသည် လျှပ်စစ်မီးလင်းရေး၊ သွယ်တန်းရေးကိုပြုလုပ်သည်ကိုတွေ့ရကြောင်းတင်ပြထားရာ မိမိတို့ဒေသမှာလည်း မြို့နယ်အတွင်း ကျေးရွာအချင်းချင်းသော်လည်းကောင်း၊ မိမိတို့မြို့နယ်အတွင်း ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ

နဲ့ အခြားမြို့နယ်များမှ ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီများနဲ့သော်လည်းကောင်း အလားတူ ပြဿနာများကြုံတွေ့ရတဲ့အတွက် ပြဿနာတစ်စုံတစ်ရာမဖြစ်ပွားစေရန် ဆောင်ရွက်ပေးခဲ့ရသည်များ ရှိခဲ့ပါတယ်။ ဒီနေရာမှာ မိမိမဲဆန္ဒနယ်မြေမှာ မီးလင်းရေးအကောင်အထည်ဖော်မှုများကို ပြန်လည် သုံးသပ်တဲ့အခါမှာတော့ ယခုမီးလင်းရေးမှု ၁၂ ချက်နှင့်အညီ အများစုအောင်မြင်ခဲ့ကြတာများကို တွေ့ရှိရပါတယ်။ တချို့ဖြေရှင်းနေရတဲ့ကိစ္စရပ်တွေအတွက် မူဝါဒများကိုပြန်လည်သုံးသပ်သင့်ပါတယ်။ သို့သော် 11 KV နဲ့ 33 KV တို့ကို မီးလင်းရေးကော်မတီတွေရဲ့စီမံခွင့်ပေးလိုက်ရင် ယခုထက်ပိုမို ဆိုးရွားသွားနိုင်တဲ့အနေအထားတော့ရှိသွားနိုင်ပါတယ်။ ဒါကြောင့် အဆိုရှင်တင်ပြတဲ့အချက်တွေဟာ လက်တွေ့အတွက် များစွာစဉ်းစားစရာဖြစ်ပါတယ်။ ဒါကြောင့် မီးလင်းရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး စေရေးအတွက် အဆင်ပြေစေမယ့် တိကျတဲ့ညွှန်ကြားချက်မူဝါဒတွေထုတ်ပြန်၍ သုံးသပ်ဆောင်ရွက် သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးနိုင်(ချမ်းအေးသာစံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးရဲ့အဆိုကို သုံးသပ် ဆွေးနွေးသွားမယ့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးနိုင် ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က အမျိုးသားလျှပ်စစ်ဓာတ်အားရရှိ ရေးစီမံကိန်း(NEP)မှာ အခြေခံကျတဲ့ ကျေးလက်နေပြည်သူများရဲ့လျှပ်စစ်မီးရရှိရေး၊ သုံးစွဲမှုမြှင့်တင် ရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာဖြစ်ပေါ်လာစေ ရေးနှင့် ကျေးလက်မီးလင်းရေးမူဝါဒကို စိစစ်ချမှတ်ရန်ဆိုတဲ့ အပိုင်းနှစ်ပိုင်းကို အဓိကတင်ပြထားပါ တယ်။ အဆိုရှင်ဟာ ကျေးလက်နေပြည်သူအချို့ရဲ့အခက်အခဲကို စိုးရိမ်ပူပန်စွာနဲ့ အဆိုကိုတင်ပြသွား တယ်လို့ မြင်ပါတယ်။ ဒီနေရာမှာ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းရေးဖြစ်ပေါ်လာစေရန်ဆိုတဲ့ အသုံးအနှုန်းလေးကို သွားတွေ့ပါတယ်။ အဲဒီလို ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းဖို့ဆိုရင် တရား ဥပဒေစိုးမိုးရေးလိုအပ်တယ်ဆိုတာ အလိုအလျောက်နားလည်ပြီးသား ဖြစ်မှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြတွေမှာ ဆင်းရဲချမ်းသာတွေရှိသလိုပါပဲ။ ကျေးလက်တွေမှာလည်း ဆင်းရဲသား အများစုရှိတဲ့ ကျေးရွာတွေရှိသလို ချမ်းသာသူအများစုရှိတဲ့ ကျေးရွာတွေလည်း ရှိကြပါတယ်။ ငွေရေး ကြေးရေးတတ်နိုင်ကြတဲ့သူတွေရှိသလို မတတ်နိုင်ကြတဲ့ကျေးရွာတွေလည်း ရှိကြပါတယ်။ တတ်နိုင်တဲ့ ကျေးရွာတွေက လျှပ်စစ်မီးတွေ ထိန်ထိန်လင်းနေချိန်မှာ မတတ်နိုင်တဲ့ကျေးရွာတွေက အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေတာကို ဘယ်သူမှမြင်တွေ့ချင်မှာမဟုတ်ပါဘူး။ ဒါကို အဆိုရှင်က ကျေးလက်မီးလင်း ရေးကဏ္ဍမှာ လျှပ်စစ်ဓာတ်အားလိုင်းနှင့်ခွဲရုံတွေကို အကန့်အသတ်နဲ့ဆောင်ရွက်ရတဲ့အတွက် ဓာတ်အားလိုင်း လျင်မြန်စွာရရှိလိုတဲ့ကျေးရွာများအတွက် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ချက်ကို ဝန်ခံကတိ ပြုကာ ဆောင်ရွက်ပေးလျက်ရှိတယ်လို့ ဆိုထားပါတယ်။ မညီမျှမှု၊ တန်းတူအခွင့်အရေးမရရှိမှု၊ ခွဲခြား

ဆက်ဆံမှုစတဲ့ဆိုးကျိုးများမဖြစ်ပေါ်ရအောင် လိုအပ်တဲ့ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များထုတ်ပြန်ပြီး ထိန်းညှိဆောင်ရွက်ရန်ဆိုတာ နားလည်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ရက်စွဲပါစာအမှတ်၊ ၂/၃-၆/၂၃ ဦး ၆/(၄၅၆)ဖြင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံပေးပို့ထားတဲ့ အကြောင်းကြားစာမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိကျေးရွာများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာသူကျေးရွာသားများမှ တင်ပြတောင်းခံလာသည့်အခါတွင်ဖြစ်စေ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို လျာထားဆောင်ရွက်ရာတွင်ဖြစ်စေ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးဆိုင်ရာမူဝါဒအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း သိရှိပါရန်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များကိုပါ အသိပေးပါရန် ညှိနှိုင်းအကြောင်းကြားပါသည်ဆိုတဲ့ အကြောင်းကြားစာမှာပါတဲ့ မူဝါဒ ၁၂ ချက်ထဲက ကောက်နုတ်ဖော်ပြရရင် အချက်(၁)မှာ ကျေးရွာများ လျှပ်စစ်မီးလင်းရေးတွင် ခရိုင်၊ မြို့နယ်အလိုက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်လို့ပါသလို၊ အချက်(၁၁)မှာ ပထဝီအနေအထားအရ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် အခက်အခဲရှိသော ကျေးရွာများတွင် အခြားနည်းဖြင့် ဓာတ်အားရရှိသုံးစွဲရေးစီမံဆောင်ရွက်ရန်ဆိုတဲ့အချက်ဟာ ကျေးလက်နေပြည်သူများကို လျှပ်စစ်မီးသုံးစွဲစေချင်တဲ့စေတနာ တွေ့မြင်ရပါတယ်။ အချက်(၁၂)မှာ ကျေးလက်ဒေသများရှိ ဓာတ်အားဖြန့်ဖြူးရေးစနစ်များအားလုံးသည် နိုင်ငံတော်ဓာတ်အားဖြန့်ဖြူးရေးနှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့်ရှိသည်။ သက်ဆိုင်ရာအဖွဲ့အစည်း၏စီမံခန့်ခွဲမှုအောက်တွင်ရှိတယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်စွဲပါစာအမှတ်၊ လျှပ်စစ် ၂-/ညွှန်ကြားချက် ၁၀၈၂/၂၀၁၇ တွင် ကျေးလက်မီးလင်းရေးကော်မတီပုဂ္ဂလိကအဖွဲ့အစည်းများအားလုံး လိုက်နာဆောင်ရွက်ရန် ပြင်ဆင်ချက်ထုတ်ပြန်ခြင်းမှာလည်း မီးလင်းရေးကော်မတီများ ဝန်ခံကတိပြုလိုက်နာဆောင်ရွက်မည့် ပြင်ဆင်ချက်(၁၂)ချက်ကလည်း အားလုံးဆွေးနွေးထားတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအဓိကတာဝန်ရှိတဲ့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်မှသာ ကျေးရွာတိုင်းဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လျှပ်စစ်မီးလင်းမှာဖြစ်သလို ကျေးရွာသူအချင်းချင်းလည်း ချစ်ကြည်ရင်းနှီးစွာနှင့် လျှပ်စစ်မီးကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဥပဒေတွေ၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ဆောင်ရွက်ခဲ့လို့လည်း မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၄၇၉၉ ရွာကို NEP စနစ်ကနေ ၂၆၉၅ ရွာ ဓာတ်အားရရှိနေပါပြီ။ ယခုအစိုးရလက်ထက်မှာလည်း နိုင်ငံတော်မူဝါဒနှင့်အညီ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၈၂၉၃.၃၇၂ အကုန်အကျခံပြီး ကျေးရွာပေါင်း ၈၂၉ ရွာကို NEP က ချိတ်ဆက်ဆောင်ရွက်နိုင်တဲ့ သာဓကလည်းရှိနေပါပြီ။ ဒါကြောင့်မို့ ကျေးလက်သူကျေးလက်သားများဟာ အလှူအတန်းအင်မတန်ရက်ရောကြပါတယ်။ တစ်မှူးရှိလို့ တစ်ပဲလှူနိုင်ကြတဲ့

ကျေးရွာသူကျေးရွာသားများဟာ ကိုယ့်အားကိုယ်ကိုးမူဝါဒနှင့် ရရှိလာတဲ့လျှပ်စစ်ဓာတ်အားကိုလည်း ကျေးရွာသူအချင်းချင်း မျှဝေသုံးစွဲမယ်ဆိုတဲ့စိတ်ထားမွေးမြူနိုင်ကြမယ်လို့ ယုံကြည်လျက် ပျော်ဘွယ် မဲဆန္ဒနယ် ဦးသောင်းအေးရဲ့အဆိုကို သုံးသပ်အကြံပြုဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးစောကျော်အောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစောကျော်အောင် ဖြစ်ပါ တယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး အဆိုအား အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၁)ပါ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)တွင် နိုင်ငံသားများ၏လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေ ပြဋ္ဌာန်းရမည်ဟူ၍လည်းကောင်း၊ အခန်း(၈) ပုဒ်မ ၃၈၈ တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးသည် နိုင်ငံသားတိုင်း၏တာဝန် ဖြစ်သည်ဟူ၍လည်းကောင်းပြဋ္ဌာန်းထားရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး လူနေမှုဘဝမြင့်တင်နိုင်စေရန် လျှပ်စစ်ဓာတ်အားကို မြို့ပြကျေးလက်ပါမကျန် ရရှိဖို့ အရေးကြီးလှပါတယ်။ အစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ၂၀၃၀ ခုနှစ်မတိုင်မီ တစ်နိုင်ငံလုံးလျှပ်စစ်ဓာတ်အားဖြည့်ဆည်းနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ JICA စတဲ့ အဖွဲ့အစည်းများထံမှ နှစ်ရှည်ချေးငွေများရယူပြီး ပထမအဆင့်၊ ဒုတိယအဆင့်၊ အဆင့်များခွဲကာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP Project)ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ နိုင်ငံတစ်ဝန်း ကျေးရွာပေါင်း ၆၃၇၂၉ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၃၃၆၉၆ ရွာ လျှပ်စစ်မီးလင်းခဲ့ပြီး လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာပေါင်း ၃၀၀၃၃ ရွာ ကျန်ရှိသေးကြောင်း သိရှိရပါ တယ်။ ယခုလို တစ်နိုင်ငံလုံးလျှပ်စစ်မီးမလွှမ်းခြုံနိုင်သေးခင် လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာများ အနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကိုယ်ပိုင်ငွေကြေး၊ ချေးငွေများ စုဆောင်းရယူပြီး သက်ဆိုင်ရာ လျှပ်စစ်ဌာနနှင့် ညှိနှိုင်းခွင့်ပြုချက်ရယူကာ ဓာတ်အားခွဲရုံများမှ ကျေးရွာသို့ လျှပ်စစ်သွယ်တန်းခြင်းကို ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ကုန်ကျစရိတ်၊ မီတာခများ ကျခံဆောင်ရွက် ရပါတယ်။ သွယ်တန်းပြီးစီးချိန်တွင်လည်း မြို့နယ်လျှပ်စစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ EI အဖွဲ့များမှ စစ်ဆေးစေပြီး လွှဲပြောင်းအပ်နှံရပါတယ်။ အဆိုရှင်၏တင်ပြချက်အရ ကျေးရွာနေပြည်သူတွေရဲ့ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေတဲ့ပမာဏဟာ အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်းအတွက် များစွာအထောက်အကူပြုနေကြောင်း တွေ့မြင်နိုင်ပါတယ်။ ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းသည့် လျှပ်စစ်ဥပဒေအခန်း(၁၂)တားမြစ်ချက်များပါ ပုဒ်မ ၅၂ အရ ခွင့်ပြုမိန့်ရရှိသူ ၏ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်တီးခြင်း၊ အသုံးပြုခြင်း

မပြုရဟူ၍လည်းကောင်း၊ ကျေးလက်မီးလင်းရေးကော်မတီများအတွက် လိုက်နာရမည့် ညွှန်ကြားချက် (၁၂)ချက်မှ အပိုဒ် ၁၂ အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသလို နည်းပညာအရ စိစစ်ခွင့်ပြုပေးနိုင်သည်လို့ ထုတ်ပြန်ထားပါတယ်။ အဆိုရှင်၏တင်ပြချက်အရ ယခင်က ကျေးလက်မီးလင်းရေးဆောင်ရွက်ရာမှာ သဘောထားမတူခဲ့ကြသော ကျေးရွာများဟာ လျှပ်စစ်မီးရရှိချိန်တွင် အများနည်းတူ ကိုယ့်အားကိုယ်ကိုးဓာတ်အားလိုင်းများမှ ငွေကြေးထည့်ဝင်ခြင်း မရှိဘဲ လတ်တလောလျှပ်စစ်မီးသွယ်တန်းခြင်းများ ဆောင်ရွက်လာကြောင်း သိရှိရပါတယ်။ ယခုကဲ့သို့ လျှပ်စစ်မီးသွယ်တန်းခြင်းများကြောင့် မူလကနဦးဆောင်ရွက်ခဲ့ကြတဲ့ ကျေးရွာနေပြည်သူများဟာ လျှပ်စစ်ဓာတ်အားအပြည့်အဝမရရှိခြင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်း၊ လျှပ်စစ်မီးပုံမမှန်ခြင်း များ ဖြစ်ပေါ်ခံစားနေရ၍ အကျိုးဆက်အနေဖြင့် တချို့ကျေးရွာအုပ်စုများတွင် ပြည်သူအချင်းချင်း မညီညွတ်မှု၊ ခိုက်ရန်ပဋိပက္ခဖြစ်မှုတွေဖြစ်လာကြောင်း သိရှိရပါတယ်။ အမှိုက်ကစ ပြာသာဒ်မီးလောင် ဆိုသလို ပြဿနာပဋိပက္ခဖြစ်စဉ်အငယ်တွေကနေ မှုခင်းဆိုင်ရာပြစ်မှုကြီးများ ဖြစ်လာနိုင်သည်ကို သတိပြုသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်မီးရရှိရန် ငွေအင်အား၊ လူအင်အားဖြင့် နဂိုမူလ ကိုယ်ထူကိုယ်ထ ကြိုးပမ်းခဲ့ကြတဲ့ ကျေးရွာနေပြည်သူများရဲ့ခံစားချက်ကို ကိုယ်ချင်းစာရမှာဖြစ်သလို လျှပ်စစ်မီးမရရှိ သေးတဲ့ ကျေးရွာနေပြည်သူတို့အပေါ်လည်း ကူညီစောင့်ရှောက်ပေးရန် လိုအပ်ပါတယ်။ ယခုကဲ့သို့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP Project)အတွက် များစွာအထောက်အကူပြုနေ သည့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်ရန် အတွက် ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးအပ်ပါတယ်။ အစိုးရဝန်ကြီးဌာနအနေ ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ ကျေးရွာလူထုကြား အငြင်းပွားမှု မဖြစ်ရအောင် ညီညွတ်မျှတစွာ အကျိုးခံစားခွင့်ရရှိပြီး နှစ်ဖက်စလုံးကို အကာအကွယ်ပေးနိုင်တဲ့ မူဝါဒ လမ်းညွှန်ချက်များ ချမှတ်ပေးရန် လိုအပ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် နည်းပညာအရ သေချာစိစစ် ကြပ်မတ်ပြီး ဓာတ်အားလေလွင့်ဆုံးရှုံးမှုမရှိစေရေး အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်ပါ တယ်။ လျှပ်စစ်မီးသုံးစွဲခွင့်မရရှိသေးသည့် ကျေးလက်နေပြည်သူများ လျှပ်စစ်မီးရရှိရန် နှစ်စဉ် ဘတ်ဂျက်များတွင် ဦးစားပေးထည့်သွင်းပေးရန် လိုအပ်ပါတယ်။ ကျေးလက်မီးလင်းရေးကော်မတီ၏ လုပ်ပိုင်ခွင့်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် လျှပ်စစ်ဌာန၏စီမံပေးနိုင်မှု၊ ကျေးရွာနေပြည်သူများ၏ လိုက်နာဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကို စနစ်တကျထုတ်ပြန်ညွှန်ကြားပေးနိုင်ရန် လိုအပ်ပါတယ်။ ကျေးရွာနေပြည်သူများ အချင်းချင်း ပဋိပက္ခမဖြစ်ပေါ်စေရန် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်၊ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူ အဆင့်ဆင့်မှ စနစ်တကျရှင်းလင်းချပြရန် လိုအပ်ပါမယ်။ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုသည် နိုင်ငံသား အားလုံးနှင့်သက်ဆိုင်သည့် ခံစားခွင့်ဖြစ်သော်လည်း နဂိုမူလကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခဲ့သည့် ကျေးရွာနေပြည်သူများအတွက် ထိုက်သင့်သည့် စိတ်ကျေနပ်မှုရှိစေရေးသက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် အဂတိကင်းစွာ ညီညွတ်မျှတသည့်စီမံခန့်ခွဲမှု လိုအပ်ပါမယ်။ အိမ်နီးချင်း အာဆီယံနိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေမှာ ကျေးလက်

မီးလင်းရေးပြဿနာများအား မည်သို့အောင်မြင်အောင် ကိုင်တွယ်ဆောင်ရွက်ချက်များကို လေ့လာဆောင်ရွက်သွားသင့်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြစ်၍ စီမံခန့်ခွဲရာမှာ ကျယ်ပြန့်ပြီး အခက်အခဲများ ကြုံတွေ့နိုင်မည်ဖြစ်ရာ ရေတို၊ ရေရှည်ပြေလည်ကုစားနိုင်မည့် ညွှန်ကြားချက်များကို ပြည်ထောင်စု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်မှ ထုတ်ပြန်ပေးနိုင်ရန် လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးဖြစ်ပေါ်နိုင်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူတွေ ပူးပေါင်းပါဝင်ညှိနှိုင်းပြီး ကျေးလက်မီးလင်းရေးမူဝါဒများကို လိုအပ်ပါက ပြန်လည်စိစစ်ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ လှိုင်သာယာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမင်း ဖြစ်ပါတယ်။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးတင်သွင်းသောအဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း မြို့နယ်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိပြီး မီးလင်းရေး၊ ပြည်သူများအားလုံး လျှပ်စစ်မီးပြည့်ဝစွာအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးရမည့်တာဝန်သာဖြစ်ပါတယ်။ ထိုသို့ နိုင်ငံတစ်ဝန်းမီးလင်းရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တပ်ဆင်တည်ဆောက်ပေးရုံနှင့် လုပ်ငန်းပြည့်စုံလုံလောက်မှု မရှိသေးပါ။ နိုင်ငံတစ်ဝန်းရရှိနိုင်သော အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို နှစ်စဉ်နှစ်စဉ် တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်ရန် ဓာတ်အားထုတ်လုပ်ရေးအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါတယ်။ ထို့အပြင် အသစ်တည်ဆောက်ပြီးစီးလာမည့် ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ကို လျှပ်စစ်ဓာတ်အားအသုံးပြုမည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ အရောက်သယ်ပို့ရန် ဗို့အားမြင့်ဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံကြီးများ တိုးချဲ့တည်ဆောက်ရန်လည်း လိုအပ်ပါတယ်။ အဓိကကျသော ဓာတ်အားထုတ်လုပ်ရေး၊ ဓာတ်အားပို့လွှတ်ရေး၊ ဓာတ်အားဖြန့်ဖြူးရေး ကဏ္ဍသုံးရပ်ဆောင်ရွက်ရန်အတွက် ဘတ်ဂျက်ငွေများစွာ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း လိုအပ်သောဘတ်ဂျက်ငွေများစွာကို နှစ်စဉ်နှစ်စဉ် အားထည့်ပြီး ရင်းနှီးမြှုပ်နှံပေးလျက်ရှိနေပါတယ်။ နိုင်ငံတော်အစိုးရက ဓာတ်အားပေးစနစ်ကွန်ရက်နှင့် အလှမ်းနီးသော ကျေးရွာများသို့ ဓာတ်အားလိုင်းများချိတ်ဆက်တည်ဆောက်ပေးခြင်းဖြင့် ကျေးရွာပြည်သူများ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ လက်ရှိအခြေအနေအရ ဓာတ်အားခနှုန်းထားနည်းပါးခြင်းကြောင့် ဓာတ်အားထုတ်လုပ်မှုတွင် နှစ်စဉ်နိုင်ငံတော်က အရှုံးများစွာ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ၄၂၂

ဘီလီယံကျပ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၄၄၉ ဘီလီယံကျပ်၊ ၂၀၁၈ ခုနှစ် ၆ လဘတ်ဂျက်တွင် ၂၂၂ ဘီလီယံကျပ် အရှုံးပေါ်နေသဖြင့် ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံတော်အစိုးရက နှစ်စဉ် ဘီလီယံပေါင်းများစွာ အရှုံးခံနေရသောကြောင့် လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများထံသို့ လျှပ်စစ်ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ရန်အတွက် အသုံးပြုသင့်သော ဘတ်ဂျက်အခွင့်အလမ်းများ ကြီးမားစွာဆုံးရှုံးနစ်နာမှု ဖြစ်စေပါတယ်။ ထို့ကြောင့် ကျေးရွာများ၏ လျှပ်စစ်ဖြန့်ဖြူးရေးလိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ခဲ့သောအခြေအနေမှာ ၂၀၀၉ ခုနှစ် မတိုင်မီနှစ်များက နှစ်စဉ် တစ်နှစ်လျှင် ပျမ်းမျှကျေးရွာ ၁၀ ရွာကျော်ကိုသာ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်၊ ၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်ပျမ်းမျှ ကျေးရွာပေါင်း ၅၀ ကျော်ခန့်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရဘတ်ဂျက်တို့ကို ပိုမိုသုံးစွဲကာ ကျေးရွာများလျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို အရှိန်မြင့်၍ မူဝါဒများချမှတ်ဆောင်ရွက်ခဲ့သောကြောင့် ယခင်ခေတ်ကာလများနှင့်မတူ နှစ်စဉ်ကျေးရွာပေါင်း ၅၀၀ ကျော်ကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ပေးခဲ့သော်လည်း လျှပ်စစ်ဓာတ်အားကို ဆောလျင်စွာအသုံးပြုလိုကြသော ကျေးရွာများက ၎င်းတို့၏ စုပေါင်းထည့်ဝင်ငွေအစီအစဉ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ခွင့်ပြုမိန့်တောင်းခံပြီး ကျေးရွာပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြပါတယ်။ အချို့သောနယ်မြေများတွင် မီးလင်းပြီးကျေးရွာများက ၎င်းတို့အနီး လျှပ်စစ်မီးလင်းရေးကြိုးပမ်းအားထုတ်နေကြသော ကျေးရွာများထံမှ ၎င်းတို့ထည့်ဝင်ကုန်ကျခဲ့သော ငွေကြေးများအတွက် ပူးပေါင်းထည့်ဝင်မှသာ 11 KV၊ 33 KV လိုင်းများမှ လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ခွင့်ပြုမည်ဟုဆိုသောကြောင့် ကျေးရွာအချင်းချင်း စိတ်ဝမ်းကွဲမှု ညီညွတ်ရေးကို ပျက်ပြားစေပြီး ပဋိပက္ခများဖြစ်ပေါ်နေကြောင်းကိုလည်း ကြားသိရပါတယ်။

ထို့အပြင် နိုင်ငံတစ်ဝန်းကျေးရွာများအားလုံး လျှပ်စစ်မီးရရှိရေးရည်မှန်းချက်၊ ရည်ရွယ်ချက်ကို ကြီးမားစွာအဟန့်အတားဖြစ်စေပါတယ်။ မီးလင်းပြီးကျေးရွာများက မီးလင်းရန် ကြိုးစားနေသော ကျေးရွာများအပေါ် ငွေကြေးခွဲဝေထည့်ဝင်ရန် တောင်းခံမှုကင်းဝေးစေရန်အတွက်လည်းကောင်း၊ မီးလင်းပြီးကျေးရွာများ ရေရှည်ဝန်ထုတ်ဝန်ပိုးမဖြစ်စေရန်အတွက်လည်းကောင်းတည်ဆောက်ပြီး 11 KV၊ 33 KV ဗို့အားမြင့်လိုင်းများကို ဝန်ကြီးဌာနသို့ လွှဲပြောင်းရန်မီးလင်းရေးကော်မတီများအား ဝန်ခံကတိပြု၍ လိုက်နာဆောင်ရွက်ရန်အချက် ၁၂ ချက်၊ အပိုဒ် ၁၂ မှာ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ ဝန်ခံကတိ ၁၂ ချက်၊ အပိုဒ် ၁၂ အရ 11 KV ၊ 33 KV ဓာတ်အားလိုင်းများကို ဝန်ကြီးဌာနသို့လွှဲပြောင်းအပ်နှံပြီးဖြစ်သဖြင့် ဌာနကစီမံခန့်ခွဲခွင့်ရှိနေပါတယ်။ ဌာနက စစ်ဆေးထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အဆိုပါဓာတ်အားလိုင်း၏ဝန်အားနိုင်နင်းမှုရှိ/မရှိအခြေအနေနှင့် အနီးအနားကျေးရွားများကို ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုသည် နည်းပညာဆိုင်ရာအရ ဖြစ်နိုင်ခြေရှိပါက ပြည်သူများ အကျိုးလိုက စိစစ်ပြီး မှန်ကန်သောမူဝါဒဖြင့် ပြောင်းလဲဆောင်ရွက်ပေးနေပါတယ်။

**မူကြမ်း**

နိုင်ငံတော်အစိုးရသည် ပြည်သူများ လျှပ်စစ်မီးမြန်မြန်ဆန်ဆန်အသုံးပြုခွင့်ရစေရန် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာချေးငွေများမှရယူကာ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ သို့သော် မူလက ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်နေသော မီးလင်းပြီးကျေးရွာများက ခွင့်ပြုချက်ရမှသာ အနီးအနားရှိ မီးမလင်းသေးသည့်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားချိတ်ဆက်ခွင့်ပြုမည်ဆိုပါက မညီညွတ်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ဆန္ဒပြမှု၊ မှုခင်းဆိုင်ရာတိုင်တန်းမှု အမှုအခင်းများဖြစ်ပွားလာစေပါတယ်။ ကျေးရွာ များ လျှပ်စစ်မီးလင်းရေးပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ညီညွတ်မျှတပြီး မှန်ကန်သောမူဝါဒ၊ စည်းမျဉ်းစည်းကမ်းဥပဒေများကို မီးလင်းရေးကော်မတီများက လိုက်နာရန်ညွှန်ကြားချက်များ ပြောင်းလဲဆောင်ရွက်ပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(NEP)ဖြင့် နိုင်ငံတော်အစိုးရက တစ်နိုင်ငံလုံးကျေးရွာများမီးလင်းရေးစီမံချက်ဆောင်ရွက်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့သော မီးလင်းရေးကော်မတီများသည် အဂတိတရားကြောင့် ဥပဒေနှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ပြည်သူများအခက်အခဲဖြစ်စေပြီး ပြည်သူအချင်းချင်းပဋိပက္ခဖြစ်ပွားစေပါတယ်။ ပြဋ္ဌာန်းထားသောဥပဒေများ၊ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြုချက်များကို လေးစားလိုက်နာဆောင်ရွက်မှသာ မီးမလင်းသည့်ကျေးရွာများမီးလင်းမည်ဖြစ်ပြီး NEP စီမံချက်ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမီးလင်းစေရန်အတွက် ပျော်ဘွယ်မြို့နယ်မှ ဦးသောင်းအေး တင်သွင်းသောအဆိုအား အတည်မပြုသင့်ကြောင်း လေးစားစွာဖြင့် အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်တံတားမဲဆန္ဒနယ်က ဦးနေမျိုးထက် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေမျိုးထက်(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသောဧည့်သည်တော်များကိုအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျောက်တံတားမဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက် ဖြစ်ပါတယ်။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်ရဲ့အဆိုကို ကျွန်တော် အချက်အလက်များနဲ့ ဆွေးနွေးခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါဟာ ကျွန်တော်တို့ရဲ့ငါးနှစ်တာလျှပ်စစ်ထုတ်လုပ်မှုအခြေအနေ ဖြစ်ပါတယ်။ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ပါ။ ကျွန်တော်တို့နှစ်တိုင်းကိုကြည့်လိုက်ပါ။ ၂၀၁၄ ခုနှစ်မှာဆိုရင် Unit MW Power ၁၃ သန်းကျော်ကနေ တောက်လျှောက်တိုးပြီးထုတ်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလအထိကို ၁၈ သန်းကျော်ရှိနေပါပြီ။ ဒီဇင်ဘာလကျော်ရင် သန်း ၂၀ ကျော် MW Power ကျွန်တော်တို့ လျှပ်စစ်ဝန်ကြီးဌာနက ထုတ်လုပ်နေတာကို တွေ့ရပါတယ်။ ၁၂ မှ ၁၃ ရာခိုင်နှုန်း၊ တစ်ခါတလေကျရင် ၁၅ ရာခိုင်နှုန်းထိကို မြင့်တက်အောင်ထုတ်လုပ်နေပြီး ဝန်ကြီးဌာနလုပ်ဆောင်နေသည်ကို အချက်အလက်များနဲ့တွေ့ရှိရပါတယ်။ ဒါကတော့ ၂၀၁၄ ခုနှစ်က

Generation Mix ဖြစ်ပါတယ်။ Hydro Power ကို ၆၄ ရာခိုင်နှုန်း အသုံးပြုပြီးတော့ ၃၆ ရာခိုင်နှုန်း အသုံးပြုခဲ့သောကြောင့် လွန်ခဲ့တဲ့နှစ်တွေမှာ နွေရာသီမှာ မှတ်မိကြမှာပါ။ မီးတွေပျက်ခဲ့ပါတယ်။ ခြောက်နာရီတစ်ခါ အလှည့်ကျအနေနဲ့ ကျွန်တော်တို့နွေရာသီကာလမှာ မီးတွေမရဘဲနဲ့ ပျက်တောက်ခဲ့ရတာကို တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် လက်ရှိပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ Generation Mix ကို Hydro ၅၇ ရာခိုင်နှုန်းလျှော့ချပြီး သာမန်ကို ၄၃ ရာခိုင်နှုန်းထိမြှင့်တင်ပြီးတော့ နွေရာသီမှာ လွန်ခဲ့တဲ့ ခြောက်နာရီလောက် မီးမပျက်အောင်ထက်ကို သက်သာအောင် လုပ်ဆောင်နိုင်ခဲ့တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ Generation Mix ကို လျှပ်စစ်ဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်မှာ ပြောင်းလဲလိုက်တာ ဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၇-၂၀၁၈ မှာ တိုးတက်ထုတ်လုပ်တဲ့နှုန်းတွေက လအလိုက်ဖြစ်ပါတယ်။ Average ဆိုရင်တော့ ၁၃ ရာခိုင်နှုန်းပိုပြီးတော့ တိုးထုတ်လိုက်နေတယ်။ ဒီထုတ်လုပ်ရေးကို NEP ရဲ့ ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုတာကလည်း ထုတ်လုပ်ရေးက အဓိကကျတယ်ဆိုတာ ကျွန်တော်တို့ သိရမှာပါ။ ဒါကတော့ ၄၀၀ ဗို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကမ္ဘာ့ဘဏ်(World Bank)နဲ့ အစီအစဉ်ချ ဆောင်ရွက်နေတဲ့စာရင်းဇယားဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေမှာ NEP Grip Extension Plan တွေကို ဘယ်လိုဆောင်ရွက်မလဲဆိုတာ ကျွန်တော်တို့ ဝန်ကြီးဌာနက ရှင်းရှင်းလင်းလင်းဆောင်ရွက်နေတဲ့ မူဝါဒတွေဖြစ်ပါတယ်။ ဒါက ကချင်ကနေစပြီးတော့ မန္တလေးအထိ။ ကျွန်တော်တို့ အချိန်အားနည်းတဲ့အနေနဲ့ တစ်ခုချင်း မထောက်ပြတော့ပါဘူး။ ကျွန်တော် တို့ မန္တလေးတိုင်းဒေသကြီးမှာဆိုရင် ကျေးရွာပေါင်း ၃၉၇ ရွာကို ကျွန်တော်တို့လုပ်မယ်။ မီးရအောင်လုပ်မယ်။ အိမ်ထောင်စုပေါင်း ၇၉၄၄၅ ထိလုပ်မယ်ဆိုတဲ့ Plan ရှိပြီးတော့ ဆောင်ရွက်နေပြီကို တွေ့ရှိရပါတယ်။ ဒါက ပြည်သူတွေဟာ လျှပ်စစ်မီးရရှိအောင်ဆိုတဲ့ဥစ္စာကို မီးရရှိဖို့အတွက်ကို ပြည်သူတွေက လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်းစာရွက်တွေထုတ်လုပ်ရပါတယ်။ လျှပ်စစ်ထုတ်လုပ်ရေးကို ကျွန်တော်တို့ အဓိကလုပ်ရပါတယ်။ လျှပ်စစ်ထုတ်လုပ်ရေးကို အဓိက ပြည့်မီအောင်မလုပ်ဘဲနဲ့ ကျေးရွာမီးလင်းရေးတွေ၊ ထရန်စဖော်မာတွေ၊ ကြိုးတွေဘယ်လောက်ဆွဲထားဆွဲထား ထုတ်လုပ်ရေးဟာ ကျွန်တော်တို့ပြည့်ဝအောင်မလုပ်နိုင်ဘူးဆိုရင် ကြိုးတွေဆွဲထားတာပဲအဖတ်တင်မှာပါ။ မီးရရှိမှာမဟုတ်ပါဘူး။ နောက်ပြီးတော့ အဲဒီလိုပဲ ဒီထုတ်လုပ်ရေးကတစ်ဆင့် သယ်ယူရေးကိုလည်း စနစ်တကျ အစိုးရက လုပ်ဆောင်ရပါတယ်။ ဒီသယ်ယူရေးတွေမှာ မှားယွင်းရင်လည်း လျှပ်စစ် ဓာတ်အားတွေဟာ ပြတ်တောက်ပြီး System Down တွေဖြစ်ပြီးတော့ ကျေးရွာမီးလင်းရေးတွေ မရ နိုင်ပါဘူး။ ကျွန်တော် ဒီအချက်လေးကို ပြတယ်ဆိုတာ NEP ရည်ရွယ်ချက်အောင်မြင်ဖို့ဆိုတာ ကျေးရွာ မီးလင်းရေးတွေကောင်းမွန်ဖို့ဆိုတာ အဆင့်သုံးဆင့်ကို ကျွန်တော်တို့ ညီညီမျှမျှနဲ့ညီညီညွတ်ညွတ်နဲ့ ကောင်းကောင်းမွန်မွန် ထုတ်လုပ်ရေးလည်းကောင်းရမယ်။ သယ်ယူရေးလည်းကောင်းရမယ်။ ဖြန့်ဖြူးရေးလည်းကောင်းရမယ်ဆိုမှ ကျေးရွာမီးလင်းရေးမှာပါရရှိမှာပါ။ ဒါမှမဟုတ်ရင် ကြိုးတွေဆွဲပြီး မီးလာမှာမဟုတ်ပါဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော် ဒီအချက်တွေကို ထုတ်လုပ်ရေးရယ်၊ သယ်ယူရေးရယ်၊ ဖြန့်ဖြူးရေးရယ်က ဘယ်လောက်အရေးကြီးတယ်။ အစိုးရအနေနဲ့ထုတ်လုပ်ရေးမှာလည်း ဘယ်လို တိုးတက်အောင်ဆောင်ရွက်နေတယ်။ ဘယ်လိုဆောင်ရွက်နေတာလဲဆိုတာကို ကျွန်တော် ပြရှိခြင်းဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်မကြာမီကာလမှာ

ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်မှ နှစ်စဉ်ပျမ်းမျှ ကျေးရွာပေါင်း ၁၀ ရွာကိုသာလည်းကောင်း ကျွန်တော်တို့ ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၀၉ ခုနှစ်၊ ၂၀၁၃ ခုနှစ်မှာလည်း ကျေးရွာပေါင်း ၅၀ ခန့်ကိုပဲ ကျွန်တော်တို့ ဒီဘတ်ဂျက်နဲ့လုပ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အစိုးရတက်လာတဲ့ နောက်ပိုင်းမှာ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်ပျမ်းမျှ ကျေးရွာပေါင်း ၅၅၀ အထိကို တိုးချဲ့တည်ဆောက်ပေးနိုင်တယ်ဆိုတဲ့အတွက် ဒီ NEP မူဝါဒကို ဆက်လက်ချီတက်ပြီးတော့ အောင်မြင်အောင်ဆောင်ရွက်နေပြီဆိုတာကို ကျွန်တော်တို့ ဒီဇယားတွေကိုကြည့်ခြင်းဖြင့် သိရှိနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ NEP အောင်မြင်ဖို့ဆိုတာ လျှပ်စစ်ထုတ်လုပ်ရေး။ လျှပ်စစ်ထုတ်လုပ်ရေးဆိုတာကလည်း အချိန်တစ်ခုပေးရပါတယ်။ ချက်ချင်းလုပ်လို့မရပါဘူး။ အဲဒီအတွက် ကျွန်တော်တို့က လျှပ်စစ်ဆိုတာ။ အစိုးရက အခုမှ နှစ်နှစ်ပဲရှိပါသေးတယ်။ သုံးနှစ်အတွင်းဝင်လာပါပြီ။ ဒီသုံးနှစ်အတွင်းမှာ ကျွန်တော်တို့ မဂ္ဂါဝပ်တွေကိုလည်း၊ ထုတ်လုပ်ရေးတွေကိုလည်း အများကြီးလုပ်ဆောင်ခဲ့တယ်။ Transmission တွေလည်းအများကြီးလုပ်ဆောင်ခဲ့တယ်။ Distribution တွေလည်း လုပ်ဆောင်တဲ့အတွက် ကျွန်တော်တို့အစိုးရရဲ့ NEP မူဝါဒက မှန်ကန်နေပါတယ်။ မှန်ကန်တဲ့လမ်းကြောင်းပေါ်ကိုလည်း ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များကလည်း တိုက်တွန်းပြီးတော့ လုပ်ဆောင်နေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ NEP ရည်ရွယ်ချက်၊ NEP ရဲ့မူဝါဒက မှားယွင်းတယ်ဆိုတာမဟုတ်ပါဘူး။ ပျော်ဘွယ်မဲဆန္ဒနယ် ဦးသောင်းအေးရဲ့အဆိုက ကျေးရွာမီးလင်းရေးအဖွဲ့တွေရဲ့ လုပ်ထုံးလုပ်နည်းမှားမှု၊ အဂတိလိုက်စားမှု ချို့ယွင်းချက်တွေကြောင့်သာ မူဝါဒတွေ မှားယွင်းတယ်လို့ ထင်ရတာပါ။ အဲဒါကြောင့် ကျွန်တော်တို့ မူဝါဒတွေကို မပြင်ဆင်သင့်ပါဘူး။ အစိုးရအနေဖြင့် တစ်နိုင်ငံလုံးပြည်သူများ လျှပ်စစ်ကို မြန်မြန်ဆန်ဆန်အသုံးပြုခွင့်ရစေရန် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ဘဏ်အဖွဲ့အစည်းတွေနဲ့ဆောင်ရွက်နေတဲ့အတွက် ဒီအဆိုကို မှတ်တမ်းအဖြစ်သာထားသင့်ပါကြောင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး တင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့အဆိုမှာ ပါဝင်တဲ့အချက်က အဓိကအချက်နှစ်ချက်ရှိတာဖြစ်ပါတယ်။ ပထမတစ်ချက်ကတော့ ဥပဒေ၊

ညွှန်ကြားချက်နဲ့ ကွဲလွဲနေတဲ့အချက်ကို ပြန်လည်သုံးသပ်ရန်ဆိုတဲ့အချက်၊ နောက်တစ်ချက်ကတော့ ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီးတဲ့ကျေးရွာတွေရဲ့ ငွေကြေးစိုက်ထုတ်မှုကို အခြားကျေးရွာများက နေပြီးတော့ ပူးပေါင်းထည့်ဝင်မှုမရှိတဲ့ အခြေအနေတွေကြောင့် ဖြစ်ပေါ်လာတဲ့ကိစ္စရပ်များနဲ့ ပတ်သက်ပြီး ဆွေးနွေးသွားတာဖြစ်ပါတယ်။ အဲဒီအချက်နှစ်ချက်အနက်မှာ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်ကို ဦးစွာ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ လျှပ်စစ်ဥပဒေရဲ့ ပုဒ်မ ၅၂ မှာ ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ လျှပ်စစ်ဓာတ်အားကို သွယ်တန်းရယူခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း မပြုရလို့ ပြဋ္ဌာန်းထားတာမှန်ပါတယ်။ အဆိုပါ ပုဒ်မ ၅၂ မှာ အသုံးပြုထားတဲ့ ခွင့်ပြုမိန့်ရရှိသူဆိုတဲ့ အသုံးအနှုန်းလေးနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်ရဲ့အဆိုမှာ ထည့်သွင်းဆွေးနွေးထားတဲ့အတွက်ကြောင့် အဆိုပါ ခွင့်ပြုမိန့်ရရှိသူဆိုတဲ့ အသုံးအနှုန်းနဲ့ပတ်သက်ရင် ကျွန်တော် အချက်နှစ်ချက်ကို ထပ်မံရှင်းပြ ခွင့်ပြုပါ။ ပထမတစ်ချက်ကတော့ ခွင့်ပြုမိန့်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပြီး ဒုတိယအချက်က ခွင့်ပြုမိန့်ရရှိသူဆိုတဲ့အချက် ဖြစ်ပါတယ်ခင်ဗျား။ လျှပ်စစ်ဥပဒေအရ ခွင့်ပြုမိန့်အမျိုးအစားဆိုတာကို နည်းဥပဒေပုဒ်မ ၁၃ မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ပြဋ္ဌာန်းထားတဲ့ ခွင့်ပြုမိန့်အမျိုးအစားများက တော့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းခွင့်ပြုမိန့်၊ မဟာဓာတ်အားလိုင်းစနစ်ပို့လွှတ်ခြင်းခွင့်ပြုမိန့်၊ အထူးရည်ရွယ်ချက်ဖြင့်ခွင့်ပြုသော လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်းခွင့်ပြုမိန့်၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းခွင့်ပြုမိန့်၊ လျှပ်စစ်ဓာတ်အား လက်ကားရောင်းချခြင်းခွင့်ပြုမိန့်၊ လျှပ်စစ်ဓာတ်အား လက်လီရောင်းချခြင်းခွင့်ပြုမိန့်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းနှင့် လက်လီရောင်းချခြင်း ထပ်ဆင့် ခွင့်ပြုမိန့်၊ ပြည်ပသို့ လျှပ်စစ်ဓာတ်အားတင်ပို့ခြင်း၊ ပြည်ပမှ လျှပ်စစ်ဓာတ်အားတင်သွင်းခြင်း ခွင့်ပြုမိန့်တို့ ဖြစ်ကြပါတယ်။ အဆိုပါခွင့်ပြုမိန့်များထဲမှ ကျေးရွာမီးလင်းရေးခွင့်ပြုမိန့်ဆိုတဲ့ အမျိုးအစားသတ်မှတ်ချက် မပါရှိဘူးဆိုတာလေးကို တင်ပြလိုတာဖြစ်ပါတယ်။ ဆက်လက်ပြီး ခွင့်ပြုမိန့် ရရှိသူဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လျှပ်စစ်နည်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ ဖော်ပြ ပြဋ္ဌာန်းထားပါ တယ်။ ခွင့်ပြုမိန့်ရရှိသူဆိုသည်မှာ ဤနည်းဥပဒေပုဒ်မ ၁၃ ပါခွင့်ပြုမိန့် အမျိုးအစားတစ်ခုခုနှင့် သက်ဆိုင်သည့် လျှပ်စစ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုမိန့်ထုတ်ပေးခံရသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်လို့ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက်ကြောင့် စောစောကတင်ပြသွား တဲ့ ခွင့်ပြုမိန့်များကို လုပ်ကိုင်ခွင့်ရတဲ့ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါကြောင့် ခွင့်ပြုမိန့်ရရှိသူဆိုသည်မှာ ကျေးရွာမီးလင်းရေးကော်မတီလို့ အဓိပ္ပာယ်မပေါက်ကြောင်း တင်ပြလိုတာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီတွေက ဌာနကို ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုဖို့ လျှောက်ထားလာတဲ့ကိစ္စရပ်တွေမှာ ၎င်းတို့ရဲ့ကျေးရွာကို လျှပ်စစ်ချိတ်ဆက်နိုင်ဖို့ အလို့ငှာ လိုအပ်တဲ့ ၃၃ ကေဗွီ သို့မဟုတ် ၁၁ ကေဗွီဓာတ်အားလိုင်း၊ ၁၁.၄ ကေဗွီ ထရန်စဖော်မာတွေ၊ ၄၀၀ ဗို့ဓာတ်အားလိုင်းတွေ စတာတွေကို ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခွင့် သူတို့ကတင်ပြလာတာ ဖြစ်ပါတယ်။ ဒီအတွက် ဌာနကနေပြီးတော့ မီးလင်းရေးကော်မတီတွေကို ထုတ်ပေးတဲ့ရုံးစာမှာ ဖော်ပြ ထားတဲ့ နမူနာစာသားကို တင်ပြထားတာဖြစ်ပါတယ်။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကံရိုးကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီလိုင်း ၉၀၀ ပေ၊

၁၁.၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ခာတ်အားလိုင်း ၁၅၀၀ ပေ တည်ဆောက်ခြင်းလုပ်ငန်းအား ကျေးရွာမီးလင်းရေးကော်မတီ၏တည်ဆောက်စရိတ်ဖြင့် တည်ဆောက်ခွင့်ပြုခြင်းဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းပါတယ်။ ကွဲပြားအောင်တင်ပြလိုတာကတော့ လျှပ်စစ်ဥပဒေ၊ နည်းဥပဒေတို့နဲ့ပြဋ္ဌာန်းထားတဲ့ ခွင့်ပြုမိန့်အမျိုးအစားဆိုတာဟာ လျှပ်စစ်ကဏ္ဍမှာ ငွေပင်ငွေရင်းကြီးမားစွာ ရင်းနှီးပြီး စီးပွားရေးလုပ်ငန်းသဏ္ဍာန်ဆောင်ရွက်မှုပြုတဲ့ကိစ္စရပ်များအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီးတော့ မီးလင်းရေးကော်မတီများကို အကြောင်းကြားတဲ့စာမှာတော့ ကျေးရွာလျှပ်စစ်လိုအပ်ချက်အတွက် တည်ဆောက်ခွင့်သာဖြစ်တဲ့အတွက်ကြောင့် ဥပဒေအရကျေးရွာမီးလင်းရေးကော်မတီ၏ ဆိုတာဟာ ခွင့်ပြုမိန့်ရရှိသူဆိုတဲ့ လျှပ်စစ်ဥပဒေပါအသုံးအနှုန်းနဲ့ အကျုံးမဝင်ပါကြောင်း ရှင်းလင်းတင်ပြလိုတာ ဖြစ်ပါတယ်။ အဲဒီလိုအကျုံးမဝင်တဲ့အတွက်ကြောင့် ကျေးရွာမီးလင်းရေးကော်မတီဟာ အခြားရွာများက လျှပ်စစ်ချိတ်ဆက်ခွင့်ကို ၎င်းတို့၏ခွင့်ပြုချက်ရမှ ပေးချိတ်ရမည်ဟု လျှပ်စစ်ဥပဒေပုဒ်မ ၅၂ ကို ကိုးကားပြီးဆောင်ရွက်ဖို့ဆိုတာမှာ ဥပဒေအရ ဆီလျော်မှုနက်ကန်မှုမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဒီအတွက်ကြောင့် မူလလျှပ်စစ်ဥပဒေနှင့် နောက်မှထုတ်ပြန်တဲ့ညွှန်ကြားချက်တွေဟာ ဆန့်ကျင်ကွဲလွဲမှုရှိနေခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြလိုတာဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီများက ၎င်းတို့ရဲ့ရွာအနီးအနားမှာရှိတဲ့ အခြားရွာများက လျှပ်စစ်ခာတ်အားချိတ်ဆက်ဖို့ လိုအပ်လာတဲ့အခါမှာ ခာတ်အားလိုင်း အချိတ်မခံကြတာ။ အဆမတန် ငွေကြေးတောင်းခံမှုပြုတာ။ ငွေကြေးမရလို့ရှိရင် ကန့်ကွက်မှုများ ပြုလုပ်လာတဲ့အတွက်ကြောင့် ကျေးရွာချင်း စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်နေမှုတွေ၊ လျှပ်စစ်မရသေးတဲ့ကျေးရွာတွေအတွက် အခက်အခဲတွေ၊ အဟန့်အတားတွေဖြစ်ပေါ်နေမှုတွေကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၃-၈-၂၀၁၇ ရက်နေ့မှာ တင်ပြခဲ့ပါတယ်။ အဆိုပါတင်ပြချက်အရ နိုင်ငံအကြီးအကဲက မြန်မာလူမျိုးတို့ဟာ ပင်ကိုယ်သဘောလက္ခဏာအရ သူတစ်ပါးကိုကူညီတတ်တယ်။ အလှူအတန်းတွေပြုခြင်းတို့ကို ပြုလုပ်တတ်ကြတဲ့အတွက်ကြောင့် မီးလင်းပြီး ကျေးရွာတွေဟာ လျှပ်စစ်မီးမရရှိသေးတဲ့သူတွေကို ကိုယ်ချင်းစာနာစိတ်နဲ့ကူညီမှုသာပြုလုပ်သင့်ကြောင်း ငွေကြေးတောင်းခံမှုများ မဆောင်ရွက်သင့်ကြောင်း၊ မီးလင်းရေးကော်မတီများ လိုက်နာဆောင်ရွက်ရမယ့် ဝန်ခံကတိများမှာ ရှင်းလင်းတိကျစွာရေးသားရန် လမ်းညွှန်မှုဝါဒပေးခဲ့ပါတယ်။ အဆိုပါလမ်းညွှန်ချက်အရ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြု၍ လိုက်နာရမယ့်အချက်(၁၂)ချက်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများရဲ့အဖွဲ့တွေနဲ့ ပြည်ထောင်စုဝန်ကြီးဌာနတို့ သဘောထားမှတ်ချက်တွေ တောင်းခံဆွေးနွေးပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် နိုင်ငံတော်သမ္မတရုံးတို့ကို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ တင်ပြခဲ့ပြီး ၃၀-၁၀-၂၀၁၇ ရက်စွဲပါစာအမှတ်၊ ၂၄(၁၅)/၁၇၁၀/ရ/သမ္မတရုံးရဲ့ ခွင့်ပြုချက်နဲ့ ပြန်လည်သုံးသပ်ပြီး ချမှတ်ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။ မီးလင်းရေးကော်မတီများ ဝန်ခံကတိပြု၍ လိုက်နာရမယ့်အချက်(၁၂)ချက်အနက် အပိုဒ် ၁၁ မှာ အခြားသောဝန်ကြီးဌာနက တည်ဆောက်ထိန်းသိမ်းထားတဲ့ ခာတ်အားလိုင်းမှ ဆက်သွယ်ရယူလိုပါက သက်ဆိုင်ရာဌာန၏ သဘောတူညီချက်ရယူရမည်ဟုသာ ဖော်ပြထားခြင်း ဖြစ်ပါတယ်။ အဆိုရှင်ဆွေးနွေးထားသကဲ့သို့ အပိုဒ် ၁၁ မှာ

အခြားသောဝန်ကြီးဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကပိုင်လိုင်းများဆိုတဲ့ အသုံးအနှုန်းတွေ ဖော်ပြထားခြင်း မရှိကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးမှာ လျှပ်စစ်ဓာတ်အားရရှိဖို့ကျန်ရှိနေတဲ့ ကျေးရွာပေါင်း ၅၀၀၀၀ ကျော်ရှိပါတယ်။ ဒီအနက်မှာ မဟာဓာတ်အားလိုင်းကနေပြီးတော့ လျှပ်စစ်ဓာတ်အားပေးဖို့ တော့်တော်ကိုခက်ခဲတဲ့ ကျေးရွာတွေကို ရွေးချယ်ပြီး အဆိုပါကျေးရွာများက လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် တစ်အိမ်သုံးဆိုလာစနစ် သို့မဟုတ် တစ်ရွာသုံးဆိုလာစနစ်၊ အသေးစားရေအားစနစ်တို့နှင့် ဆောင်ရွက်ရန်လည်း အစိုးရက မူဝါဒချမှတ်ပြီး နှစ်စဉ်တစ်စိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် တည်ဆောက်ဖို့ဖြစ်နိုင်ခြေရှိတဲ့ ကျေးရွာတွေ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့အတွက် လိုအပ်တဲ့ဘတ်ဂျက်ရန်ပုံငွေတွေကိုလည်း ပြည်ထောင်စုဝန်ကြီးဌာနရဲ့ရန်ပုံငွေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရရဲ့ရန်ပုံငွေတွေ နှစ်စဉ်စိုက်ထုတ်ဆောင်ရွက်သကဲ့သို့ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ချေးငွေ၊ ဂျာမနီနိုင်ငံ KFW ဘဏ်ရဲ့ချေးငွေ၊ ဂျပန်နိုင်ငံ JICA ရဲ့ချေးငွေတို့နှင့် ရယူဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါကဲ့သို့ ဆောင်ရွက်တဲ့အခါမှာ ချေးငွေများဖြင့် ဆောင်ရွက်သွားမည့်အစီအစဉ်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ယနေ့ကာလမှစ၍ အဲဒီ ၂၀၂၅-၂၀၂၆ ခုနှစ်အထိဆိုလို့ရှိရင် ချေးငွေများနှင့် ဆောင်ရွက်မယ့်ကျေးရွာပေါင်း ၁၆၁၂၇ အထိတိုးတက်အောင် လျာထားပြီးတော့ ပြည်ထောင်စုဘတ်ဂျက်ရယ်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ရဲ့ဘတ်ဂျက်ရယ် စုပေါင်းလိုက်ရင် ကျေးရွာပေါင်း ၂၄၀၀၀ ကျော် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ထပ်မံရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိတာဖြစ်ပါတယ်။ ဒီအတွက် တစ်နှစ်လျှင် ပျမ်းမျှရွာပေါင်း ၄၀၀၀ ခန့် တိုးတက်သွားမယ့်အခြေအနေလည်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ယနေ့ဆွေးနွေးသွားတဲ့အချက်တွေမှာပါရှိသလို နယ်မြေဒေသမခွဲခြားဘဲ ဆောင်ရွက်စေလိုတယ်ဆိုတဲ့ကိစ္စနှင့်ပတ်သက်ရင် ကျွန်တော်တို့အစိုးရအနေနဲ့ မြန်မာနိုင်ငံအတွင်းရှိတဲ့ မည်သည့်နေရာဒေသကိုမဆို နယ်မြေခွဲခြားမှုမရှိဘဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအတွက် ပြီးခဲ့တဲ့အပတ်ကဆိုရင်လည်း ရခိုင်ပြည်နယ် ပင်လယ်ထဲမှာပဲ တည်ရှိနေတဲ့ မာန်အောင်ကျွန်းကို မည်သို့မျှ မဟာဓာတ်အားလိုင်းစနစ်က လျှပ်စစ်ဓာတ်အားသွယ်တန်းရန် ဖြစ်နိုင်ခြေလုံးဝမရှိနိုင်တဲ့ နေရာအတွက်ကို ဆိုလာနှင့် လျှပ်စစ်ဓာတ်အားရရှိအောင် သွားရောက်ပြီး စတင်ဆောင်ရွက်ပေးလျက်ရှိသလို အဆိုပါမာန်အောင်ကျွန်းရဲ့အောက်ဘက်လေးမှာရှိနေတဲ့ ပင်လယ်ထဲက လှေငယ်တစ်စင်းလောက်လိုအရွယ်လေး ပေါ်ပေါက်နေတဲ့ ရဲကျွန်းတို့၊ တိုက်ကျွန်းတို့ဆိုတဲ့နေရာတွေမှာပါ လျှပ်စစ်ဓာတ်အားရရှိအောင် ကျွန်တော်တို့ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ကျေးရွာတွေ မီးလင်းရေးဆောင်ရွက်မယ်ဆိုတဲ့မူဝါဒကို ကျွန်တော်တို့ တိတိကျကျချမှတ်ပြီး ဆောင်ရွက်ထားတဲ့အတွက်ကြောင့် အစိုးရအနေနဲ့ ရှေးယခင်ကထက် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ထိုကဲ့သို့ကြိုးပမ်းဆောင်ရွက်နေတဲ့ရလဒ်များအဖြစ်နဲ့ တွေ့ရှိရမှာကို အကျယ်တဝင့်လေး ရှင်းလင်းတင်ပြလိုပါတယ်။ မဟာဓာတ်အားလိုင်းနဲ့ လျှပ်စစ်ဓာတ်အားပေးမှုကို မြန်မာနိုင်ငံမှာ ၁၉၆၀ ခုနှစ်ဝန်းကျင်ကမှ စတင်ဆောင်ရွက်တဲ့အတွက်ကြောင့် မဟာဓာတ်အားလိုင်းစနစ်ကနေ လျှပ်စစ်သုံးစွဲခွင့်ရရှိတဲ့အိမ်ထောင်စုဟာ ၁၉၆၀ ခုနှစ်မှာ သုညရာခိုင်နှုန်းကစတင်တယ်လို့ စဉ်းစားခဲ့မယ်ဆို

ရင် ၂၀၁၆ ခုနှစ် မတ်လအထိမှာ တစ်နိုင်ငံလုံး မဟာဓာတ်အားလိုင်းစနစ်ကနေ လျှပ်စစ်ဓာတ်အား ရရှိမှုဟာ ၃၄ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက်ကြောင့် ပြန်တွက်ကြည့်လိုက်ရင် ၅၆ နှစ်တာကာလအတွင်း တိုးတက်မှုဟာ ၃၄ ရာခိုင်နှုန်းဖြစ်တဲ့အတွက် တစ်နှစ်ရဲ့ပျမ်းမျှတိုးတက်မှုနှုန်းဟာ ၀.၆ ရာခိုင်နှုန်းသာ တွေ့ရှိနိုင်ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလကို ရောက်ရှိသွားတဲ့အခါမှာ ၄၃ ရာခိုင်နှုန်းအထိ တိုးတက်ရောက်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် နှစ်နှစ်နဲ့ ခုနစ်လတာကာလအတွင်းမှာ တိုးတက်မှုဟာ နောက်ထပ် ၉ ရာခိုင်နှုန်း ဖြစ်တဲ့အတွက်ကြောင့် တစ်နှစ်ရဲ့ပျမ်းမျှတိုးတက်မှုနှုန်းဟာ ၃.၅ ရာခိုင်နှုန်း ဖြစ်တာ တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ယခင် ၅၆ နှစ်နဲ့ နှိုင်းယှဉ်လိုက်ရင် ယခုကာလရဲ့တိုးတက်မှုဟာ ယခင်ကာလတိုးတက်မှုထက် ၅.၈ ဆ အရှိန်နဲ့တိုးတက်တယ်ဆိုတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဆိုပါကဲ့သို့တိုးတက်လာတာဟာ အဓိကအားဖြင့် ကျေးရွာအမြောက်အမြားထံကို လျှပ်စစ်ဓာတ်အား ရောက်ရှိသွားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ ဝန်ကြီးဌာနရဲ့မျှော်မှန်းချက်ဟာ ၂၀၂၀ ခုနှစ်မှာ ဓာတ်အားစနစ်ကွန်ရက်က ဓာတ်အားသုံးစွဲခွင့်ရရှိတဲ့ရာခိုင်နှုန်း ၅၅ ရာခိုင်နှုန်းအထိရောက်ရှိသွား အောင် ကြိုးစားဆောင်ရွက်နေမှာဖြစ်တဲ့အတွက်ကြောင့် မူဝါဒများ တိတိကျကျဆောင်ရွက်လျက်ရှိပါ တယ်လို့ ရှင်းလင်းတင်ပြလိုတာ ဖြစ်ပါတယ်။ မီးလင်းပြီး ကျေးရွာများက မီးလင်းရန်ကြိုးစား ဆောင်ရွက်နေတဲ့ကျေးရွာများအပေါ်မှာ ငွေကြေးတောင်းခံမှုများကြောင့် တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရန်ကိစ္စအပေါ်မှာ ကြီးမားတဲ့အဟန့်အတားဖြစ်ပေါ်နိုင်ခြင်း၊ လူသားချင်းစာနာထောက်ထားတတ်တဲ့မြန်မာ့ယဉ်ကျေးမှု ကွယ်ပျောက်သွားနိုင်ခြင်း၊ ဥပဒေအပမှ ပြုမူဆောင်ရွက်ခြင်းများ မဖြစ်ပေါ်စေဖို့ ရည်ရွယ်ပြီးတော့မှ အဆင်ပြေညီညွတ်မျှတတဲ့မူဝါဒကို ချမှတ် ဆောင်ရွက်ထားပြီးဖြစ်ခြင်းနှင့် နိုင်ငံအစိုးရက နိုင်ငံအနှံ့မှာရှိတဲ့ ကျေးရွာတွေ နှစ်တိုကာလအတွင်း ရွာအရေအတွက်ပေါင်းများစွာကို ကျယ်ကျယ်ပြန့်ပြန့်လျှပ်စစ်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသောကြောင့် ဤအဆိုအား လွှတ်တော်က မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အခုလို ကျွန်တော့်ရဲ့ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ လူမှုဘဝစီးပွားအောင်မြင်ဖို့အတွက်ကို တင်သွင်းတဲ့ ဒီအဆိုကို ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ၁၇ ဦးက မိမိတို့ကျင်လည်ခဲ့တဲ့ နေရာဒေသ၊ တတ်သိနားလည်တဲ့ ပညာဉာဏ်နဲ့ ရှုမြင်နိုင်စွမ်းအားရှိသလောက် အမြင်အမျိုးမျိုးနဲ့ ဆွေးနွေးပေးတဲ့ အတွက် အားလုံးကိုကျေးဇူးတင်ကြောင်း ဦးစွာပြောလိုပါတယ်။ ခုနောက်ဆုံး ဒုတိယဝန်ကြီးရှင်းလင်း တင်ပြချက်ကိုလည်း ကျွန်တော်လက်ခံကြိုဆိုပါတယ်။ တကယ်တော့ နိုင်ငံတော်ရဲ့လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တကယ့်ပကတိအခြေအနေနဲ့ ဖြတ်သန်းလာတဲ့သမိုင်းကြောင်းကို အခုရှင်းလင်း သွားတဲ့ ဒုတိယဝန်ကြီးအသိဆုံးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ရဲ့အဆိုဟာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်း၊ ဘာကိုမှရည်ရွယ်ပြီးတော့ တင်ပြထားတဲ့အဆိုမဟုတ်ပါဘူး။ အဓိကက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။ ဒီဟာကိုလည်းပဲ အစိုးရတိုင်းလုပ်တယ်။ ကျွန်တော်တို့ပြည်သူတွေကလည်း

အင်မတန်မှပဲ မျှော်လင့်ချက်ရှိတယ်။ ဒီဖွံ့ဖြိုးတိုးတက်မှုက လျှပ်စစ်ကဏ္ဍဟာ အရေးကြီးတယ်။ ဒါကြောင့်မို့လို့ ဒီလျှပ်စစ်ကဏ္ဍမှာ အခုချမှတ်ထားတဲ့ အမျိုးသားလျှပ်စစ်စွမ်းအားစီမံကိန်း(NEP) ဆိုတာ ၂၀၁၃ ခုနှစ်ကတည်းက စတာပါ။ ၂၀၁၅ ခုနှစ်မှာစာချုပ်ချုပ်တာပါ။ အဲဒီတော့ ကျွန်တော့် Power Point မှာရှင်းပြပါတယ်။ အဲဒီလောက်အချိန်ကြာပြီးတော့ ခုထက်ထိ On going ပဲရှိသေးတယ်။ Result မထွက်သေးဘူး။ ဒီအခြေအနေ ဒီလောက်ကြာနေတဲ့အနေအထားဖြစ်တဲ့အတွက် ကျေးလက်မီးလင်းရေးဟာလည်းပဲ လိုအပ်နေသေးတယ်။ ကျေးရွာပေါင်း ၈၂၀၆၅ ရွာ ကျေးလက်မီးလင်းရေးလုပ်ထားတယ်။ ဒီရွာတွေမှာလည်း ပြဿနာအရပ်ရပ်ရှိနေတယ်။ ဒါတွေကို ကျွန်တော်က မြင်သာထင်သာအောင် ရှင်းပြတာပါ။ အဲဒီလိုပြဿနာတွေရှိနေတဲ့အတွက်လည်း ဘာဖြစ်လာသလဲ ဆိုတော့ ဒေသမတည်ငြိမ်၊ မအေးချမ်းမှုတွေနဲ့၊ နောက် ဥပဒေအလွဲသုံးစားမှုတွေ၊ နိုင်ငံရေးအမြတ်ထုတ်မှုတွေဖြစ်နေတယ်။ ဒါတွေမဖြစ်အောင်အတွက် အစိုးရကမှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ ဒါလေးတွေထိန်းကျောင်းပေးဖို့ တင်ပြတာဖြစ်ပါတယ်။

နောက် ဝန်ကြီးရှင်းပြသွားတဲ့ လျှပ်စစ်ဥပဒေ။ ကျွန်တော်ကတော့ နည်းဥပဒေကို အမှန်တကယ်ပြောရင် လှန်မကြည့်မိပါဘူး။ ဥပဒေထဲကအတိုင်းပဲ ပြောတာဖြစ်ပါတယ်။ ဥပဒေထဲမှာတော့ ပုဒ်မ ၅၂ မှာ ဒီလိုဖော်ပြထားတယ်။ သို့သော်လည်း အဲဒီဥပဒေအပိုင်းမှာ ခွင့်ပြုမိန့်ရရှိသူဆိုတာကို အကြိမ်ကြိမ်သုံးထားပြီးတော့ ခွင့်ပြုမိန့်ရရှိသူဆိုတိုင်း Definition တော့ မပါဘူးဖြစ်ပါတယ်။ တကယ်လို့များဖြစ်နိုင်ရင် နည်းနည်းအကြံပြုလိုတာကတော့ ဥပဒေမှာလည်းပဲ ခွင့်ပြုသူဆိုတာလေးကို၊ ဒါခွင့်ပြုချက်ရရှိသူဆိုတာလေးကို Definition လေးထည့်ရင်တော့ ပိုသင့်တော်မယ်လို့ တင်ပြလိုပါတယ်။ နောက် ဝန်ခံကတိအပိုဒ် ၉ ကွဲလွဲချက်ကတော့ ကျွန်တော်လည်း ကျွန်တော့်ဒေသရဲ့လျှပ်စစ်ဌာနကတောင်းခံတာပါ။ ဒါ့အပြင် ဟောဒီလွှတ်တော်မှဖွဲ့ထားတဲ့ Data Collection ကနေ ကျွန်တော် တောင်းပါတယ်။ ဒီအပေါ်မှာရရှိတဲ့ အပိုဒ် ၉ ပဲဖြစ်ပါတယ်။ ဘယ်လိုကွဲလွဲလည်းဆိုတာတော့ ကျွန်တော်လည်း ရှင်းပြဖို့အခြေအနေမရှိပါဘူး။ နောက် ဒီမှာ ကျွန်တော်ရဲ့တင်ပြချက်ထဲမှာ နှစ်ပိုင်းရှိပါတယ်။ ဒီဥပဒေအရ ကျွန်တော် ငြင်းချက်လည်းမထုတ်ချင်ပါဘူး။ တကယ်ဖြစ်နေတဲ့ ပကတိအခြေအနေကိုပဲရှင်းကြဖို့ပါပဲ။ နောက် ကျေးလက်မီးလင်းရေးဟာ ဘာပဲပြောနေနေ NEP ပဲလုပ်လုပ်၊ ဘယ်စီမံချက်၊ ဘယ် Project ပဲလုပ်လုပ် ၄၀၀ လိုင်းဟာ  ကျွန်တော်တို့က ကျေးရွာကတည်ဆောက်ရတာဖြစ်ပါတယ်။ အဲဒီတော့ ကျေးလက်မီးလင်းရေးကော်မတီဆိုတာ အဲဒီ ၄၀၀ လိုင်းအတွက်တော့ လိုအပ်ပါတယ်။ နောက်တစ်ခုက ၃၃ လိုင်း၊ ၁၁ လိုင်းရှိပါတယ်။ မြို့နယ်အများအပြား ကိုယ့်အားကိုယ်ကိုးလုပ်နေတာတွေရှိပါတယ်။ အဲဒီတော့ ဒီလိုင်းတွေကတော့ နိုင်ငံပိုင်လိုင်းလုပ်သင့်တယ်လို့ ကျွန်တော်ထောက်ပြလိုက်ပါတယ်။ သို့သော်လည်းပဲ တကယ်လိုချင်တဲ့သူတွေက လုပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝန်ကြီးရဲ့တင်ပြချက်မှာကိုက တစ်ချိန်က ကျွန်တော်မှတ်သားမိတာက နိုင်ငံတော်ရဲ့ ဒီလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအပိုင်းမှာ ၅၀၀ တို့၊ ၂၃၀ တို့၊ ၁၃၂ တို့၊ ဒီမဟာဓာတ်အားလိုင်းတွေ၊ ဓာတ်အားရုံတွေ၊ ဓာတ်အားဖြန့်ဖြူးမှုတွေ ဒါတွေကိုနှစ်စဉ်တိုးချဲ့နေရတယ်။ ဒီအတွက် ဘဏ္ဍာငွေခွဲဝေရရှိမှုအရ ဆောင်ရွက်ရတာဖြစ်တယ်။ ဒါကြောင့် ကျေးလက်ဒေသတွေ လိုအပ်တဲ့ 11 KV တို့၊ ၄၀၀ တို့ ဒီဓာတ်အားလိုင်းနဲ့ခွဲရုံတည်ဆောက်မှုကိုတော့ ဌာနက အမြောက်အမြားဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။ အကန့်အသတ်

နဲ့သာ ဆောင်ရွက်ပေးရတယ်လို့ ဒီလိုတင်ပြရှင်းလင်းထားတာတွေ အကြိမ်ကြိမ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ပဲ ဒီပြဿနာတွေကို ဘယ်လို ရှင်းကြမလဲဆိုတဲ့အဆိုပဲ ဖြစ်ပါတယ်။ ဒီပေါ်မှာ အားလုံး ကျွန်တော်တို့ကနားလည်ပေးဖို့ပြောလို ပါတယ်။ နောက် NEP နဲ့ကျေးလက်မီးလင်းရေးက တခြားစီပဲဆိုတာ ခုနကနောက်ဆုံးဆွေးနွေးသွားတဲ့ ပုဂ္ဂိုလ်ရဲ့ဆွေးနွေးချက်ကို နားထောင်ရင် သိပါလိမ့်မယ်။ အဲဒီတော့ ကျေးလက်မီးလင်းရေးဟာ NEP နဲ့တခြားစီမဟုတ်ပါဘူး။ ဆက်နွှယ်နေတဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီထဲမှာလည်းပဲ ပုဂ္ဂိုလ်ရေးအရ ကျွန်တော်တော့ မကန့်ကွက်တော့ပါဘူး။ ကျွန်တော် ဒီကျေးလက်မီးလင်းရေးကော်မတီ တွေ လုပ်ပိုင်ခွင့်ရအောင် ဒီအဆိုတင်တာမဟုတ်ဘူးလို့ ကျွန်တော် ရဲရဲတင်းတင်းပြောလိုပါတယ်။ ဒါကို ကျွန်တော့်ကို ဒီလိုမျိုးပြောတဲ့ ပြောဆိုချက်မျိုးကိုတော့ ကန့်ကွက်ပါတယ်။ အဲဒီတော့ ဒီဟာက တိုင်းပြည်မှာ တကယ်ဖြစ်နေတဲ့အခြေအနေကို သိအောင်လို့ အစိုးရကို တိုက်တွန်းစေချင်လို့ ကျွန်တော် လွှတ်တော်မှာ အဆိုတင်သွင်းတာပါ။ အစိုးရမဟုတ်ပေမဲ့လည်း အစိုးရဘက်က ပြောနေတဲ့လူတွေ လည်းရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဆိုတာ ဥပဒေပြုတဲ့အဖွဲ့အစည်းပါ။ ဒါကြောင့်မို့လို့ ဒါကို ကျွန်တော်တို့က နားလည်ပေးဖို့ တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက် ရေးအတွက် ကျေးလက်ဒေသလူမှုဘဝဖွံ့ဖြိုးတိုးတက်အောင် လျှပ်စစ်မီးရရှိရေးအတွက် ကျေးလက် မီးလင်းရေးလုပ်ငန်းတွေ ညီညွတ်မျှတပြီး တည်ငြိမ်အေးချမ်းစွာ ပိုမိုဖြစ်ပေါ်နိုင်အောင်ဥပဒေနှင့် မူဝါဒ ကြားထဲမှာ အစိုးရနှင့်အတူ ဝိုင်းဝန်းကူနေတဲ့ ကျေးလက်မီးလင်းရေးကော်မတီများရဲ့ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို အားလုံးသုံးသပ်ပြီးတော့ဥပဒေ၊ မူဝါဒတွေကို စိစစ်ချမှတ်ပေးနိုင်ဖို့ လိုအပ်တဲ့ အတွက် ကျွန်တော့်ရဲ့အဆိုကို အတည်ပြုပေးပါလို့ အလေးအနက်ထားပြီးတော့ လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသောင်းအေး၊ ပျော်ဘွယ်မဲဆန္ဒနယ် က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၇ ဦးက ဆွေးနွေးပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဆိုရှင်ရဲ့ သဘောကွဲလွဲတဲ့အတွက် ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘော ထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အပေါ်မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဝန်ကြီးဌာနရဲ့ မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကိုကြေညာပါမယ်။ ထောက်ခံ ဆန္ဒမဲ ၁၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၀၈ မဲနဲ့ ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးသောင်းအေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၅း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ (၁၂.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Major Genl Aung Thu | U Maung Maung




Major Genl Aung Thu | U Aung Soe




Major Genl Aung Thu | U Oo Tun Maung




Major Genl Aung Thu | Daw Nan Moe




Major Genl Aung Thu | U Sai Maung Pwint




Major Genl Aung Thu | Daw Aye Mya Mya Myo

pyithu.hluttaw.mm



Major Genl Aung Thu



Daw Nan Khan Aye

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်